ရင်ငြိမ်းစာပေ



ပါရဂူဘွဲ့ရ နိုင်ငံရေးသမားတစ်ဦး

သို့မဟုတ်

# အဓိပတိ ဒေါက်တာဘမော်

ရဲသွေးထက်

Graphic Design:
COBAIN 0973052581

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်သူအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့် ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တည်ဆောက်ရေး။

# စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

# လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာရေးကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပါရဂူဘွဲ့ရ နိုင်ငံရေးသမားတစ်ဦး
# (သို့မဟုတ်)
# အမိပတိဒေါက်တာဘမော်

ရဲသွေးထက်
စုစည်းတင်ပြသည်။

| | | |
|---|---|---|
| ထုတ်ဝေခြင်း | – | ပထမအကြိမ် |
| | | ၂၀၁၃ ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | – | ၅၀၀ ကျပ် |
| တန်ဖိုး | – | ၅၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ဒေါ်ခင်ချိုချိုမြင့် |
| | | (ကောင်းဆုအော့ဖ်ဆက်) |
| | | အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊ |
| | | ၁၃ ရပ်ကွက်၊ ရန်ကင်း။ |
| ထုတ်ဝေသူ | – | ဦးလှနိုင် (မြတ်စာပေ) |
| | | အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ |
| | | ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | – | ရန်ငြိမ်းစာပေ |

# မာတိကာ


အခန်း(၁) ဒေါက်တာဘမော်၏နိုင်ငံရေးခြေလှမ်းအစ

အခန်း(၂) တွဲရေး၊ ခွဲရေးပြဿနာနှင့်ဒေါက်တာဘမော်

အခန်း(၃) ပညာရေးဝန်ကြီးဒေါက်တာဘမော်နှင့်
ကျောင်းသားသပိတ်

အခန်း(၄) ဒေါက်တာဘမော်နှင့်ဆင်းရဲသားဝါဒ

အခန်း(၅) ဒေါက်တာဘမော်နှင့် ဗြဟ္မာန့အုပ်ချုပ်ရေး

အခန်း(၆) ဒေါက်တာဘမော်၏နန်းရင်းဝန်ဘဝ

အခန်း(၇) ဒေါက်တာဘမော်နှင့် ဗမာ့ထွက်ရပ်ဂိုဏ်း

အခန်း(၈) ဂျပန်လက်ထက်ဒေါက်တာဘမော်အစိုးရ

အခန်း(၉) ဒေါက်တာဘမော်နှင့် တို့ဗမာဆင်းရဲသား
အစည်းအရုံး

အခန်း(၁၀) ဒေါက်တာဘမော်နှင့် မြန်မာလွတ်လပ်ရေး
အခန်း(၁၁) ဒေါက်တာဘမော်နှင့်လွတ်လပ်သော
မြန်မာနိုင်ငံ

## အခန်း(၁)
## ဒေါက်တာဘမော်၏နိုင်ငံရေးခြေလှမ်းအစ

ဒေါက်တာဘမော်ကို ၁၈၉၃ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်၊ ဗုဒ္ဓဟူးနေ့တွင် မအူပင်မြို့၌ အဖဦးကျေး (ဦးမောင်မောင်ကျေး)၊ အမိဒေါ်သိန်းတင်တို့မှ ဖွားမြင်ခဲ့ပြီး မွေးချင်းနှစ်ယောက်ရှိသည့်အနက် အငယ်ဖြစ်သည်။ အစ်ကိုကြီးမှာ နောင်တွင်ဥပဒေ ပါရဂူနှင့် အင်္ဂလိပ်–မြန်မာအဘိဓာန် (The University English- Myanmar Dictionary) ကျမ်းပြု ပညာရှင်တစ်ဦးအဖြစ် ထင်ရှားခဲ့သော ဒေါက်တာဘဟန် ဖြစ်သည်။

ဒေါက်တာဘမော်၏ဖခင်ဦးကျေးသည် မျိုးချစ်စိတ်ဓါတ်ပြင်းထန်သူတစ်ဦးဖြစ်ပြီး ဗြိတိသျှတို့ အထက်

မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးနောက် လူသူစုဆောင်း၍ အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့ရာ မအောင်မြင်ဘဲ လျင်မြန်စွာချေမှုန်းခံခဲ့ရသဖြင့် အဖမ်းခံရပြီး ဦးကျေးနှင့် သူ၏ဇနီးပိုင်ဆိုင်သော မြေယာများ၊ အဖိုးတန် ပစ္စည်းများကို ဗြိတိသျှအစိုးရက သိမ်းယူခဲ့သည်။ ထို့နောက် ဦးကျေးကို အင်္ဂလိပ်အစိုးရက ကြိုးမိန့်ပေးခဲ့သဖြင့် ဦးကျေး၏ ဆရာခရစ်ယာန်ဘုန်းတော်ကြီး ဒေါက်တာမှတ် (Dr. Mark) က မေတ္တာရပ်ခံသောကြောင့် ကြိုးမိန့်မှလွတ်မြောက်ခဲ့ရပြီး ယိုးဒယား (ထိုင်း)နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကာ အိမ်ထောင်သစ်ထူထောင်ခဲ့သည်။

ထို့ကြောင့် ဒေါက်တာဘမော်သည် ရန်ကုန်မြို့ရှိ စိန့်ပေါကျောင်း (St. Paul School) (ယခု အထက(၆) ဗိုလ်တထောင်)တွင် မိဘမဲ့ကလေးတစ်ယောက်သဖွယ် ကျောင်းအိပ်ကျောင်းစားနေထိုင်ခဲ့ရသည်။

ထိုအချိန်တွင် ဒေါက်တာဘမော်၏မိခင် ဒေါ်သိန်းတင်သည် သူမ၏အစ်မဖြစ်သူ၏ တိုက်တွန်းမှုဖြင့် ရိုမန်ကက်သလစ်ဘာသာဝင်အဖြစ် ကူးပြောင်းသွားခဲ့ပြီး သားဖြစ်သူ ဒေါက်တာ

ဘမော်ကိုလည်း ရိုမန်ကက်သလစ်ဘာသာဝင်အဖြစ် ကူး ပြောင်းစေခဲ့သည်။

ဒေါက်တာဘမော်သည် ပညာရေးကို တစိုက်မတ်မတ် ကြိုးစားလာခဲ့ရာ ၁၉၁၃ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ ဝိဇ္ဇာ (B.A) ဘွဲ့ရရှိခဲ့သည်။ ထိုအချိန်က ရန်ကုန်ကောလိပ်ကို တက္ကသိုလ်အဖြစ် မထားရှိသေးဘဲ ကာလကတ္တားတက္ကသိုလ် ၏ လက်အောက်ခံအဖြစ်သာ ထားရှိခဲ့သည်။ ကာလကတ္တား တက္ကသိုလ်မှ စာမေးပွဲများကျင်းပ၍ ဘွဲ့များပေးအပ်ခြင်းဖြစ် သည်။ ရန်ကုန်ကောလိပ်တွင် သင်ယူရန် ဘာသာတွဲများကို သီးသန့်သတ်မှတ်ထားသည်ဖြစ်ရာ ဒေါက်တာဘမော်သည် သင်္ချာဘာသာရပ်ကို ဘာသာရပ်တစ်ခုခုအဖြစ် သင်ယူခဲ့ရ သော်လည်း သင်္ချာဘာသာရပ်တွင် အားနည်းသောကြောင့် ၁၉၁၂ခုနှစ်၊ ဝိဇ္ဇာစာမေးပွဲတွင် ကျရှုံးခဲ့ရသည်။ ထို့အပြင် ၁၉၁၃ခုနှစ်သို့ရောက်သောအခါ သင်္ချာဘာသာရပ်တွင် အမှတ် နည်းခဲ့သောကြောင့် ဂုဏ်ထူးတန်း ဒုတိယ အဆင့်ဖြင့်သာ အောင်မြင်ခဲ့သည်။

သို့သော်ဒေါက်တာဘမော်၏ စာကြိုးစားမှု၊ ပညာရည်

ထူးချွန်မှုတို့ကြောင့် ၁၉၁၇ခုနှစ်၌ မဟာဝိဇ္ဇာ (M.A)ဘွဲ့ ရရှိခဲ့သည်။ ဒေါက်တာဘမော်သည် မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ရန်ကုန်မြို့ကော်မရှင်နာလမ်း (မင်းရဲကျော်စွာလမ်း)ရှိ အစိုးရ အထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

ထို့နောက်အစိုးရအထက်တန်းကျောင်းမှ ကျောင်းဆရာအဖြစ် နုတ်ထွက်ခဲ့ပြီး ၁၉၂၀ကျောင်းသား သပိတ်ကြီး မဖြစ်မီ ရန်ကုန်ကောလိပ် အင်္ဂလိပ်စာဌာနတွင် ပထမဆုံး မြန်မာလူမျိုး ကထိကအဖြစ် စတင်၍ တာဝန်ထမ်း ဆောင်ခွင့် ရရှိခဲ့လေသည်။ ထိုသို့ရန်ကုန်ကောလိပ်တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်နေချိန်အတွင်း ကျောင်းသားများအား အင်္ဂလိပ်စာပေပို့ချရာ၌ ထူးချွန် လေသည်။

ဒေါက်တာဘမော်သည် ပညာရေးနှင့် ပတ်သက်၍ ရည်မှန်းချက်မြင့်မားသူဖြစ်သည်။ ထို့ကြောင့်ပညာဆက်လက်သင်ယူရန်အတွက် ၁၉၂၁-ခုနှစ်၊ ဇန်နဝါရီလတွင် ကိန်းဘရစ်ယူနီဗာစီတီ (Cambridge University)သို့သွားရောက်ခဲ့ပြီး နှစ်နှစ်တာက်ရသော ဝိဇ္ဇာဘွဲ့သင်တန်းသို့ တက်ရောက်ခဲ့သည်။

သုတေသနပြုဝိဇ္ဇာဘွဲ့သင်တန်းတွင် ဒေါက်တာဘမော် ရွေးချယ်ခဲ့သည့် ကျမ်းခေါင်းစဉ်၏အမည်မှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရှိရှုန်ကမ္မဋ္ဌာန်းများ နှိုင်းယှဉ်လေ့လာသည့် 'အိစ်တန်းမစ်တီဇင်း' (Easten Mysticism) ဖြစ်သည်။ ၁၉၂၁-၂၃ခုနှစ်တွင် ကိန်းဘရစ်တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် ပညာသင်ကြားနေစဉ် ကျမ်းကြီးကြပ်သူအား ခွင့်မတောင်းဘဲ ကိန်းဘရစ်ယူနီဗာစီတီတွင် နောက်ဆုံးနှစ်နှစ်လယ်သို့ရောက်ချိန် ၁၉၂၂ခုနှစ် နွေရာသီအရောက်တွင် လန်ဒန်ဂရေးအင်း၌ သူ၏နောက်ဆုံးနှစ် ရှေ့နေစာမေးပွဲဖြေဆိုရန်အတွက် လန်ဒန်သို့သွားရောက်ခဲ့သည်။ ၁၉၂၃ခုနှစ်တွင် 'လန်ဒန်ဂရေးအင်း' (London Gray's Inn) မှ ဝတ်လုံဘွဲ့ရရှိခဲ့သည်။ ထိုအချိန်က ကိန်းဘရစ်တက္ကသိုလ်တွင် ဒေါက်တာဘမော်ပြုစုသည့်ကျမ်းမှာ ပြီးစီးသည့်အခြေအနေသို့ ရောက်နေပြီဖြစ်သော်လည်း ဝတ်လုံစာရေးပွဲ သွားရောက်ဖြေဆိုမှုနှင့် ပတ်သက်၍ ကျမ်းကြီးကြပ်သူနှင့် ပြဿနာဖြစ်ကာ ပါရဂူဘွဲ့ယူကျမ်းကို ကိန်းဘရစ်တက္ကသိုလ်သို့ မတင်တော့ဘဲ ပြင်သစ်နိုင်ငံ ဘောဒိုးတက္ကသိုလ် (Bordeaux University) တင်ခဲ့သည်။

ထိုအချိန်က ဒေါက်တာဘမော်သည်ပြင်သစ်ဘာသာစကားကို အနည်းငယ်သာ တတ်ကျွမ်းသောကြောင့် လူတွေ့နှုတ်ဖြေ အတွက် များစွာအချိန်ကုန်ခဲ့ရသည်။ ၁၉၂၄ခုနှစ်တွင် ဒေါက်တာဘမော်သည် ဘောဒိုးတက္ကသိုလ်မှ (Ph.D) ပါရဂူဘွဲ့ ကို ရရှိခဲ့သည်။ ဤသို့ဖြင့်ပြင်သစ်နိုင်ငံမှ ပါရဂူဘွဲ့ရရှိပြီးနောက် ၁၉၂၄ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

ဒေါက်တာဘမော်သည် ဒေါက်တာဘွဲ့ရရှိပြီး မြန်မာ နိုင်ငံသို့ ပြန်လာချိန်တွင် 'ဗုဒ္ဓသာသနာပြုကျမ်း'ပြုစုရာမှ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာခဲ့သည်။ ထို့နောက် ၁၉၂၆ ဧပြီ ၅ ရက်တွင် ဗမာအမျိုးသမီး ဒေါ်ခင်မမနှင့် အိမ်ထောင်ပြုခဲ့ပြီး ဝတ်လုံတော်အဖြစ် ဆောင်ရွက်နေရာမှ ၁၉၃၀ပြည့်နှစ် ဖြစ်ပွားခဲ့သည့် တောင်သူလယ်သမား အရေး တော်ပုံကြီး ကြုံကြိုက်ခဲ့ရာ အရေးတော်ပုံအတွင်း တောင်သူ လယ်သမားခေါင်းဆောင်ကြီး ဆရာစံအဖမ်းခံရသောကြောင့် ဆရာစံဘက်မှာ ဝတ်လုံအဖြစ် ဆောင်ရွက်ရာမှ နိုင်ငံရေးလော ကသို့ ထင်ရှားလာခဲ့လေသည်။

# အခန်း(၂)
# တွဲရေး၊ ခွဲရေးပြဿနာနှင့်ဒေါက်တာဘမော်

ဤသို့ဒေါက်တာဘမော်သည် ဆရာစံ၏ ဝတ်လုံတော်အဖြစ် ဆောင်ရွက်ပြီးနောက် ၁၉၃၂ခုနှစ်တွင် မြန်မာနိုင်ငံသည် ခွဲရေး၊တွဲရေးပြဿနာ ပေါ်ပေါက်လာခဲ့သည်။

ထိုတွဲရေး၊ ခွဲရေးပြဿနာပေါ်ပေါက်လာခြင်းမှာ ဗြိတိသျှနန်းရင်းဝန် (ဝန်ကြီးချုပ်) မက္ကဒေါ်နယ် (Mac Donal) က မြန်မာပြည်သည် အိန္ဒိယနှင့် ခွဲလိုသလော သို့တည်းမဟုတ် တွဲ၍နေလိုသလောဆိုသည်ကို မဲဆန္ဒဖြင့် ဆုံးဖြတ်ရန် ရွေးကောက်ပွဲကျင်းပမည်ဟု ၁၉၃၂ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မျက်နှာစုံညီအစည်းအဝေးအပြီး ပြောကြားခဲ့သည်။ ထို ပြောကြားချက်အတိုင်း မြန်မာနိုင်ငံတွင် ခွဲရေးတွဲရေး ရွေးကောက်ပွဲကို ဂျီစီဘီအေ အသင်းချုပ်များက

တွဲရေးဖက်မှ ဝင်ရောက်အရွေးခံရန် ထကြွလှုပ်ရှားစပြု လာကြသည်။

ထို့နောက်ဝတ်လုံဒေါက်တာဘဟန်၊ ဝတ်လုံဒေါက်တာဘမော်၊ ဝတ်လုံဦးကျော်မြင့်၊ ဝတ်လုံဦးကျော်ရင်၊ အမိန့်တော်ရ ရမ်းဗြဲဦးမောင်မောင်၊ ဒီးဒုတ်ဦးဘချို၊ အယ်ဒီတာနှင့် စာရေးဆရာ ဦးဘခိုင်တို့ပါသော မခွဲခွာရေး (တွဲရေး)အသင်း တစ်ခုကို ဖွဲ့စည်း၍ မြန်မာပြည်ကို အိန္ဒိယပြည်မှ မခွဲခွာသင့်ကြောင်း ဟောပြောကြ၏။ ထိုအဖွဲ့ကို 'မော်၊မြင့်၊ဗြဲ'ပါတီဟု ခေါ်ကြသည်။

၁၉၃၂ ဖေဖော်ဝါရီ ၂၄ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်တွင် တွဲရေးခေါင်းဆောင် ဒေါက်တာဘမော်၊ ဒေါက်တာဘဟန်နှင့် ခွဲရေးခေါင်းဆောင်ဦးဘဘေ၊ ဦးဘစီတို့ယှဉ်ပြိုင်ဟောပြောသော ခွဲရေးတွဲရေး ဟောပြောချက်များမှာ နှစ်ဖက်စလုံးပင် ယုတ္တိသာဓက အကိုးအကားများ ပါဝင်ကြသဖြင့် အလွန်ပင်ထင်ရှားသော ဟောပြောပွဲတစ်ခုဖြစ်သည်။

တွဲရေးအဖွဲ့ကို အုပ်ချုပ်ဦးစီးရန် ဥက္ကဋ္ဌရွေးသော အခါ ဝတ်လုံတော်ရ ဦးကျော်မြင့်အား သံဃာတော်ဆရာတော်

များက အကြံပြုကြသည်။ သို့ရာတွင် ဦးကျော်မြင့်က ဒေါက်တာဘမော်သည် သူ၏ဆရာလည်းဖြစ်၊ ပညာအရည်အချင်းလည်း ပြည့်စုံသောလူရိုးတစ်ယောက်ဖြစ်သဖြင့် မိမိထက်သာ၍ သင့်တော်သောကြောင့် ဒေါက်တာဘမော်အား ရွေးချယ်ရန်တိုက်တွန်းလေသည်။ ထိုသို့ဦးကျော်မြင့်၏ တိုက်တွန်းချက်အရ ဒေါက်တာဘမော်အား တွဲရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြရာ ဦးချစ်လှိုင်ကမကျေနပ်၍ တွဲရေးအဖွဲ့မှ နုတ်ထွက်လိုက်သည်။ ဤသို့ဖြင့် အိန္ဒိယနှင့် မြန်မာပြည်သည် အုပ်ချုပ်ရေးအရ ခွဲမည်လော တွဲမည်လော ဟူသည့် ပြဿနာမှာ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လာခဲ့သည်။

တွဲရေးခွဲရေး နှစ်ဖက်စလုံးမှ တိုင်းပြည်သို့ ရှင်းပြသော စာရွက်စာတမ်းများကို ထုတ်ဝေကြ၏။ ခွဲရေးဘက်မှ ခွဲပြီးလျှင် ရရှိမည့် ဌာနအုပ်ချုပ်ရေးသည် လုံးဝတာဝန်ခံအုပ်ချုပ်ရေး မဟုတ်သည့်တိုင်အောင် တိုင်းပြည်၏ကောင်းရာ ကောင်းကြောင်းကို လုပ်နိုင်သောဌာနများ ပါဝင်ကြောင်းနှင့် လွှဲအပ်အုပ်ချုပ်ရမည့်ဌာနများကိုပါ အသေးစိတ်ဖော်ပြ၍ စာတမ်းများ

ကို ထုတ်ဝေစည်းရုံးကြလေသည်။

တွဲရေးဘက်မှ အာလံဦးလာက စာတမ်း၁၄မျိုးနှင့် တွဲရေးခွဲရေးစာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ပါဝင်သောအချက်များမှာ

(၁) ခွဲလျှင် အိန္ဒိယသို့ကြွေးကုဋေ၆ဝဆပ်ရမည်။

(၂) ခွဲလျှင်မြန်မာပြည်ကာကွယ်ရေးအတွက် တစ်နှစ်လျှင်ငွေကျပ်သုံးကုဋေမှ ကိုးကုဋေအထိ စစ်စရိတ်ကုန်ကျခံရမည်။

(၃) ခွဲလျှင်ဘုရင်ခံသဘောကျကျေနပ်သည့်အခါ၌သာ ရာထူးလက်ရှိဖြစ်ရမည့်ဝန်ကြီး၆ယောက်မှ ၈ယောက်အထိ အလိုတော်ရိတွေနှင့် အုပ်ချုပ်ခြင်းခံရမည်။

(၄) ခွဲလျှင်အိန္ဒိယနှင့် မြန်မာပြည်ကူးသန်းရောင်းဝယ်ရေးတွင် ထိခိုက်မည်။ အစိုးရအကောက်ဌာန၌ အခွန်တိုး၍ အထည်အလိပ်အစားအစာတို့ ဈေးတိုးမြှင့်လာမည်။ ငွေယူသူက အစိုးရ၊ နစ်နာသူကဆင်းရဲသားဖြစ်သည်။

(၅) ခွဲလျှင်ဒိုင်အာခီအကြီးစားကိုရ၍ နှစ်အကန့်အသတ်မရှိ အုပ်ချုပ်ခြင်းခံရမည်။ ခွဲလိုသူတို့က ဘယ်မျှသာအုပ်ချုပ်မည်ဟု ပြနိုင်လျှင်ပြပါ။

(၆) ခွဲလျှင်မြန်မာပြည်၏သေရေးရှင်ရေးဖြစ်သော အစိုးရဘဏ္ဍာရေးကို ဘုရင်ခံနှင့် ဘိလပ်မှ ခန့်သော ဘဏ္ဍာရေး အတိုင်ပင်ခံဝန်ကြီးက လုံးဝစီမံမည်။ ဘဏ္ဍာရေးကို တိုင်းပြည်ကတင်သော အမတ်များက မစီမံရ။ ဘဏ္ဍာရေးကို မစီမံရလျှင် အချည်းနှီးပင်ဖြစ်သည်။

(၇) ခွဲလျှင်သတ္တုနှင့်အဖိုးတန်မြေတွင်းပစ္စည်းများထွက်သော ရခိုင်တောင်ရိုးနယ်၊ ချင်းတောင်ရိုးနယ်၊ ပခုက္ကူတောင်ရိုးနယ်၊ ဆွမ်ပရာဘုံနယ်၊ သောင်သွပ်နှင့် ဆင်းကလိုင်းခန္တီးနယ်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကသာတောင်ရိုးနယ်၊ ခမ္ပတီးနယ်၊ အထက်ချင်းတွင်းလောင်းချန်းနှင့် ရှမ်းပြည်နယ်တစ်ပြည်လုံးကို ချန်ထားခဲ့ရမည်။ ထိုနယ်များကိုအင်္ဂလိပ်ဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်မည်။

စသည်တို့ဖြစ်သည်။

တို့ဗမာအစည်းအရုံးသခင်ပါတီကမူ ---"တွဲရေးခွဲရေးပြဿနာသည် လွတ်လပ်ရေးစိတ်ဓာတ် တက်ကြွသောလူထုအား အင်္ဂလိပ်က ပရိယာယ်ညွတ်ကွင်းကို ဆင်ပေးလိုက်ခြင်းဖြစ်သည်။ ဒိုင်အာခီစနစ်အရ ကျင်းပပေးရမည့် ရွေးကောက်ပွဲကို တွဲရေးခွဲရေးလုပ်ပြီး အိမ်ကြက်ချင်း အိုးမဲသုတ်ပေး၍ ခွပ်စေခြင်းသာဖြစ်သည်။ အလွန်နွေးကွေးသော လမ်းလိုမ့်စက်ကြီးများကို မည်သူပင်တက်၍ မောင်းစေကာမူ လွတ်လပ်ရေးစခန်းသို့ မြန်ဆန်စွာသွားစေမည်မဟုတ်"ဟု တွဲရေးခွဲရေးနှစ်ဖက် စလုံးကိုပင် အပြစ်တင်၍ဝေဖန်ပြောဟောခဲ့လေသည်။

တွဲရေးခွဲရေး ရွေးကောက်ပွဲ မကျင်းပမီ နှစ်လသုံးလအတွင်းကပင် တွဲရေးခွဲရေးခေါင်းဆောင်များသည် အမြို့မြို့အရွာရွာသို့သွားကာ ဟောပြောကြသည်။

ထို့နောက် ၁၉၃၂ခုနှစ်၊ ဇူလိုင်လ၁၂ရက်နေ့တွင် တွဲရေးသမားများ၏ ပြည်လုံးကျွတ်အထူးကွန်ဖရင့်ကို ကျင်းပကြရာ ဒေါက်တာ ဘမော်၏ မခွဲခွာရေးအဖွဲ့၊ ဦးချစ်လှိုင် ဂျီစီဘီအေ၊ ဦးစိုးသိမ်း ဂျီစီဘီအေတို့ တက်ရောက်ကြသည်။

ထိုအစည်းအဝေးဆုံး ဖြတ်ချက်များထဲတွင် တွဲရေးသမားများအနေဖြင့် လုံးဝလွတ် လပ်ခွင့်မရသေးသမျှ ကာလပတ်လုံး မြန်မာပြည်အား အိန္ဒိယ ပြည်မှခွဲခွာသည့် စီမံချက်ကို ကန့်ကွက်ကြောင်း၊ အိန္ဒိယနှင့် ချွင်းချက်မရှိ အမြဲတွဲထားခြင်းကိုလည်း ကန့်ကွက်ကြောင်း၊ မြန်မာနိုင်ငံအတွက် မြန်မာလူမျိုးများ လက်ခံနိုင်သော အုပ်ချုပ်ရေးကို ပေးရမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်များ ချခဲ့ကြသည်။

ဤသို့ဖြင့် ဒိုင်အာခီအုပ်ချုပ်ရေးသက်တမ်းတွင် စတုတ္ထအကြိမ်မြောက်ရွေးကောက်ပွဲသည် ခွဲရေးတွဲရေး ရွေးကောက်ပွဲဖြစ်လာသည်။ မဲပေးနိုင်သူ မဲဆန္ဒရှင်ဦးရေ၏ ၄၀ရာခိုင်နှုန်း မဲပေးကြသည်။ ရွေးကောက်ပွဲတွင် တွဲရေးသမားများသည် မဲပေါင်း ၄၁၅,၀၀၀ဖြင့် ကောင်စီတွင် ၄၂ကျော်ရသည်။ ခွဲရေးသမားများသည် မဲပေါင်း ၂၅၀,၀၀၀ဖြင့် ကောင်စီတွင် ၂၉နေရာသာရသည်။ ရွေးကောက်ပွဲပြီး၍ ရွေးကောက်ခံရသော အမတ်တို့၏အမည်များကို ကြေညာသောအခါ တွဲရေးအမတ်တို့က များနေကြောင်းသိရသဖြင့် ခွဲရေးသမားတို့ အထူးအံ့သြသွားကြလေသည်။ ထိုအရာကား ဒေါက်တာဘမော်၏

မြန်မာနိုင်ငံရေးလောက၌ ပထမဆုံးအကြိမ် အောင်မြင်မှုဖြစ်သည်။

ဤသို့ဗြိတိသျှအစိုးရ၏ သဘောဆန္ဒအတိုင်း တွဲရေးခွဲရေး ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ရာ တွဲရေးဘက်မှ သိသိသာသာအနိုင်ရခဲ့သည်။ သို့သော်ဗြိတိသျှ အစိုးရသည် ထပ်မံလှည့်စားသည့်အနေဖြင့် ပါလီမန်တွင် တွဲရေးခွဲရေး ခေါင်းဆောင်များအား စကားအခြေအတင် ပြောစေပြန်သည်။ ထိုအခါ ပါလီမန်၌ ခွဲရေးအနိုင်ရသွားလေသည်။

ထိုသို့ပါလီမန်၌ ခွဲရေးအနိုင်ရသွားပြီးနောက် ခွဲရေးတွဲရေးပြဿနာကို ဖြေရှင်းရန် အင်္ဂလန်ရှိ ဗြိတိသျှအစိုးရသို့ တာဝန်ပေးခဲ့ရာ ဗြိတိသျှအစိုးရက နောက်ဆုံးမြန်မာနိုင်ငံအား အိန္ဒိယမှခွဲထုတ်ရန် မူလအကြံရှိသည့်အတိုင်း ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၃၅ခုနှစ်၊ မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေပေါ်အပြီး မြန်မာနိုင်ငံကို အိန္ဒိယမှခွဲထုတ်ကာ ၉၁ဌာန အုပ်ချုပ်ရေးကို ပေးခဲ့သည်။

ထို့ကြောင့် မြန်မာပြည်ကို ပေးအပ်မည့် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ မည်သည့်အုပ်ချုပ်ရေးမျိုးဖြစ်သင့်သည်ကို

မျက်နှာစုံညီစည်းဝေးရန် စီစဉ်လေသည်။

ဘိလပ်မျက်နှာစုံညီအစည်းအဝေး၌ ဒေါက်တာဘမော် အပါအဝင် ကိုယ်စားလှယ်၁၂ဦး (ဦးဘဘေ၊ ဝတ်လုံဦးသိမ်းမောင်၊ ဂျီစီဘီအေဥက္ကဋ္ဌ ဝတ်လုံဦးချစ်လှိုင်၊ ဒေါက်တာဘမော်၊ ကုလားအမတ်မစ္စတာထရပ်ဂျီ (Mr. Tyabji)၊ ဆရာဝန်ဒေါ်စောစ၊ သရာရွှေဘ၊ ဝတ်လုံမစ္စတာကင်းပက်နက် (Mr. Campagnac)၊ ဦးကျော်ဒင်၊ ဝတ်လုံဦးရွှေသား၊ မစ္စတာဝတ်ဂျီ (Mr. Dawodji)၊ မစ္စတာဟားပါး (Mr.Harper) တို့သည် ၁၉၃၃ခုနှစ်၊နိုဝင်ဘာလ ၂၉မှစတင်၍ ဆွေးနွေးကြသည်။ ကိုယ်စားလှယ်များသည် မြန်မာပြည်အတွက်အုပ်ချုပ်မှုပြုပြင်ရေးတွင် လိုအပ်သောအာဏာနှင့် ဌာနဆိုင်ရာအုပ်ချုပ်ရေးစသည်များကို ဆွေးနွေးပြောဆိုကြပြီး မြန်မာပြည်သို့ပြန်လာခဲ့ကြသည်။

ဒေါက်တာဘမော်သည် ဘိလပ်မျက်နှာစုံညီအစည်းအဝေးမှ ပြန်လာပြီး ၁၉၃၃ခုနှစ် မတ်လ ၂ရက်နေ့တွင် ''မဟာသဓာ'' သတင်းစာနှင့် ''ဒီးဒုတ်'' ဂျာနယ်များတွင် ''သံဃသြဝါဒ ဒေါက်တာဘမော် ကြီးမှူးသော မြန်မာနိုင်ငံ

လုံးဆိုင်ရာ တွဲရေးအဖွဲ့ကြီး၏ ရှင်းလင်းထုတ်ပြန်ကြေညာ ချက်''ကို ထုတ်ပြန်ခဲ့သည်။

ယင်းနောက်ဒေါက်တာဘမော်သည် ၁၉၃၄ မတ်တွင် ကျင်းပခဲ့သော မြန်မာပြည်ပါ့လီမန်လွှတ်တော်အစည်းအဝေး တွင် ပညာရေးဝန်ကြီးဦးကျော်ဒင်အား အယုံအကြည်မရှိအဆို နှင့် ဖြုတ်ချပြီးလျှင် ၁၉၃၄ခုနှစ် ဧပြီလ ၉ရက်နေ့တွင် ပညာရေးဝန်ကြီးရာထူး ကို လက်ခံခဲ့သည်။

ခွဲရေးတွဲရေးကိစ္စများပြီးသွားပြီးနောက်ပိုင်း ဒေါက်တာ ဘမော်သည် ဘုန်းတော်ကြီးများနှင့် အထူးသင့်မြတ်ကာ နိုင်ငံရေးလောကတွင် ထင်ရှားလာခဲ့သည်။

သံဃသြဝါဒခံ မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအသင်း ချုပ်ကြီး၏ ၁၉ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၁၉၃၄ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုအစည်း အဝေး၌ ဒေါက်တာဘမော်က ''ကျွန်တော်သည် တိုင်းပြည် အတွက် အကျိုးရှိမည်ဆိုပါက ပညာရေးဝန်ကြီးရာထူးမှ နှောင့်နှေးခြင်း မရှိဘဲ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း'' ကတိ ပေးစကား ပြောကြားခဲ့သည်။

ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီးချုပ်ရာထူးကို လက်ခံပြီး မကြာမီတွင် မဂ်လွန်းဂျီစီဘီအေမှ 'မောရိယ' သတင်းစာကို စတင်ထုတ်ဝေခဲ့သည်။ အသင်းချုပ်၏တည်ရာ ဌာနကိုလည်း ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံနှင့် မျက်နှာချင်း ဆိုင်ဘားလမ်း (ယခုမဟာဗန္ဓုလပန်းခြံလမ်း)၊ တိုက်နံပါတ် ၁၂၀တွင် ဖွင့်လှစ်ဆောင်ရွက်သည်။ ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ဘုရင်ခံ နှင့်တွေ့ဆုံးပြီး နိုင်ငံရေးနှင့် ပတ်သက်၍ ထောင်ဒဏ်ကျခံနေရ သူတို့ကို လွတ်အောင်ဆောင်ရွက်ပေးခဲ့သည်။ တစ်နိုင်ငံလုံး ရှိ ကျောင်းများအတွက် တရားဝင်ကျောင်းပိတ်ရက် သတ်မှတ် ပေးခဲ့သည်။

ဤသို့ဖြင့် ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီး ရာထူးကို လက်ခံပြီးနောက်တွင် ဆင်းရဲသားပါတီကို ထူထောင် ခဲ့ကာ ပါတီ၏လုပ်ငန်းစဉ်တွင် ကျေးရွာပြုပြင်ရေး၊ အခွန်လျှော့ ရေး၊ ရွာသူကြီးကို ရွေးကောက်တင်မြှောက်ရေး၊ အမတော် ကြေးပေးရေး၊ မြေငှားခလျှော့ရေး၊ လယ်သမားများလက်လွတ် ဆုံးရှုံးခဲ့ရသော လယ်မြေများကို တစ်ဦးလျှင် လေးဧကအထိ

ပြန်လယ်ဝယ်ယူရေး၊ မသင်မနေရ အခမဲ့ပညာသင်ကြားရေး တို့ ပါဝင်သည်။ ထို့ပြင် လယ်သမားများ၏ အဓိကကျသော ပြဿနာဖြစ်နေသည့် လယ်ယာလုပ်သူများ လယ်ယာမြေ ပိုင်ဆိုင်ရေးကို ရည်ရွယ်ထားသည်။ ကျေးရွာအုပ်ချုပ်ရေးတွင် လည်း ကျေးရွာသူကျေးရွာသားများ သဘောကျရွေးကောက် တင်မြှောက်သော ဝ၄ဖြင့် အုပ်ချုပ်ရန် ကတိပေးခဲ့သည်။ ပညာရေးတွင် မသင်မနေရ မူလတန်းပညာရေးကို တီထွင်ခဲ့ သည်။ ကျေးရွာများမှ အခွန်ကောက်ခံပုံနည်းစနစ်ကို ပြုပြင်ရန် ဆောင်ရွက်မည့်အကြောင်း နိုင်ငံအနှံ့တွင် ကြေညာ ခဲ့သည်။ ပါတီ၏အဓိကရည်ရွယ်ချက်သည် လုံးဝလွတ်မြောက် ရေးဖြစ်ကြောင်း ကြေညာခဲ့သည်။

## အခန်း(၃)
## ပညာရေးဝန်ကြီးဒေါက်တာဘမော်နှင့် ကျောင်းသားသပိတ်

ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီးအဖြစ် ထမ်းရွက်နေချိန်အတွင်း ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်ပေါ်ပေါက်လာခဲ့သည်။ ဒုတိယကျောင်းသားသပိတ်ပေါ်ပေါက်ရခြင်းအကြောင်းရင်းမှာ ကျောင်းသားသမဂ္ဂအဖွဲ့ ဥက္ကဋ္ဌကိုနုသည် အမျိုးသားနေ့တွင် တက္ကသိုလ်အုပ်ချုပ်ပုံ မကောင်းကြောင်း ဟောပြောသဖြင့် ကျောင်းအုပ်ကြီး မစ္စတာ ဒီကျစလော့စ်(D.J Sloss) က ကိုနုအားကျောင်းမှထုတ်လိုက်သည့်အကြောင်းဖြစ်သည်။ ထို့ပြင်ကိုအောင်ဆန်း အယ်ဒီတာ

အဖြစ် ဆောင်ရွက်ခဲ့သော အိုးဝေမဂ္ဂဇင်း အတွဲ ၅၊ အမှတ်၁ (၁၉၃၆ ဇန်နဝါရီ)ထုတ်တွင် အင်္ဂလိပ်ကဏ္ဍပိုင်း၌ ပါဝင်သော Yamamin(ယမမင်း)၏ The Hell Hound At large (ငရဲခွေးကြီး လွတ်ပြေးနေသည်)သည် အယ်ဒီတာထံပေးစာကြောင့် ရန်ကုန် တက္ကသိုလ်ကျောင်းအုပ်ကြီး စကော့စ်ကပေးစာရေးသူအမည်ကို ဖော်ထုတ်ပေးရန် အယ်ဒီတာ ကိုအောင်ဆန်းအား တောင်းဆို လိုက်ရာ ကိုအောင်ဆန်းက အယ်ဒီတာကျင့်ဝတ်ဝတ္တရားအရ ကလောင်ရှင်အမည်ကို ဖွင့်ဟထုတ်ပြောဆိုရန် ငြင်းပယ်လိုက် သဖြင့် ကိုအောင်ဆန်းအား ကျောင်းမှထုတ်ပစ်ရန် တက္ကသိုလ် အာဏာပိုင်များက ကြံရွယ်နေကြောင်း သတင်းထွက်ပေါ်လာ သည်။

ဤကဲ့သို့ ကျောင်းသားများ ညီညွတ်စွာ သပိတ် မှောက်ခဲ့သော ကျောင်းသားသပိတ်ကြောင့် ပညာရေးဝန်ကြီး ဒေါက်တာဘမော် အခက်အခဲနှင့် ကြုံတွေ့ကာ တက္ကသိုလ် သိပ္ပံကိစ္စကို စုံစမ်းရန် ဆာမြဘူးကော်မတီ (Sir Mya Bu Comittee)ကို ဖွဲ့စည်း၍ စုံစမ်းစေသည်။ ထို့ပြင်ယင်းကော် မတီကို တက္ကသိုလ်ဥပဒေလို ပြင်ဆင်ရန်လည်း တာဝန်ပေး

ထားသည်။ ပညာရေးဝန်ကြီးဒေါက်တာဘမော်သည် သိပ္ပံကျောင်းသားခေါင်းဆောင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံ၍ ကျောင်းသားများ ကျေနပ်အောင် ဆောင်ရွက်ပေးခဲ့ရသည်။ စုံစမ်းရေးကော်မတီအစီရင်ခံစာထွက်ပြီးနောက် မကြာမီမှာပင် 'ဘာဆာ' (Bursor)ခေါ် တက္ကသိုလ်ငွေထိန်း ဦးထင်အပေါ် ကျောင်းသားများ၏ စွပ်စွဲချက်ကို စုံစမ်း၍ အလုပ်မှထုတ်ပစ်လိုက်သည်။ ထို့နောက်ကျောင်းသားများနှင့် ပညာရေးဝန်ကြီးဒေါက်တာဘမော်တို့ သဘောတူညီချက်ရရှိပြီးနောက် ဝန်ကြီး၏ ကတိဖြင့် ကျောင်းသားများကျောင်းပြန်တက်ကာ သပိတ်မှောက်ခြင်း ပြီးဆုံးသွားသည်။

# အခန်း(၄)
## ဒေါက်တာဘမော်နှင့်ဆင်းရဲသားဝါဒ

၁၉၃၆ခုနှစ် ဧပြီလတွင် ကျင်းပသောအကြိမ် ၂၀ မြောက် မဂ်လွန်ဂျီစီဘီအေ၏ နှစ်လည်ညီလာခံတွင် ဒေါက်တာဘမော်သည် ၉၁ဌာနအုပ်ချုပ်ရေးရွေးကောက်ပွဲ ဝင်ရောက်အရွေးခံရန် ဆုံးဖြတ်ခဲ့ပြီး ဆင်းရဲသားများအကျိုး ဖြစ်ထွန်းစေသော 'ဆင်းရဲသားဝါဒ'ကို ကွန်ဖရန့်အစည်းအ ဝေးသို့တင်၍ ညီလာခံက ဆွေးနွေးအတည်ပြုခဲ့သည်။ ဒေါက်တာဘမော် တင်ပြသော ဆင်းရဲသားဝါဒမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

**အုပ်ချုပ်ရေး**

၁။ မြန်မာလူမျိုးတို့ကြီးပွားတိုးတက်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းအလို့ငှာ မြန်မာလူမျိုး တိုင်းရင်းသားများ ကိုယ်တိုင်သဘောကျ စိမ့် အုပ်ချုပ်ရသော လုံးဝလွတ်လပ်ရေးရရန်။

၂။ မြန်မာပြည်နိုင်ငံရေးဆိုင်ရာ ရည်ရွယ်ချက်များ နှင့်၎င်း၊ စီးပွားရေးကြီးပွားရေးတို့နှင့်၎င်း၊ သဘောချင်းတူညီ၍ မြန်မာပြည်တွင်မှီတင်း နေထိုင်သော မြန်မာတိုင်းရင်းသားဟူသမျှ တို့၏ ထွန်းကားတိုးတက်ရေးကို ပြုပြင်ရန်။

၃။ ဤရည်ရွယ်ချက်များ ထမြောက်အောင်မြင် စေခြင်းအလို့ငှာ နိုင်ငံရေးနည်းလမ်းအမျိုး မျိုးတို့ကို အသုံးပြု၍လုပ်ကိုင်ရန်။

**ကျေးရွာပြုပြင်အုပ်ချုပ်ရေး**

(က) ကျေးရွာများကို အုပ်ချုပ်ရန် အပပယောဂ မပါဘဲ အရွယ်ရောက်သော ရွာသူရွာသားတို့

၏ မဲဆန္ဒဖြင့် ရွာသူကြီးနှင့်ကျေးရွာလူကြီး များကို ရွေးကောက်၍ ၎င်းတို့လက်တွင် အာဏာများကို လုံးဝအပ်နှင်းထားရမည်။

(ခ) ကျေးရွာအခွန်အထုတ်အမျိုးမျိုးကို အဆိုပါ ကျေးလက်တာဝန်ခံအုပ်ချုပ်ရေးအဖွဲ့က မိမိ တို့သဘောအတိုင်း ခန့်ခွဲကောက်ခံခွင့်ရှိရ မည်။

(ဂ) ၎င်းအခွန်များကို ပြည်နယ်ဆိုင်ရာ အခွန် တော်အဖြစ်မှ ရပ်စဲ၍ဆိုင်ရာကျေးလက်အခွန် တော်အဖြစ်ဖြင့် ကျေးလက်များတွင်သာ အုပ်ချုပ်ဝေဖန်သုံးစွဲနိုင်သော အခွင့်ရှိရမည်။

(ဃ) ကျေးလက်အုပ်ချုပ်ရေးဆိုင်ရာ ဌာနအရပ်ရပ် တို့ကို လုံးဝအုပ်ချုပ်နိုင်သော အခွင့်အာဏာ များကို ကျေးလက်တာဝန်ခံ အုပ်ချုပ်ရေးအ ဖွဲ့အား လုံးဝအပ်နှင်းထားရမည်။

(င) ကျေးရွာသားတို့၏လွတ်လပ်ခွင့်၊ တရားသ ဖြင့်နေထိုင်နိုင်ခြင်း၊ ကျေးရွာတို့၏လုံခြုံမှုနှင့်

ဘေားရန်တို့မှ ကာကွယ်ခြင်းများကို ပြည်ပိုင်
အစိုးရက ကြပ်မတ်စီမံပေးရမည်။

(ဓ) ကျေးလက်တာဝန်ခံ အုပ်ချုပ်ရေးအဖွဲ့၏ လိုလားချက်၊ နစ်နာချက်များကို ပြည်ပိုင်အစိုးရက ကြည့်ရှုထောက်မပေးရမည်။

(ဆ) မြန်မာပြည်တဝန်းလုံး၌ ကလေးသူငယ်တိုင်း မြန်မာစာမူလတန်းပညာကို အခမဲ့မသင်မနေရသော အခြေအနေဖြစ်လာစေခြင်းမှာ ပြည်ပိုင်အစိုးရက အကောင်းဆုံးသောနည်းလမ်းများဖြင့် ပြုပြင်တီထွင်ပေးရမည်။

(ဇ) အလယ်တန်းစာမေးပွဲအောင်မြင်ပြီးနောက် အသက်မွေးမှု၏ အထောက်အပံ့ဖြစ်သော ကိုယ်ပိုင်လုပ်ငန်းဆိုင်ရာ စက်မှုလက်မှုစိုက်ပျိုးရေးနှင့်ဆေးပညာများကို အထူးစီမံပေးရမည်။

(ဈ) အထက်တန်းနှင့်သိပ္ပံပညာရပ်များကို တစ်

နိုင်ငံလုံးတွင် အစိုးရက အခမဲ့သင်ကြားပေး
ရမည်။

**လယ်ယာမြေပြုပြင်ရေး**

(က) မြေပိုင်ရှင်များထံမှ တစ်ဆင့်ငှား၍ လယ်ယာလုပ်ကိုင်ရသူ သီးစားများအတွက်လည်းကောင်း၊ ကိုယ်ပိုင်လယ်ကိုကိုယ်တိုင်ထွန်ယက်လုပ်ကိုင်စားသောက်သူများအတွက်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရေး စိုက်ပျိုးလုပ်ကိုင်နိုင်ခွင့် ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသော ဥပဒေသစ်များကို တီထွင်စီစဉ်ရမည်။

(ခ) တိုင်းရင်းသားလယ်သမားများမှာ မြေယာလက်မဲ့ဖြစ်နေရာ ထိုသို့ဆုံးရှုံးခြင်းမဖြစ်စေရန် ကြွေးရှင်များက လယ်ယာမြေများကို မသိမ်းနိုင်စေရေးအတွက် ဥပဒေပြုလုပ်ရမည်။ မြေယာလက်မဲ့ ဆင်းရဲသားများအား မြေလက်ရှိ

ဖြစ်စေရန် အစိုးရက ဥပဒေပြဋ္ဌာန်း၍ စီမံဆောင်ရွက်ရမည်။

(ဂ) လယ်ယာစိုက်ပျိုးရေးကို ခေတ်မီတိုးတက်အောင် ပြုပြင်ရန်နှင့် ငွေဝင်များသော သီးနှံများစိုက်ပျိုးခြင်းကို အားပေးရန် အစိုးရက အမတော်ငွေများကို လုံလောက်အောင်ထုတ်ပေးရမည်။

(ဃ) လယ်ယာစိုက်ပျိုးခြင်းနှင့် စပ်ဆိုင်သောကြွေးမြီများပေါ့ပါးသက်သာခြင်းရှိအောင် စီမံဆောင်ရွက်ရန်နှင့် အဟုတ်အမှန်ကျပ်တည်းခဲယဉ်းသဖြင့် မိမိတို့ချေးယူသော ကြွေးမြီများကို ပေးသင့်သည့်နည်းနှင့် ပေးထိုက်သည့်အချိန်တွင် မပေးနိုင်ကြသော တောင်သူလယ်သမားများအား ထိုက်သင့်အားလျော်စွာ သက်သာခွင့်ရစေခြင်းငှာ လယ်ယာစိုက်ပျိုးခြင်းနှင့်စပ်ဆိုင်သောအံကြွေးများဟု အထူးကြည့်ရှုစီမံပေးရန် ဥပဒေများ ပြုလုပ်ပေးရ

မည်။

(င) လယ်ယာမြေအနည်းငယ်မျှသာ ပိုင်ဆိုင်၍ ထွန်ယက်လုပ်ကိုင်စားသောက်ကြရသော လယ်သမားတို့၏ မြေခွန်တော်များကို လျှော့နိုင်သမျှ လျှော့ပေါ့နည်းပါးစွာ ကောက်ခံစေပြီး မြေကောများများပိုင်ဆိုင်သူများထံမှ အချိုးအစားအလိုက် မြေခွန်ကော်တိုးတက်ကောက်ခံရန် မြေခွန်တော်ကောက်ခံသောနည်းစနစ်သစ် ဥပဒေတစ်ရပ်ကို တီထွင်စီမံပေးရမည်။

(စ) အခွန်တော်မထမ်းဆောင်နိုင်သဖြင့် အစိုးရထံပြန်အပ်သော လယ်ယာမြေများနှင့်ကြွေးများကို ပြေလည်အောင် မဆပ်နိုင်၍ လွှဲပြောင်းရောင်းချမည့်မြေများအား အစိုးရက ဥပဒေသစ်ပြဋ္ဌာန်း၍ ထိုလယ်ယာမြေများကို တန်ရာတန်ဈေးနှင့် တစ်စတစ်စ သိမ်းပြီး

လျှင် ကိုယ်တိုင်ထွန်ယက်သော လယ်သမားတို့အား ပိုင်ဆိုင်ခွင့်ရသည့်တိုင်အောင် မြေငှား ချထားပေးရမည်။

## စီးပွားရေးဝါဒသစ်

(က) ဗမာပြည်၏စီးပွားရေးသည် ဗမာများအဖို့သာ ဖြစ်စေရမည်။ ဗမာဆိုသည်မှာ ဗမာပြည်တွင် အမြဲနေထိုင်သောသူကိုဆိုလိုသည်။

(ခ) ဗမာပြည်ကထွက်သော ကျွန်းသစ်၊ ဆန်၊ သတ္တု၊ ရော်ဘာစသောကုန်စည်များကိုဈေးနှုန်းသတ်မှတ်ခြင်း စီးပွားရေးအခြေတိုးတက်အောင် အစိုးရက ကြည့်ရှုစီမံခြင်းများကို ပြုလုပ်ရန် ကျွမ်းကျင်သော ပုဂ္ဂိုလ်များပါဝင်သည့် စီးပွားရေးဘုတ်အဖွဲ့များကို ဖွဲ့စည်း၍ နည်းစနစ်သစ်ဥပဒေအရ အပ်နှင်းသည့်အာဏာနှင့် ဆောင်ရွက်ရေးများကို အကြံဥပဒေပြဋ္ဌာန်းပေးရမည်။

(ဂ) အိမ်တွင်းလက်မှုပညာများတိုးပွားလာရန် အစိုးရက အမတော်ငွေများကို လုံလောက်အောင်ထုတ်၍ပေးခြင်း၊ နိုင်ငံတစ်ပါးသို့လက်မှုစက်မှုပညာသင်များကို ဆင်းရဲသားထဲမှ ရွေးချယ်စေလွှတ်သင်ကြားစေခြင်းနှင့် အခြားသောနည်းလမ်းများအားဖြင့် အားပေးကူညီရမည်။

(ဃ) အလုပ်လက်မဲ့များနှင့် စီးပွားရေးတွင် အတိဒုက္ခရောက်နေကြသူများ သက်သာခွင့်ရှိစေရန် စီးပွားကုန်သွယ်ရေးအတွက် အမတော်ငွေများထုတ်ချေးခြင်းအားဖြင့် လည်းကောင်း၊ ကူးသန်းရေးဘဏ်များဖွင့်ပေးခြင်းအားဖြင့် လည်းကောင်း၊ အခြားသောသမဝါယမနည်းစနစ်သစ်များဖြင့်လည်းကောင်း အားပေးကူညီရမည်။

(င) ပြည်ပိုင်အစိုးရက မြန်မာပြည်၌အရေးတကြီးလိုအပ်သည့် သံစက်၊ စက္ကူစက်၊ အထည်

စက်စသော စက်မှုလက်မှုအလုပ်အကိုင်ကြီး များကို ဖန်တီးစီမံပြီးလျှင် တိုးတက်အောင် ပြုပြင်ဆောင်ရွက်ပေးရန်။

(စ) ကျေးလက်တောရွာများအထိ စားသုံးသူများ သက်သာခြင်းရှိအောင် ပြည်တွင်းပြည်ပကုန် စည်များကို စုပေါင်းရောင်းဝယ်သောစနစ်ဖြင့် ပြည်ပိုင်အစိုးရက မလုပ်မနေရပဉ္စသော အုပ် ချုပ်ရေးဥပဒေစနစ်သစ်ဖြင့် ကြီးကြပ်စီမံပေး ရမည်ဟူ၍ဖြစ်သည်။

ဤဆင်းရဲဝါဒကို မင်္ဂလွန်းကျီစီဘီအေအသင်းချုပ်က ညီလာခံတွင် ဆုံးဖြတ်ထောက်ခံခဲ့လေသည်။ ထိုနှစ် ၉၁၅ခုနှစ် အုပ်ချုပ်ရေးသစ် ရွေးကောက်ပွဲတွင်လည်း ထိုနိုင်ငံရေးလမ်းစဉ်

ကို ဝါဒတစ်ရပ်အနေအားဖြင့် ဒေါက်တာဘာမော်၏ ဆင်းရဲသားအဖွဲ့က နိုင်ငံတွင် အထပ်ထပ်ကြေညာ၍ မဲဆွယ်စည်းရုံးခဲ့သည်။

## အခန်း(၅)
## ဒေါက်တာဘမော်နှင့်ဥပဒေပြုအုပ်ချုပ်ရေး

၁၉၃၆ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးကို ရပ်စဲ၍ ဥပဒေပြုအုပ်ချုပ်ရေးကို စတင်ဆောင်ရွက်ရန် ရွေးကောက်ပွဲကို ကျင်းပရန် စီစဉ်ထားသဖြင့် ယခင်ဒိုင်အာခီခေတ်က ကွဲပြားခဲ့သော ဂျီစီဘီအေအဖွဲ့များအားလုံးတို့သည် ရွေးကောက်ပွဲဝင်ရန် ဆန္ဒညီညွတ်လာကြသည်။

ထို့ကြောင့်ရွေးကောက်ပွဲအမီ အဖွဲ့အားလုံးညီညွတ်ကြရန် စတင်စီမံလေသည်။ ထိုအချိန်တွင် မူလက သဘောကွဲလွဲခဲ့သော ဥပဒေပြုအဖွဲ့နှင့် ဒေသန္တရအဖွဲ့များသို့ ဝင်သင့်မဝင်သင့် ပြဿနာလည်း မရှိတော့ပေ။ အိန္ဒိယပြည်နှင့် မြန်မာပြည်ကို ၁၉၃၇ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ ခွဲခွာသော

အုပ်ချုပ်ရေးကို လွတ်လပ်ပါလီမန်မှ အတည်ပြုပြီးဖြစ်၍ ခွဲရေးတွဲရေးပြဿနာလည်းမရှိတော့ပေ။ သို့ဖြစ်၍ ၂၁ဦးနှင့် ဝံသာနုများသည် တဖန်ပြန်လည်စည်းရုံးသင့်ပြီဟု ယူဆကာ အဖွဲ့တိုင်းကို ဖိတ်ကြား၍ ၁၉၃၆တွင် မန္တလေးမြို့၌ ညီညွတ်ရေးအစည်းအဝေးကြီးကို ကျင်းပလေသည်။

ဒေါက်တာဘမော်သည် ရွေးကောက်ပွဲမတိုင်မီ "ဆင်းရဲသားဝါဒ"ဟူသော ငါးနှစ်စီမံကိန်းကို လွှတ်တော်တွင် လုပ်ဆောင်မည့် ဝန်ခံကတိများအနေဖြင့် တိုင်းပြည်ကိုကြေညာကာ လူထုထောက်ခံမှုရရှိစေရေးအတွက် ပျော်ဘွယ်၊ မော်လမြိုင်ကျွန်း ကြို့ပင်ကောက် မြို့သို့ ဆင်းရဲသားဝါဒကို သွားရောက်ဟောပြောခဲ့သည်။ ထိုသို့သွားရောက် ဟောပြောရာ၌ ရာထူးခက်ခံခြင်းနှင့် ပတ်သက်၍ –

"–––ဤအဖွဲ့ကြီးသည် သပိတ်မှောက်ခြင်းရာထူးဌာနန္တရခြင်း၊ ပယ်ခြင်းစသောနိုင်ငံရေးလုပ်ငန်းများကို အထူးယုံကြည်နှစ်သက်သည်။ မြန်မာနိုင်ငံရေးအဖွဲ့များသည် ဤဝါဒကို လက်ခံဆောင်ရွက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့အဖွဲ့ကြီးကလည်း ဤဝါဒအတိုင်း တသွေမလဲဘဲ အတူတကွ ညီညွတ်

စွာ ဆောင်ရွက်ရန် အသင့်ရှိ၏။ သို့သော် အချင်းချင်းမညီ ညွတ်ကြသောကြောင့် ဤသပိတ်ဝါဒ၊ ရာထူးဌာနန္တရကို ငြင်း သောဝါဒအတိုင်း မဆောင်ရွက်နိုင်လျှင် ဤအဖွဲ့ကြီးက ဥပဒေ ပြုလက်နက်နှင့် ရာထူးဌာနန္တရလက်ကို အသုံးပြုမည်''ဟု ပြတ်ပြတ်သားသား ကြေညာခဲ့လေသည်။

ဒေါက်တာဘမော်၏ဆင်းရဲသားဝါဒတွင် အဓိက အချက်များပါဝင်နေသည်။ နိုင်ငံတွင် တောရွာ၊ ကျေးလက် ၃၅၀၀၊ မြို့ငယ်ရ၅မြို့ရှိပြီး လူ၁၀၀လျှင် ခုနစ်ယောက်ခွဲမှာ စားနိုင်သောက်နိုင်သော မနေရှင်ပေါက်စများဖြစ်သည်။ ကျန်ကိုးဆယ့်နှစ်ယောက်ခွဲမှာ ဆင်းရဲသားများသာ ဖြစ်ကြ သည်။ ဆင်းရဲသားများအကျိုးကို ဆောင်ရွက်ပေးနိုင်မည့် ဆင်းရဲသားဝါဒကို ဖော်ဆောင်ရန် ၉၁ဌာနအုပ်ချုပ်ရေး၊ ဒိုမီနီယံစတေတပ်စ် (Dominion Status) တို့ကို လက်မခံဘဲ ၉၁ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက် သွားရန် ရာထူးမယူဘဲ ဆင်းရဲသားဝါဒနှင့်အညီ အုပ်ချုပ်ရေး ကို တိုက်ဖျက်သိမ်းရန်၊ ဆင်းရဲသားဝါဒငါးနှစ်စီမံချက်အတွင်း မြန်မာလူမျိုးများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အုပ်ချုပ် မှုဥပဒေမှန်သမျှကို

တိုက်ဖျက်သွားရန်တို့ပေါ်တွင် အခြေခံ သည်။

ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီလက်ရုံးတပ်မှာ "ဓားမတပ်"ဖြစ်သည်။ ထို့ကြောင့်ဒေါက်တာဘမော်သည် ဓားမတပ်ဦးထုပ်ကို တစောင်းစောင်း၍ ရှမ်းဘောင်းဘီပုံစံကဲ့သို့ ပွပွဖောင်းဖောင်းပင်နီဘောင်းဘီကို ဝတ်ဆင်ခဲ့သည်။ ထိုဓားမတပ်တွင် ဒေါက်တာဘမော်ကိုယ်တိုင် ဗိုလ်ချုပ်အဖြစ်ဆောင်ရွက်၍ ရန်ကုန်မြို့နှင့်တကွ ဩဇာပျံ့နှံ့ရာ နယ်များတွင် အပျော်တမ်းဓားမတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။ ခေါင်းတွင် ပင်နီဦးထုပ်အပျော့သုံးမြှောင့်အလယ်တွင် ဓားမပုံနှင့် ဓားမတံဆိပ်ကို တပ်လျက်ဆောင်းသည်။ ပင်နီရှပ်လက်တို၊ ဘောင်းဘီအပြာနှင့် ဝတ်စုံများကို ဝတ်ဆင်လျက် စစ်ရေးလေ့ကျင့်သည်။ နယ်ရှိဓားမတပ်တို့မှ တောင်သူလယ် သမားဝါးခမောက်နှင့် ပုဆိုးတိုတိုဝတ်၍ တကယ့်ယာခုတ် သောဓားမများကို ကိုင်ဆောင်ကာ ဓားမတပ်များလည်း ရှိသေးသည်။ ကြို့ဆိုပွဲ တရားပွဲများတွင် ဤဓားမတပ်ဖွဲ့ဝင်တို့ပင် စောင့်ရှောက်ကူညီခဲ့ကြသည်။

ဒေါက်တာဘမော်သည် သူ၏ဆင်းရဲသားဝါဒအ

ကြောင်းကို ရွေးကောက်ပွဲမကျင်းပမီ အနယ်နယ်အရပ်ရပ်သို့ သွားရောက်၍ ဟောပြောပြီး ဆင်းရဲသားပါတီမဲများများရရှိရေး အတွက် ကြိုးပမ်းခဲ့သည်။ အတိုက်အခံပါတီဝင်များကလည်း ဒေါက်တာဘမော်သည် ငါးထောင်ကျပ်စားပညာရေးဝန်ကြီးကို လက်ခံယူ၍ ဆင်းရဲသားဝါဒအကြောင်းကို ဟောပြောနေခြင်း မှာ ရှေ့နောက်မညီညွတ် ဒေါက်တာဘမော်၏ဆင်းရဲသားဝါဒ သည် မဖြစ်နိုင်ကြောင်း ဝေဖန်ခဲ့ကြသည်။

ဗြဟ္မာနအုပ်ချုပ်ရေးသစ်အရ ၁၉၃၆ခုနှစ်၊ နိုဝင်ဘာလ တွင် ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာ ထိုရွေးကောက်ပွဲတွင် ဒေါက်တာဘမော်သည် ရမည်းသင်းနယ်မှ ဝင်ရောက်အရွေး ခံရသည်။ ရွေးကောက်ပွဲတွင် လူနည်းစုများအပြင် ငါးပွင့်ဆိုင် အဖွဲ့၊ ဦးချစ်လှိုင်အဖွဲ့၊ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့၊ ဖေဘီယန် ဆင်းရဲသားအကျိုးဆောင်အဖွဲ့၊ အင်ဒီပင်းဒင့်အဖွဲ့၊ တသီး ပုဂ္ဂလစသည်ဖြင့် အမတ် ၁၃၂ယောက်နေရာတွင် လူပေါင်း ၆၀၀ခန့် ဝင်ရောက်အရွေးခံကြ၏။ လွှတ်တော်ရွေးကောက်ပွဲ ပြီးသောအခါ ဒေါက်တာဘမော်အဖွဲ့မှ ၁၆ဦး၊ ငါးပွင့်ဆိုင် အဖွဲ့မှ ၄၆ဦး၊ ဦးချစ်လှိုင်အဖွဲ့မှ ၁၂ဦး၊ ကိုယ့်မင်းကိုယ်ချင်း

အဖွဲ့မှ ၃ဦး၊ ဖေဘီယန်အဖွဲ့မှ ၁ဦး၊ အခွန်ဝန်ထမ်းအဖွဲ့မှ ၁ဦး အသီးသီးရရှိကြသည်။

ဒေါက်တာဘမော်သည် မြန်မာနိုင်ငံရွေးကောက်ပွဲတွင် လူအများစု၏ အကျိုးစီးပွားကို ရည်ရွယ်သော ဆင်းရဲသားဝါဒကို တစ်ပြည်မဲများ တောင်းခံခဲ့သော်လည်း ရွေးကောက်ပွဲပြီး၍ အမတ်အင်အား ၁၆ယောက်သာရသောအခါ ဘုရင်ခံက ဒေါက်တာဘမော်အား ပညာရေးဝန်ကြီးရာထူးမှ နုတ်ထွက်စေပြီး ပညာရေးဝန်ကြီးနေရာတွင် ဝတ်လုံဦးသိမ်းမောင်ကို ခန့်အပ်ခဲ့သည်။

ပါလီမန်၏ထုံးတမ်းစဉ်လာအရ ဘုရင်ခံသည် အမတ်ဦးရေအများဆုံး ရရှိသော ငါးပွင့်ဆိုင် ပါတီခေါင်းဆောင် ဦးဘဘေအား အစိုးရဖွဲ့စည်းရန် တာဝန်ပေးအပ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဦးဘဘေသည် အစိုးရမဖွဲ့စည်းနိုင်ခဲ့ပေ။

ထိုအခါ ဒေါက်တာဘမော်သည် ငါးပွင့်ဆိုင်တွင် သဘောကွဲပြားနေသော အမ်အေဦးမောင်ကြီး၊ ဝတ်လုံဦးပု၊ ဒေါက်တာသိန်းမောင်၊ မိတ္ထီလာဦးဘရင်၊ မန္တလေးဦးဘဦး

သည်တို့နှင့် အိန္ဒိယတိုင်းသားအမတ်များ၊ ကရင်အမျိုးသားအမတ်များ၊ ရခိုင်အမျိုးသားအမတ်များ၊ ဦးချစ်လှိုင်အဖွဲ့၊ တစ်သီးပုဂ္ဂလများနှင့် ဆွေးနွေးညှိနှိုင်း၍ ညွန့်ပေါင်းဖွဲ့ခဲ့ရာ အမတ်ဦးရေအဖွဲ့ဝင် ၇၀မျှ ရရှိသွားသဖြင့် ဘုရင်ခံထံသို့ ညွန့်ပေါင်းအဖွဲ့ဖွဲ့ပြီးကြောင်း အမတ်ဦးရေ ၇၀မျှ ထောက်ခံသည်ကို အကြောင်းကြားလိုက်သည်။

အစိုးရအဖွဲ့ မဖွဲ့နိုင်ကြောင်းကို ဦးဘဘေသည် ဘုရင်ခံထံသို့ ၁၉၃၇ မတ်လ ၁၅ရက်နေ့တွင် အကြောင်းပြန်လိုက်လေသည်။ ထို့ကြောင့်ဘုရင်ခံက ဒေါက်တာဘမော်အား အစိုးရဖွဲ့စေရာ ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရအဖွဲ့ကို ၁၉၃၇ခု၊ ဧပြီ၁ရက်နေ့တွင် ဖွဲ့စည်းခွင့်ရလေသည်။

ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဒေါက်တာဘမော်၊ ပြည်ထဲရေးဝန်ကြီးဦးပေါ်ထွန်း၊ ပညာရေးဝန်ကြီးသာယာဝတီဦးမောင်မောင်၊ သစ်တောရေးဝန်ကြီး ဦးစောဖေသာ၊ ဘဏ္ဍာရေးဝန်ကြီး ဦးထွန်းအောင်ကျော်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိန်းမောင်၊ အခွန်တော်ဌာနဝန်ကြီး၊ မန္တလေးဦးဘဦးတို့ ပါဝင်၏။ အောက်လွှတ်တော်တွင်

ဦးချစ်လှိုင်အား ဥက္ကဋ္ဌတင်သည်။

ထို့နောက်ဝန်ကြီးချုပ် ဒေါက်တာဘမော်က "မြန်မာပြည်တက္ကသိုလ်ကျောင်းသည် မြန်မာတိုင်းရင်းသားကျောင်းအစစ်ဖြစ်ရမည်။ ဤအတိုင်းဖြစ်ရန် ညွန့်ပေါင်းအစိုးရက သဘောမထားလျှင် ရာထူးပြန်အပ်၍ အစိုးရအဖွဲ့ကို ဖျက်လိုက်ပါသည်။ မြန်မာတိုင်းရင်းသားတက္ကသိုလ်သည် အစုရှင်များ၏ တက္ကသိုလ်သာမဖြစ်ရ။ ဆင်းရဲသားများလည်း နေရှင်များကဲ့သို့ တက္ကသိုလ်ပညာကို ရှာပြီး တက္ကသိုလ်စာမေးပွဲကို အောင်နိုင်ရန် လုပ်ရမည်။ ဤကဲ့သို့ဖြစ်ရန် ဆင်းရဲသားများရနိုင်သည့် စကောလားရှစ်များ တိုး၍ပေးရန်နှင့် စရိတ်မရှိ၍ မသင်နိုင်သောကျောင်းသားများ စာမေးပွဲဝင်ခွင့်ပေးမည်။ တက္ကသိုလ်ကျောင်း၌ ပြဋ္ဌာန်းချက်များကို မြန်မာဘာသာအားဖြင့် သင်ကြားနိုင်အောင် ယခုကစ၍ အုတ်မြစ်ချရမည်။ အုတ်မြစ်ကစရမည်ဖြစ်၍ အချိန်လိုဦးမည်ဖြစ်ရာ မြန်မာဘာသာကို ပညာရေး၌အားပေးရန် အထူးရည်ရွယ်ပါသည်"ဟု မြို့တော်ခန်းမအစည်းအဝေး၌ ပြောကြားလေသည်။ ထို့ပြင်ကျောင်းသားများလိုလားချက်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောင်း

သားသမဂ္ဂက ကန့်ကွက်သော ဆာမြဘူးအစီရင်ခံစာကိုလည်း တဖန်ပြန်လည်သုံးသပ်၍ အသစ်စီမံချက်များကို သမဂ္ဂကိုယ်စားလှယ်များနှင့် ဆွေးနွေးဆောင်ရွက်မည်ဖြစ်ကြောင်းများကို ပြောကြားကြေညာသဖြင့် ကျန်သပိတ်မှောက်ကျောင်းသားများ ကျောင်းသို့ပြန်၍ဝင်ကြလေသည်။

## အခန်း(၆)
## ဒေါက်တာဘမော်၏နန်းရင်းဝန်ဘဝ

ဒေါက်တာဘမော်သည် မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ပြီးနောက် မြန်မာနိုင်ငံ၏ပထမဆုံးနန်းရင်းဝန် (ဝန်ကြီးချုပ်)ဖြစ်သည်။

၁၉၃၇၊ ဧပြီ ၁တွင် ရသမျှတန်ခိုးအာဏာဖြင့် တိုင်းပြည်၏အကျိုးအတွက် တတ်နိုင်သမျှ သယ်ပိုးသည်။ ပညာတော်သင်ကျောင်းသားတို့၏ အရေအတွက်ကို တိုးမြှင့်လိုက်လေသည်။ ဂျပန်ပြည်စသော အခြားနိုင်ငံများသို့လည်း ပညာတော်သင် စေလွှတ်ခဲ့လေသည်။

ပထမဆုံးစာကြည့်တိုက်ပညာအတွက် ဦးခင်ဇော်

(B.A., F.L.A) ကိုစေလွှတ်ခဲ့သည်။

ဒေါက်တာဘမော် ညွှန့်ပေါင်းအစိုးရလက်ထက်တွင် ပညာရေးနှင့်ပတ်သက်၍ နည်းသစ်တစ်ခုတီထွင်ခဲ့သည်။ ဆယ်တန်းအောင်သော ကျောင်းသားများအနက် အမှတ်များသော ကျောင်းသားတို့အား စကောလားရှစ်ခေါ် အစိုးရ၏ အထောက်အပံ့ကို ပေးလာခဲ့သည်။ ထောက်ပံ့သောငွေကြေး ကိုလည်း ၂၅ကျပ်မှ ၃၅ကျပ်အထိ တိုးမြှင့်လိုက်လေသည်။

၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်မှ တောင်းဆို ခဲ့သော တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးရန်အတွက် "ကင်းဘဲလ်ကော်မတီ" (Cambell Comittee) ၏ အစီရင်ခံစာ အရ ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်များနှင့် စာမေးပွဲများတွင် အင်္ဂလိပ်စာအစား မြန်မာစာကို အသုံးပြုရန်တို့ကို အစီအစဉ် များ ချထားခဲ့ပြီး ဥပဒေပြုလွှတ်တော်အတွင်းတွင် အင်္ဂလိပ် ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ်ဖြင့် ပြောဆိုခြင်း အား ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းကိုလည်း လိုက်လျော ခဲ့သည်။

ဒေါက်တာဘမော်ညွှန့်ပေါင်းအစိုးရ ဖွဲ့ပြီးနောက်

ဆောင်ရွက်ခဲ့သော လုပ်ငန်းများအနက် အထူးခြားဆုံးကိစ္စမှာ လူခွန်နှင့် သဿမေဓခွန်များ ပယ်ဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆင်းရဲသူ ဆင်းရဲသားများ ကြီးလေးစွာကျရောက်နေသော အခွန်တော်ငွေသိန်း၄၀ကျော် သက်သာခဲ့သည်။ လူခွန်နှင့်သဿမေဓခွန်များ ၁၉၄၂ ဇန်နဝါရီရောက်သောအခါ လုံးဝပျောက်ကွယ်သွားခဲ့သည်။

ဒေါက်တာဘမော်သည် နန်းရင်းဝန်အဖြစ် စတင်တာဝန်ထမ်းဆောင်သောအချိန်တွင် မတရားအသင်းကြေညာခံခဲ့ရသော ဝံသာနုအသင်း ၁၀၀ကျော်ကို ဥပဒေဘောင်အတွင်း ဝင်ရောက်အောင် လုပ်ပေးခဲ့သည်။ ဆရာစံအရေးတော်ပုံ အရေးနှင့် စပ်လျဉ်း၍ ဖမ်းဆီးခံရပြီး လွှတ်ရန်ကျန်ရှိနေသောသူများကို လွှတ်ပေးခဲ့သည်။ ထို့ပြင်ဆဋ္ဌမမြောက်ကျော့ဘုရင် နန်းတက်ချိန်တွင် နိုင်ငံရေးအကျဉ်းသမားအချို့ကိုလွှတ်ပေးခဲ့သည်။ ညွန့်ပေါင်းအစိုးရက စီမံသော အခြားအချက်တစ်ခုမှာ **သတင်းစာ**၊ မဂ္ဂဇင်းတိုက်များမှ အစိုးရထံပေးထားသော **အာမခံငွေများ**ကို ပြန်ပေးခြင်းဖြစ်သည်။ ဤသို့အာမခံငွေများကို ပြန်ပေးခြင်းဖြင့် ညွန့်ပေါင်းအဖွဲ့သည် သတင်းစာ၊

မဂ္ဂဇင်းတို့၏ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို အသိအမှတ်ပြုကြောင်း ပြသခဲ့ခြင်းဖြစ်သည်။

ထို့နောက်မြန်မာပြည်ကျေးလက်အုပ်ချုပ်ရေး၊ မြန်မာပြည်ဘဏ္ဍာရေး၊ မြန်မာပြည်လယ်ယာအုပ်ချုပ်ရေး၊ မြန်မာပြည်၏အခွန်တော်အုပ်ချုပ်ရေးတို့တွင် ချို့ယွင်းချက်တို့ကို အရင်းအမြစ်မှနေ၍ ပြုပြင်ရန် ကြံရွယ်ခဲ့ကာ မြန်မာပြည်ကျေးရွာဥပဒေစုံစမ်းရေးကော်မတီ၊ လယ်ယာစုံစမ်းရေးကော်မတီ၊ အခွန်တော်စုံစမ်းရေးကော်မတီတို့ကို ဖွဲ့စည်းလိုက်သည်။

ဒေါက်တာဘမော်ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရ အဓိကထား၍ ဆောင်ရွက်ခဲ့သော အကြီးမားဆုံးသော လုပ်ငန်းမှာ အခွန်ဘဏ္ဍာနှင့် ပတ်သက်သောလုပ်ငန်းဖြစ်သည်။ မြန်မာပြည်တွင် ကျွန်းသစ်၊ ရေနံ၊ သတ္တုအစရှိသော ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနေသည်ဖြစ်ရာ ထိုပစ္စည်းများ တင်ပို့ရောင်းချမှုကို လုပ်ကိုင်ဆောင်ရွက်နေသော ဓနရှင်များထံမှ ကောက်ခံရရှိသော အခွန်နှုန်းထားသည် အလွန်နည်းပါးနေပြီဖြစ်သောကြောင့် အခွန်ကောက်ခံပုံနည်းစနစ်ကို လတ်တလောအခြေအနေနှင့် ကိုက်ညီသော နှုန်းထားများကို

ပြုပြင်ပြောင်းလဲရန် ဆုံးဖြတ်ချက်ချခဲ့သည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချရာမှ ရရှိသောနိုင်ငံခြားဝင်ငွေနှင့် ပတ်သက်၍ အခွန်အခများကို တိုးမြှင့်ကောက်ခံရန် ကြိုးစားခဲ့သည်မှာ ဒေါက်တာဘမော်ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရလက်ထက်တွင် ပထမဦးစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုကိစ္စနှင့် ပတ်သက်၍ အကောင်အထည်မပေါ်မီမှာပင် အတိုက်အခံများ၏ ညွန့်ပေါင်းအစိုးရအပေါ်တွင် ဆန့်ကျင်မှုများ နေရာအနှံ့တွင် ပေါ်ပေါက်ခဲ့ပြီး ဥပဒေပြုလွှတ်တော်အတွင်း၌ပင် အပြစ်တင်ဝေဖန်ခြင်းကို ခံခဲ့ရလေသည်။

ဒေါက်တာဘမော်ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရလက်ထက်တွင် 'ဆင်းရဲသားဝါဒ'ကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံခြားသို့တင်ပို့သော ကုန်ပစ္စည်းများထံမှ အခွန်တော်များကို တိုးမြှင့်ကောက်ခံရန် စီစဉ်ခဲ့သည်။ အိန္ဒိယပြည်သို့ပေးပို့သောစာများပေါ်တွင် တံဆိပ်ခေါင်းဖိုးတိုးမြှင့်ကောက်ခံခဲ့သည်။ သို့သော်ငွေကြေးနှင့် ပတ်သက်လာလျှင်လည်းကောင်း၊ လူမျိုးရေးနှင့်ပတ်သက်လာလျှင်လည်းကောင်း နာလေ့ရှိကြသော အိန္ဒိယတိုင်းရင်းသားတို့သည် ချက်ခြင်းပင်

အစည်းအဝေးကျင်းပကာ ကန့်ကွက်ကြသည်။ ဘုရင်ခံနှင့် ဘုရင်ခံချုပ်ထံသို့ ကန့်ကွက်လွှာများ တင်သွင်းကြသည်။ ထို့ကြောင့်ညွန့်ပေါင်းအဖွဲ့မှာ လက်လျှော့လိုက်ရသည်။

ဒေါက်တာဘမော်ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းပြီး နောက်တွင် ဆင်းရဲသားဝါဒကို အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ရာ မျှော်မှန်းသလောက် အောင်မြင်မှုမရရှိခဲ့ပေ။

ဒေါက်တာဘမော်နန်းရင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသောအချိန် ၁၉၃၈ခုနှစ် ဇန်နဝါရီလ ၈တွင် ချောက်ရေနံ မြေမှစတင်၍ အလုပ်သမားသပိတ်စတင်ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီလ၁၀ ရက်တွင် သပိတ်မှောက်အလုပ်သမားများသည် ဘီအိုစီကုမ္ပဏီသို့ မိမိတို့၏တောင်းဆိုချက်များကို စာရေးအကြောင်းကြားကြရာ ဘီအိုစီမှ အလုပ်သမားများထံမည်သို့မျှ အကြောင်းမပြန်ကြားခဲ့ပေ။ ထို့ကြောင့်အလုပ်သမားများသည် ထိုနေ့ ၁၂နာရီအချိန်တွင် ဦးဘိုးချွန်၏ ဇာတ်ပွဲရုံကြီး၌ အလုပ်သမားလူထုအစည်းအဝေးပွဲကြီးကို ကျင်းပကြပြီးလျှင် ယခင်တောင်းဆိုချက်များကို ထပ်မံအတည်ပြု၍

နောက်ထပ်တောင်းဆိုချက်ရှစ်ချက်တို့ကိုပါ ဖြည့်စွက်တောင်း ဆိုကြောင်း ဆုံးဖြတ်ကြလေ၏။

အဆိုပါတောင်းဆိုချက်များကိုလည်း ဘီအိုစီသို့ စာရေးအကြောင်းကြား၏။ ထိုရက်များအတွင်း၌ ရေနံမြေ အလုပ်သမားသပိတ်သည် ချောက်၊ ရေနံချောင်းမြို့များတွင် သာမက သံလွင်ရေနံချက်စက်ရုံများအထိ ပြန့်ပွားလာခဲ့လေ သည်။

၁၉၃၈ခုနှစ် ဇန်နဝါရီ ၈ ရက်မှ စတင်သပိတ် မှောက်လာခဲ့သော အလုပ်သမားထု၏ နစ်နာချက်၊ တောင်းဆို ချက်များကို မကြာမီပင် ဘီအိုစီကုမ္ပဏီက အကြောင်း ပြန်ကြားခဲ့သည်။ အချို့အချက်များကို လိုက်လျောခဲ့သော်လည်း သပိတ်မှောက် အလုပ်သမားများအား အလုပ်ပြန်ခန့်ကိစ္စတွင် ဘီအိုစီကုမ္ပဏီ နှင့် အလုပ်သမားများ သဘောကွဲလွဲကာ သပိတ်ကိစ္စသည် ပြေလည်ခြင်းမရှိပေ။ ထိုအခါ အစိုးရက ရေနံချောင်းတွင် အစည်းအဝေးပြုလုပ်ခြင်း၊ စီတန်း လှည့်လည်ခြင်းတို့ကို ပုဒ်မ ၁၄၄အရ တားမြစ်ခဲ့သည်။ နန်းရင်းဝန်ဒေါက်တာဘမော်နှင့် ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဒေါက်တာသိန်းမောင်တို့ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၂၄ တွင် ရေနံချောင်းသို့ ရောက်ရှိလာပြီး ရေနံမြေ အလုပ်သမားများ သပိတ်လှန်ပါက တောင်းဆိုချက်များကို သက်ညှာစွာစဉ်းစားမည်ဟု ညှိနှိုင်းခဲ့ကြသည်။ သို့သော် အလုပ်သမားတို့က မိမိတို့တောင်းဆိုချက်များကို ရပြီးမှ သပိတ်လှန်မည်ဆိုသဖြင့် ဒေါက်တာဘမော်၊ ဒေါက်တာသိန်း မောင်တို့အနေဖြင့် တောင်းဆိုချက်များကိုလိုက်လျောရန် အခွင့် အာဏာမရှိသဖြင့် လက်လျှော့ပြန်ခဲ့ကြရသည်။ ရန်ကုန်သို့ ရောက်သောအခါ နောက်ထပ်စုံစမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့ပြီး ရေနံမြေသို့စေလွှတ်ခဲ့ရာ စုံစမ်းရေးကော်မတီအနေဖြင့် လည်း အလုပ်သမားတို့၏တောင်းဆိုချက်များကို ဆောင်ရွက် ရန်အခွင့်အာဏာမရှိသဖြင့် ရေနံမြေအလုပ်သမားတို့သည် စုံစမ်းရေးကော်မတီကိုပါ သပိတ်မှောက်ခဲ့ကြသည်။

ထိုကြောင့်အလုပ်သမားများသည် နိုဝင်ဘာ၂၉ရက် နေ့တွင် လူထုအစည်းအဝေးပွဲကြီး ကျင်းပပြီးလျှင် မိမိတို့၏ နစ်နာချက်တောင်းဆိုချက်များကို အစိုးရအဖွဲ့သို့ အလုပ်သ မားများကိုယ်တိုင် သွားရောက်တင်ပြရန် ဆုံးဖြတ်လိုက်ကြ

လေသည်။ ထိုသို့တင်ပြရန်အတွက် အလုပ်သမားသပိတ်တပ် ရန်ကုန်သို့ခြေလျင်ချီတက်လာကြသည်။

မြို့သူမြို့သားများက ရန်ကုန်မြို့သို့ ခြေလျင်ချီတက်မည့် အလုပ်သမားများကို သပြေပန်းများ ကမ်းလှမ်းပြီးလျှင် စည်တော်တီးမှုတ်ကာ ဖမိုင်ခန့်ကွာဝေးသော မိုလာအရပ် အထိ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

ရေနံချက်စက်ရုံမှ သပိတ်မှောက်ဖြစ်ပွားနေစဉ်အတွင်း ဗုဒ္ဓဘာသာ မွတ်ဆလင်အဓိကရုဏ်းကြီးသည် ၁၉၃၈ ခုနှစ် ဇူလိုင် ၂၆ရက်နေ့ ညနေပိုင်းကစ၍ ရန်ကုန်မှစတင်ဖြစ်ပွား ခဲ့သည်။ အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်း၏ အကြောင်းရင်းမှာ မဟောမေဒင် ဘာသာဝင် ရွှေဘိုစီရင်စု မြေတူးရွာကျောင်း ဆရာဦးရွှေဖီက မန္တလေးမြို့ရှိ မင်္ဂလာဗလီမှ ဗလီဆရာ ဟာစင်ရှားဆိုသူ၏ တိုက်တွန်းချက်အရ ၁၉၃၁ခုနှစ်က 'မော်လဝီနှင့်ယောဂီဩဝါဒ စာတမ်း' အမည်ရှိ စာအုပ်ကို မန္တလေးမြို့ နေရှင်နယ်စာပုံနှိပ် တိုက်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် သဗ္ဗညု ဂေါတမမြတ်စွာဘုရားရှင်အား ထိခိုက် ပုတ်ခတ်ထားသော အချက်များပါ၏။

ထိုစာအုပ်ကို ပထမအကြိမ် ပုံနှိပ်စဉ်က ဗုဒ္ဓဘာသာများက ဂရုမစိုက်၍ မသိလိုက်ကြပေ။ ဒုတိယအကြိမ်အဖြစ်ဖြင့် ၁၉၃၆ခုနှစ်တွင် ရန်ကုန်မြို့ အင်မ်အိပ်ချ်ပတေးဆိုသူ မဟာဗေဒင်ဘာသာဝင်လူကြီးတစ်ဦးက စရိတ်အကုန်အကျခံ၍ တိုက်ကြီးမြို့ စူလတန်မိုဟာမက်ခေါ် ကိုဘာဘာ၏ သာထွန်းအောင်စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့သည်။ မိုဟာမက်ဟာရှင်ပတေးသည် ထိုစာအုပ်ကို ခရိုင်မြို့နယ်များတွင်နေသော ဗမာမူဆလင် (ဇေရဘာဒီ)တို့ထံ ဖြန့်ဝေဖတ်ရှုစေလေသည်။ ဤနည်းဖြင့် ဗုဒ္ဓဘာသာကို ထိပါးပုတ်ခတ်ရေးသားထားသော ထိုစာအုပ်သည် မြန်မာတစ်ပြည်လုံးရှိ ဗမာမူဆလင်တို့လက်ဝယ် ပျံ့နှံ့သွားရာ စာရေးဆရာ 'မြစလွယ်'က ဖတ်ရှုမိသောအခါ ယမ်းတိုက်ကို စနက်တံတပ်ပေးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ထို့နောက် ၁၉၃၈ ခုနှစ် ဇူလိုင်လလယ်တွင် သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ နယူးဘားမား သတင်းစာများတွင် ဗုဒ္ဓဘာသာဝင်တို့က ဝေဖန်ရေးသားခဲ့ကြ၏။

ဒေါက်တာဘမော်ညွန့်ပေါင်းအစိုးရက ထိုစာအုပ်ကို

အမြန်အရေးယူရန် ရှာဖွေသိမ်းဆည်းထားစေသည်။ အစိုးရက အရေးမယူရသေးမီ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်တွင် ဖွဲ့စည်းထားသော 'သာသနမာမက'ရဟန်းပျိုများအဖွဲ့က ဦးစီး၍ ၁၉၃၈ ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့တွင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်တွင် မြို့လုံးကျွတ်စည်းဝေးကာ အဆိုပါစာအုပ်နှင့် အစ္စလမ်ဘာသာဝင်တို့အား ပြင်းထန်စွာပုတ်ခတ်ပြောဆိုပြော၍ ထိုစာအုပ်ကို အစိုးရက အမြန်သိမ်းရန် ဆုံးဖြတ်ကြသည်။

ထို့နောက်မြို့တွင်းသို့ လှည့်လည်ချီတက်ဆန္ဒပြခဲ့ရာ ကုလားဗမာအဓိကရုဏ်း စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ကုလား–ဗမာအဓိကရုဏ်းနှင့် ပတ်သက်၍ အစိုးရက စုံစမ်းရေးကော်မတီငါးဦးခန့်၍ စုံစမ်းအစီရင်ခံစေသည်။ ထိုစုံစမ်းရေးကော်မတီငါးဦးမှာ–

(၁) ရန်ကုန်ဟိုက်ကုတ် လွှတ်တော်တရားဝန်ကြီး အိဗ်၊ ဘီ၊ အယ်ဘရွန် (M.A.,ဝတ်လုံတော်ရ) ဥက္ကဋ္ဌ။

(၂) ရာထူးဝန်ဦးဘိုးဟန် (B.A ဝတ်လုံတော်ရ) အဖွဲ့ဝင်

(၃) မေမြို့အထက်လွှတ်တော်အဗတ်အေရာ
ဟင် အဖွဲ့ဝင်

(၄) မန္တလေးမြို့အထက်တန်းရှေ့နေ ဦးခင်မောင်
ဒွေး အဖွဲ့ဝင်

(၅) ဒေါက်တာအမ်အေရှော့ဖ်(B.A., B.L
ဝတ်လုံတော်ရ) အဖွဲ့ဝင်

(၆) မစ္စတာဒေါ်နီဆင် (I.C.S)အတွင်းရေးမှူး
တို့ဖြစ်ကြသည်။

ထို့နောက်အစိုးရသည် ဦးရွှေဖီ၏ စာအုပ်ကို "တွေ့ရာနေရာတွင်သိမ်းစေ"ဟု အမိန့်ထုတ်ခဲ့၏။ ဤသို့ဖြင့် ဇူလိုင်လတွင် စတင်ဖြစ်ပွားခဲ့သော အဓိကရုဏ်းသည် ၁၉၃၉ ဖေဖော်ဝါရီလရောက်မှ လုံးဝငြိမ်သက်သွားလေသည်။

သို့သော် ကုလား–ဗမာအဓိကရုဏ်းကြီး ဖြစ်ပွားနေချိန်တွင် ဒေါက်တာဘမော်ညွှန့်ပေါင်းအစိုးရကိုပါ ကုလားဘက်တော်သားဟု စွပ်စွဲကြသည်။ အဓိကရုဏ်းဖြစ်နေချိန်တွင် ၁၉၃၈ ခုနှစ် ဩဂုတ်လ ၂၆တွင် ငါးပွင့်ဆိုင်အဖွဲ့မှ ဒေါက်တာဘ မော်အား အယုံအကြည်မရှိ အဆိုကိုတင်သွင်း

ရာ အစိုးရသည် ၆၆ မဲ အတိုက်အခံတိုက် ၆၁ မဲ ရရှိကာ ညွန့်ပေါင်းအစိုးရ မပြုတ်ကျဘဲ ရှိနေခဲ့သည်။

ကိုလိုနီခေတ်မြန်မာနိုင်ငံရေးသမိုင်း၌ ၁၃၀၀ပြည့်နှစ် အရေးတော်ပုံကြီးသည် မကြုံဘူးအောင် အထူးညီညွတ်ခဲ့သော အရေးတော်ပုံတစ်ခုဖြစ်ခဲ့သည်။ ဓုဘဲ္ဒာနအုပ်ချုပ်ရေးစည်းမျဉ်းအရ ဖွဲ့စည်းထားသော ဒေါက်တာဘမော်ခေါင်းဆောင်သည့် ညွန့်ပေါင်းအစိုးရ၏ အခြေအနေမှာလည်း နိုင်ငံခြားသားအင်္ဂလိပ်နှင့် ကုလားမဲများက ထောက်ခံနေခြင်းကြောင့်မြဲနေခြင်း ဖြစ်သည်။ သို့သော် အစိုးရအဖွဲ့က သဿမေဓနှင့် လူခွန်ကို ဖြုတ်၍ နိုင်ငံခြားမှတင်သွင်း လာသော အရက်နှင့် ဖိမ်ခံပစ္စည်း တို့ကို အကောက်ခွန်တိုးမြှင့်ခြင်းများကြောင့် အင်္ဂလိပ်ကုန် သည်ကြီးများ၏ ကိုယ်စားလှယ်အမတ်များက ညွန့်ပေါင်းအစိုး ရအား မကျေမနပ်ဖြစ်နေချိန်လည်းဖြစ်သည်။ ထို့အပြင် အတိုက်အခံ နိုင်ငံရေးအဖွဲ့များဖြစ်သော ကိုယ့်မင်းကိုယ့်ချင်း အမတ်အဖွဲ့ ဂဠုန်ဦးစောကြီးမှူးသော မျိုးချစ်အမတ်အဖွဲ့နှင့် ဖေဘီယံအမတ်တို့ကလည်း ၁၉၃၈ ခုနှစ် ဩဂုတ်လကပင် လက်ရှိအစိုးရဖြုတ်ချရန်

သဘောတူညီချက် ပြုလုပ်ထားခဲ့ပြီးလည်း ဖြစ်ခဲ့သည်။ တစ်ဖန် တက္ကသိုလ်သပိတ်မှောက် ကျောင်းသားများကလည်း ဗိုလ်အောင်ကျော် သေဆုံးရခြင်းအတွက် မကျေနပ်၍ တစ်တိုင်းပြည်လုံးက ဒေါက်တာဘမော်၏ညွန့်ပေါင်း အစိုးရအား မကျေနပ်သံများ အုံးအုံးကြွက်ကြွက် ဆူညံလျက်ရှိနေလေ၏။

ဤသို့နိုင်ငံတစ်ဝန်းလုံးဆူပူအုံကြွမှုများ ဖြစ်ပေါ်နေချိန်တွင် ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင်များကလည်း ဒေါက်တာဘမော်၏ ဆင်းရဲသားဝါဒသည် ဗြိတိသျှတို့၏ အကျိုးစီးပွားကို ထိခိုက်သည်ဟု ယူဆလာကြသည်။ ထို့အပြင် ဥပဒေပြုလွှတ်တော်အတွင်း ဗြိတိသျှတို့၏ လုပ်ပိုင်ခွင့်များကို ထိန်းထားနိုင်ရေးအတွက် အလုပ်သမားမငြိမ်မသက်ဖြစ်မှုကို အခွင့်ကောင်းယူလာခဲ့သည်။ ထို့ကြောင့်ညွန့်ပေါင်းအစိုးရ ဖြုတ်ချရန် အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချခဲ့ကြသည်။

ဦးစောသည် မြန်မာမြေပိုင်ရှင်ကြီးများ၊ အိန္ဒိယတိုင်းရင်းသားများ၊ ဥရောပတိုက်သားများ၊ နိုင်ငံခြားသားအရင်းရှင်နှင့်

ငယ်ရွယ်သောကျောင်းသားလူထုကို လှုံ့ဆော်စည်းရုံးခဲ့သည်။ ဦးစောသည် ညွန့်ပေါင်းအစိုးရအား အယုံအကြည်မရှိ၊ အဆိုကို ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် လွှတ်တော်၌ တင်သွင်းခဲ့သည်။ ဦးစောတင်သွင်းသော "ညွန့်ပေါင်းအစိုးရကို အယုံအကြည်မရှိ"အဆိုကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ အယုံအကြည်မရှိ အဆိုဘက်မှ မဲ ၇၀၊ ညွန့်ပေါင်းအစိုးရ ဘက်မှ ၃၇မဲဖြင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျခဲ့ရလေသည်။

ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရအား အယုံအကြည်မရှိ အဆိုကို မဲခွဲဆုံးဖြတ်သော ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်နေ့တွင် လွှတ်တော်ပြင်ပမှ ပြည်သူလူထုကလည်း ဆန္ဒပြ ထောက်ခံခဲ့ကြသည်။

ဒေါက်တာဘမော်ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားပြီးနောက် ၁၉၃၉တွင် ဦးပုဦးဆောင်သော ညွန့်ပေါင်းအစိုးရ တက်လာခဲ့လေသည်။ နန်းရင်းဝန် (ဝန်ကြီးချုပ်) ဦးပု (၁၈၈၀–၁၉၇၅)ကို ရွှေကျင်ဦးပုဟုလည်း ခေါ်ကြလေသည်။

## အခန်း(၇)
## ဒေါက်တာဘမော်နှင့်ဗမာ့ထွက်ရပ်ဂိုဏ်း

ဒေါက်တာဘမော်သည် နန်းရင်းဝန်ရာထူးမှ ပြုတ်ပြီးနောက်ပိုင်းတွင် ကျောင်းသားများအဖွဲ့ ပူးပေါင်း၍ နိုင်ငံရေးအင်အားစုကြီးတစ်ရပ် ထူထောင်ရန် ဒေါက်တာဘမော်ထံ လာရောက်ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီ၊ တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားများအဖွဲ့ ပူးပေါင်း၍ စစ်အတွင်းအင်အားစုကြီးတစ်ရပ် ဖွဲ့စည်းရန် ဆုံးဖြတ်ကြသည်။ ထိုအဖွဲ့ကြီး၏အမည်ကို သတ်မှတ်ရန် ရွေးချယ်ကြသောအခါ ဒေါက်

တာဘာမော်က ရှေးမြန်မာရာဇဝင်တွင် အထင်အရှားရှိခဲ့သည့် ထွက်ရပ်ပေါက်ဘိုးဘိုးအောင်၏ ထူးခြားသောအစွမ်းသတ္တိ အပေါ် အခြေခံ၍ ''ဗမာ့ထွက်ရပ်ဂိုဏ်း''ဟု အမည်ခေါ်ရန် အကြံပြုခဲ့သည်။

ထို့နောက် ဒေါက်တာဘာမော်၏နေအိမ်တွင် ကျင်းပသော အစည်းအဝေးတွင် 'ဗမာ့ထွက်ရပ်ဂိုဏ်း' (Burma Freedom Bolc) ကို စတင်ဖွဲ့စည်းခဲ့သည်။

တို့ဗမာထွက်ရပ်ဂိုဏ်းတွင် ဒေါက်တာဘာမော်မှ ဦးစီး ခေါင်းဆောင်ဖြစ်ပြီး သခင်အောင်ဆန်းမှာ အတွင်းရေးမှူးဖြစ် ၏။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တို့ မှာအောက်ပါအတိုင်းဖြစ်သည်။

(၁) ဒေါက်တာဘာမော် (ဆင်းရဲသားဝံသာနုအဖွဲ့)
ခေါင်းဆောင်

(၂) သခင်အောင်ဆန်း (တို့ဗမာအစည်းအရုံး)
အထွေထွေအတွင်းရေးမှူး

(၃) သခင်သန်းထွန်း (တို့ဗမာအစည်းအ ရုံး)
အမှုဆောင်

(၄) သခင်လှဘော် (တို့ဗမာအစည်းအရုံး)
အမှုဆောင်

(၅) သခင်နု (တို့ဗမာအစည်းအရုံး)
အမှုဆောင်

(၆) သခင်မြ (တို့ဗမာအစည်းအရုံး)
အမှုဆောင်

(၇) ဦးလှမင်း (ဆင်းရဲသားဝံသာနုအဖွဲ့)
အမှုဆောင်

(၈) ဗန္ဓုလဦးစိန် (ဆင်းရဲသားဝံသာနုအဖွဲ့)
အမှုဆောင်

(၉) ဒေါက်တာသိန်းမောင် (ငါးပွင့်ဆိုင်အဖွဲ့)
အမှုဆောင်

(၁၀) ဦးထွန်းအောင် (ငါးပွင့်ဆိုင်အဖွဲ့)
အမှုဆောင်

(၁၁) ဦးဘရွှေ (မန္တလေး) (နေပြည်တော်အဖွဲ့)
အမှုဆောင်

(၁၂) ဦးဘဦး (မန္တလေး) (နေပြည်တော်အဖွဲ့)

အမှုဆောင်

(၁၃) စောဖေသာ (ကရင်အမျိုးသား)

အမှုဆောင်

ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်လိုက်ပြီးနောက် အချက်ခုနစ်ချက်ပါဝင်သော ကြေညာချက်ကို ပြဋ္ဌာန်း၍ ထိုကြေညာချက်အတိုင်း ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တို့သည် တစ်နိုင်ငံလုံးတွင် ဟောပြောရန်စီမံခဲ့၏။ ထိုစဉ်က နိုင်ငံရေးဟောပြောချက်များတွင် စစ်နှင့်စပ်လျဉ်း၍ ဟောပြောလှုံ့ဆော်ခြင်းမပြုရန် အစိုးရက ကာကွယ်ရေးဥပဒေအရ တားမြစ်ထားသည်။ သို့သော်လည်း ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တို့သည် အစိုးရအာဏာကိုဖီဆန်သောသဘောဖြင့် ယင်းကြေညာချက်ကို လူသိရှင်ကြားဖတ်ပြရန် စီစဉ်ကြခြင်းဖြစ်သည်။

ကြေညာချက်တွင် –

"အင်္ဂလိပ်တို့က ဥရောပစစ်ပွဲကို ဒီမိုကရေစီ လွတ်လပ်ရေးအတွက် တိုက်နေပါသည်ဟုဆိုသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကလည်း လွတ်လပ်ရေးနှင့် ဒီမိုကရေစီတည်မြဲရေးကို

လိုလားသည်။ ဗမာ့လွတ်လပ်ရေးကို ပေးမည်ဟု ဗြိတိသျှတို့က ကတိပေးလျှင် အင်္ဂလိပ်တို့၏ စစ်မက်အင်အားကို ကူမည်။ လွတ်လပ်ရေးကိုပေးမည်ဟု ကတိမပေးလျှင် စစ်ရံပုံငွေထည့်ရန်လည်းမလို၊ လူအင်အားဖြင့် ကူညီလိမ့်မည်မဟုတ်၊ လွတ်လပ်ရေးပေးမည်ဆိုလျှင် မြန်မာပြည်၏ လွတ်လပ်ရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းဥပဒေကို ရေးဆွဲမည့် တိုင်းပြည်ပြုလွှတ်တော်ကိုလည်း ခေါ်ပေးပါ''ဟု အရေးဆိုခဲ့သည်။

ဒေါက်တာဘမော်ခေါင်းဆောင်သော ဆင်းရဲသားဝံသာနုအဖွဲ့ချုပ်ကြီးကလည်း ဗမာ့လွတ်လပ်ရေးမရဘဲ စစ်ပွဲကြီးတွင် ကူညီတိုက်ခိုက်မပေးနိုင်ကြောင်း အင်္ဂလိပ်အစိုးရက ''သူတို့သည် ဒီမိုကရေစီခေါ် ပြည်သူပြည်သားများလွတ်လပ်စွာအုပ်ချုပ်ရေးကို နိုင်ငံကလေးများ၌ ထိထိရောက်ရောက် ကာကွယ်ရန် နိုင်ငံများကို စုပေါင်း၍ လွတ်လပ်ရေးကို ရန်မူမည့်နိုင်ငံများကို တိုက်ထုတ်မည်''ဟု ထုတ်ပြန်ကြေညာခဲ့သည်။ အင်္ဂလိပ်အစိုးရအနေဖြင့် ဤကဲ့သို့သဘောထားရှိုးမှန်လျှင် အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးတို့ကို ပေးကပ်ရ

မည့် အချက်ကြီးသုံးချက်ကို တောင်းဆိုခဲ့သည်။ ယင်းတို့မှာ-

(၁) အင်္ဂလိပ်အစိုးရသည် မြန်မာပြည်က (ဒီမိုကရေစီနည်းစနစ်အလျောက် လွတ်လပ်မှု ရရှိထိုက်သော အခွင့်အရေးကို ဆန့်ကျင်လျက် ရန်သူသဖွယ် ပြုမူခြင်းကို ရပ်စဲ၍ ထိုအခွင့်အရေးကို ချက်ခြင်းအသိအမှတ် ပြုရန်၊

(၂) ဤကဲ့သို့လွတ်လပ်ခွင့်ရရှိစေရန် ရည်သန်လျက် မြန်မာပြည်အား ၎င်းတို့အလိုကျ အုပ်ချုပ်ရေးစနစ်ကို လွတ်လပ်စွာပြဋ္ဌာန်းစိမ့်သောငှာ အရွယ်ရောက်သူတိုင်း၏ မဲဆန္ဒဖြင့်ရွေးကောက်တင်မြှောက်သော မြန်မာပြည်အုပ်ချုပ်ရေးဥပဒေပြု (ပြည်သူ့လွှတ်တော်ကြီးဆင့်ခေါ်ရန်)

(၃) မြန်မာပြည်က ၎င်းအုပ်ချုပ်ရေးစနစ်ကို ပေဖန်ဆုံးဖြတ်စီမံပြဋ္ဌာန်းခြင်း မပြုသေးမီအတောအတွင်း မြန်မာပြည်ဘုရင်ခံအား အားလုံး

သောကိစ္စများတွင် ၎င်း၏ဝန်ကြီးချုပ်များ၏ အကြံဉာဏ်ဝါဒများကို တောင်းခံလျက် ဝန်ကြီးချုပ်အဖွဲ့များသည်လည်း တစ်တိုင်းပြည်လုံး၏ သက်ဆိုင်သောအုပ်ချုပ်ရေး၊ အရေးကြီးကိစ္စများတိုင်းတွင် ဥပဒေပြုလွှတ်တော်နှင့် ညှိနှိုင်းတိုင်ပင်ပြီး ၎င်း၏သဘော တူညီချက်ကို ရယူရမည်။

ထို့နောက်ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာဘမော်၊ ဦးထွန်းအောင်၊ ဦးဘဦး၊ စောဖေသာနှင့် ဦးလှဖေတို့သည် ၁၉၃၉ ခုနှစ် ဒီဇင်ဘာ ၂၉ရက်နေ့တွင် ဘိလပ်ပါလီမန် အမတ် ဆာစတက်ဖို့ကရစ် (Sir Stanffod Cripps)နှင့် ဒေါက်တာ ဘမော်၏အိမ်၌ တွေ့ဆုံရာ ဆာစတက်ဖို့ကရစ်က မြန်မာ့ နိုင်ငံရေးနှင့် ပတ်သက်၍ ပစ္စုပ္ပန်နှင့် အနာဂတ်အရေး ဗမာ များ၏ စိတ်နေသဘောထားအရင်းခံကို တွေ့ဆုံမေးမြန်းရာ ဒေါက်တာဘမော်က–

"ဗမာပြည်၏ ပစ္စုပ္ပန်နိုင်ငံရေးဟာ လုံးဝလွတ်လပ်ရေးပဲ။ ဒါကြောင့်ဗမာတို့ စစ်ကြီးမှာ ကူရေးမကူရေးဟာ လွတ်

လပ်ရေးအပေါ်မှာ လုံးဝတည်နေတယ်''ဟု ပြန်လည်ပြော ဆိုခဲ့သည်။

ဒေါက်တာဘမော် ခေါင်းဆောင်သော ဗမာ့ထွက်ရပ်ဂိုဏ်းကြီးအနေဖြင့် လူထုထောက်ခံမှုရရှိစေရေးအတွက် ရန်ကုန်–မန္တလေးအထက်မြန်မာပြည်တစ်လျှောက် လူထုစည်းဝေးပွဲကြီးများ ကျင်းပပြီး ထိုအစည်းအဝေးကြီးများတွင် ဗြိတိသျှတို့က ပိုလန်နှင့် အခြားနိုင်ငံလေးကို ကာကွယ်ရန် စစ်တိုက်ရကြောင်းကြေညာပြီး ဗမာလူမျိုးတို့အား လွတ်လပ်ရေးမပေးဘဲ အခြားနိုင်ငံ လွတ်လပ်ရေးကူညီပါဟု တိုက်တွန်းခြင်းမှာ မတရားသော သဘောဖြစ်သည်။ ဤစစ်ပွဲ၌ အခြားနိုင်ငံလွတ်လပ်မှုကို မကာကွယ်မီ မိမိတို့တိုင်းပြည် လွတ်လပ်ပြီးဖြစ်ရမည်။ လွတ်လပ်ရေးအတွက် မြန်မာပြည်ရှိ အသင်းအဖွဲ့အစည်းအရုံးအမျိုးမျိုးတို့က စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ရန် လှုံ့ဆော်စည်းရုံးခဲ့ရာ ဗမာ့ထွက်ရပ်ဂိုဏ်းသည် အင်အားအကောင်းဆုံး အမျိုးသားလှုပ်ရှားမှုကြီး ဖြစ်လာသည်။

ထို့ပြင်ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များသည် ဤစစ်ကြီးသည် နယ်ချဲ့စနစ်အရ တိုက်နေသော နယ်ချဲ့

စစ်ဖြစ်နေသောကြောင့် အားမပေးထိုက်ဟု စစ်ဆန့်ကျင်ရေး တို့ကို လှုံ့ဆော်ဟောပြောခဲ့ကြလေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီးအနေဖြင့် ၁၉၄၀ ခုနှစ် အစောပိုင်း ကာလသို့ရောက်သော လှုပ်ရှားထောက်ခံမှုကို တခဲနက် ရရှိခဲ့ရုံမျှမက ဗမာ့ထွက်ရပ်ဂိုဏ်းကြီးတွင် ပူးပေါင်း ဆောင်ရွက်နေသော ပါတီအချင်းချင်း စည်းလုံးညီညွတ်မှု လည်း ပိုမိုခိုင်မာ လာခဲ့သည်။ ၁၉၄၀နှစ်လယ်လောက် ရောက်သောအခါ သခင်အောင်ဆန်းသည် မြန်မာပြည် လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီ ရရေးအတွက် ပြည်ပနိုင်ငံသို့ သွားရောက်ရန် ကိစ္စကို ဒေါက်တာဘမော်ထံ လာရောက်ဆွေးနွေးခဲ့သည်။

ထို့နောက်ဒေါက်တာဆူဇူကီး (Dr. Suzuki) ၏ ဆက်သွယ်ပေးမှုကြောင့် ဂျပန်သံရုံးမှ ဒုတိယကောင်စစ်ဝန် မစ္စတာဖူကိုင်း (Mr.Fuki)နှင့် ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင် များဖြစ်ကြသော ဒေါက်တာဘမော်၊ သခင်အောင်ဆန်း၊ ဦးသိန်းမောင်တို့သည် ဒေါက်တာဘမော်၏ နေအိမ်၌ သခင် အောင်ဆန်း ဂျပန်နိုင်ငံသို့ထွက်ခွာရန် အစီအစဉ်များကို ညှိနှိုင်း

ခဲ့ကြသည်။ ဂျပန်ဒုတိယကောင်စစ်ဝန် မစ္စတာဖူးကိုင်းက သခင်အောင်ဝန်း ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခြင်းကို ဗြိတိသျှတို့ မရိပ်မိစေရန် တရုတ်နိုင်ငံ အမွိုင်ဆိပ်ကမ်းသို့ သင်္ဘောဖြင့် တိတ်တဆိတ်လိုက်ပါပြီး ဂျပန်နိုင်ငံသို့ ထွက်ခွာရန်အစီအစဉ်ရေးဆွဲခဲ့သည်။

ဗမာ့ထွက်ရပ်ဂိုဏ်းမှ ဒေါက်တာဘမော်ခေါင်းဆောင်သော ဆင်းရဲသားပါတီဝင်များ၊ တို့ဗမာအစည်းအရုံးမှ သခင်များသည် လူထုအစည်းအဝေးကြီးကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ရာ ၁၉၄၀ ခုနှစ် မေလအတွင်း သာယာဝတီမြို့တွင် ကျင်းပသော သခင်များ၏ လူထုအစည်းအဝေးပွဲကြီးတွင် သခင်နု၊ သခင် သန်းထွန်းတို့က

''ဗမာပြည်လွတ်လပ်ရေးအတွက် ပြင်းပြင်းထန်ထန် အရေးယူသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း''

ဟောပြောခဲ့ရာ ဗြိတိသျှအစိုးရက သခင်နု၊ သခင်သန်းထွန်းအပါအဝင် သခင်ခေါင်းဆောင်အများအပြားကို ဖမ်းဆီးခဲ့သည်။

သခင်ခေါင်းဆောင်များ ဟောပြောပြီးနောက် တစ်လ

အကြာ ၁၉၄၀ ခုနှစ် ဇွန်လအတွင်း ဒေါက်တာဘမော်၏ ဆင်းရဲ သားပါတီညီလာခံကြီးကို မန္တလေးမြို့၌ သုံးရက် တိုင်တိုင် ကျင်းပခဲ့သည်။ ညီလာခံနောက်ဆုံးနေ့တွင် ဆင်းရဲသားပါတီအား တော်လှန်ရေးအသွင်ဆောင်သည့် အင်အားစုတစ်ရပ် အဖြစ် အသွင်ပြောင်း၍ 'အာဏာရှင် စနစ်'ကို ထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး ဒေါက်တာဘမော်အား အာဏာရှင်အဖြစ် ညီလာခံမှ တင်မြှောက်ခဲ့ကြသည်။ ဤသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒေါက်တာဘမော်၏ ဆင်းရဲ သားပါတီသည် တော်လှန်ရေး အဖွဲ့အစည်းတစ်ခုဖြစ် လာသည်။ ပါတီ၏ဆောင်ရွက်မှုမှန်သမျှသည် 'အာဏာရှင်' ဒေါက်တာဘမော်၏ တာဝန်ဖြစ်လာပြီး ဤပါတီဝင်များ အားလုံးကို အတတ်နိုင်ဆုံးကာကွယ်ပေးရန် တာဝန်ရှိလာ သည်။ မန္တလေးမြို့၌ ကျင်းပသည့်ညီလာခံကြီး၏ နောက်ဆုံးနေ့တွင် ဒေါက်တာဘမော်သည် အချက်ခုနစ်ချက် ပါသော ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့လေသည်။ ယင်းကြေညာချက်မှာ–

(၁) မြန်မာနိုင်ငံအား လွတ်လပ်ရေးမပေးသမျှ

စစ်အတွင်းပါဝင်တိုက်ခိုက် မပေးနိုင်ကြောင်း ငြင်းဆိုရန်၊

(၂) မိမိတို့ရဲဘော်ရဲဘက်များကျဆုံးသွားသည့် အခါတိုင်း သူတို့ဆောင်ရွက်ခဲ့သော လမ်းစဉ် အတိုင်း ဆောင်ရွက်မည့်အကြောင်း အဓိ ပဋ္ဌာန်ပြုရန်

(၃) ခေါင်းဆောင်များ၏အမိန့်ကို တသွေမတိမ်း လိုက်နာရန်

(၄) စစ်သားစုဆောင်းရေးအဖွဲ့ဖွဲ့စည်းရန်

(၅) မြန်မာပြည်လွတ်လပ်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေကိုရေးဆွဲမည့် တိုင်း ပြုပြည်ပြုလွှတ်ခေါ်ပေးရန်

(၆) လွတ်လပ်ရေးအတွက် ရန်ပုံငွေများကို ရက် ရက်ရောရောလှူဒါန်းရန်၊

(၇) အာဏာရှင်အဖမ်းခံရပါက ၎င်းနေရာတွင် တော်လှန်ရေးကို ဦးဆောင်ရန်အာဏာရှင်က ခန့်အပ်ထားသော သုံးဦးအကြံပေးကော်မတီ

မှဖြစ်စေ၊ ၎င်းနေရာတွင်ဆက်ခံသူ ဖြစ်စေ
လွတ်လပ်ရေးရသည်အထိခေါင်းဆောင်၍
ဆောင်ရွက်ရန်စသည်တို့ ဖြစ်သည်။

အထက်ပါကြေညာချက်နှင့် ပတ်သက်၍ ပါတီ၏အာဏာရှင်ဖြစ်သော ဒေါက်တာဘမော်မှာသာလျှင် တာဝန်ရှိကြောင်းနှင့် ဗြိတိသျှအစိုးရအား တော်လှန်ရန်အတွက် ပြောင်ပြောင်တင်းတင်းပြသခဲ့သည်။

ထို့နောက်ဒေါက်တာဘမော်သည် ၁၉၄၀ ခုနှစ် ဇူလိုင်လတွင် မြန်မာ့လွတ်လပ်ရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်ရန် ဥပဒေပြုအဖွဲ့မှ နုတ်ထွက်လိုက်သည်။

၁၉၄၀ ခုနှစ် ဩဂုတ်လ၈ရက်နေ့တွင် ဒေါက်တာဘမော်အား စစ်ဆန့်ကျင်ရေး လှုံ့ဆော်ဆောင်ရွက်မှုများနှင့် အစိုးရဆန့်ကျင်ရေးဟောပြောမှုများကြောင့် မြန်မာပြည်ကာကွယ်ရေးဥပဒေကို ချိုးဖောက်သည်ဟူသော စွဲချက်ဖြင့် ရန်ကုန်မြို့၌ ဖမ်းဆီး၍ မန္တလေးမြို့သို့ ချက်ခြင်းခေါ်ဆောင်လာခဲ့သည်။ မန္တလေးတရားရုံး၌ ဒေါက်တာဘမော်အား ရုံးတင်စစ်ဆေးပြီး ၁၉၄၀ခုနှစ်

ဩဂုတ်လ ၂၈ရက်နေ့တွင် ထောင်ဒဏ်တစ်နှစ်ကျခံစေရန် စီရင်ချက်ချခဲ့သည်။

ထို့နောက်စီရင်ချက်ချပြီးနောက် ၁၉၄၀ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်ဗဟိုအကျဉ်းထောင်သို့ ပို့ခဲ့သည်။ ထိုအခါ ဒေါက်တာဘမော်သည် ထောင်မှလွတ်မြောက်ရာတွင် လွယ်ကူစေရန် ဗြိတိသျှအစိုးရ၏ ရုံးစိုက်ရာဒေသနှင့် ဝေးကွာပြီး တင်းကျပ်စွာ စောင့်ကြည့်မှုမှ လွတ်ကင်းမည့် မိုးကုတ်ထောင်သို့ ပြောင်းရွှေ့ခွင့်ရရန်၊ ရန်ကုန်ထောင် အာဏာပိုင်ဆရာဝန်၏အကူအညီဖြင့် ၁၉၄၀ခုနှစ် အောက်တိုဘာတွင် မိုးကုတ်ထောင် သို့ရွှေ့ပြောင်းခဲ့သည်။

ထို့နောက်မြန်မာနိုင်ငံကို ရဲဘော်သုံးကျိပ်တို့နှင့်အတူ ဂျပန်တို့ဝင်လာချိန်တွင် ဒေါက်တာဘမော်သည် ထောင်တာဝန်ခံဦးမြင့်၊ မိုးကုတ်ထောင်မှ ထောင်ဆရာဝန်ဒေါက်တာသိန်းဖေ၊ ဇနီးသည် ဒေါ်ခင်မမတို့နှင့်တိုင်ပင်၍ မိုးကုတ်ထောင်မှ ထွက်ပြေးလာခဲ့ရာ မိုင်းလွန်မှတစ်ဆင့် ကျောက်မဲသို့ထွက်ခွာအလာတွင် သူ့အားလာရောက်ရှာဖွေသော ဂျပန်စစ်တပ်နှင့် ၁၉၄၂ ခုနှစ် မေလအတွင်း တွေ့ဆုံခဲ့သည်။

## အခန်း(၈)
## ဂျပန်လက်ထက်ဒေါက်တာဘမော်အစိုးရ

ဒေါက်တာဘမော်သည် ဗြိတိသျှအစိုးရလက်ထက်က ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ဗြိတိသျှအစိုးရအား ဆန့်ကျင်တိုက်ခိုက်ခြင်းတို့ကြောင့် ဂျပန်တို့သည် မြန်မာပြည်အုပ်ချုပ်ရေးတွင် တာဝန်ပေးရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက်ဂျပန်စစ်သေနာပတိ လက်ဖနင်ဂျင်နရယ် အီးဒါး (Lt.Gen. Shojiro Iida) သည် မြန်မာပြည် အုပ်ချုပ်ရေးအသစ် ထူထောင်ရန်အတွက် အစိုးရအဖွဲ့ကို စနစ်တကျ စီစဉ်ရွေးချယ်ပြီး ၁၉၄၂ခုနှစ် မေလ တတိယပတ်တွင် မေမြို့ (ပြင်ဦးလွင်)၌ ဒေါက်တာဘမော်အား ခေါ်င်းဆောင်ထား၍

ဒေါက်တာသိန်းမောင်၊ ဦးဘဘော၊ သခင်မြ၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ ဦးထွန်းအောင်၊ ဗန္ဓုလဦးစိန်၊ ဦးဘသိန်း၊ ဦးလှဖေတို့ပါဝင်သော အုပ်ချုပ်ရေးစီစဉ်မှုကော်မတီ (Provisional Administrative Comittee) အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

အစိုးရအဖွဲ့ဝင်ပါဝင်သောဝန်ကြီးများမှာ

| | | |
|---|---|---|
| (၁) | ဒေါက်တာဘမော် | ဝန်ကြီးချုပ် |
| (၂) | သခင်မြ | (ဌာနလက်ကိုင်မရှိ၊ နောင်မှပြည်ထဲရေးဌာနကို တာဝန်ခံရသည်) |
| (၃) | ဒေါက်တာသိန်းမောင် | ဘဏ္ဍာရေး |
| (၄) | ဦးထွန်းအောင် | တရားဌာန |
| (၅) | သခင်သန်းထွန်း | မြေနှင့်လယ်ယာစိုက်ပျိုးရေးဌာန |
| (၆) | သခင်ထွန်းအုပ် | သစ်တောရေး |
| (၇) | သခင်ဗစိန် | ဆည်မြောင်းနှင့် |

| | | |
|---|---|---|
| | | အလုပ်သမား |
| (၈) | ဗန္ဓုလဦးစိန် | လမ်းပန်းအဆောက်အဦးနှင့် ပြန်လည်ထူထောင်ရေး |
| (၉) | ဦးဘဝင်း | ပညာရေးနှင့် ကျန်းမာရေး |
| (၁၀) | ဦးလှဖေ | ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုလက်မှုစသည် တို့ဖြစ်သည်။ |

ဒေါက်တာဘမော်သည် ပြဿနာသုံးခုကို အစိုးရတည်ထောင်ပြီးလျှင်ပြီးခြင်း တွေ့ကြုံခဲ့ရသည်။ ပထမပြဿနာမှာ အင်္ဂလိပ်ငွေစက္ကူပြဿနာဖြစ်သည်။ ဂျပန်တို့သည် ၎င်းတို့ရိုက်နှိပ်သော ငွေစက္ကူကိုသာ သုံးစွဲစေလိုသည်။

ထိုအခါဝန်ကြီးချုပ်ဒေါက်တာဘမော်က–

"စစ်ဘက်ကသာ ဒီလိုအင်္ဂလိပ်ငွေစက္ကူတန်ဖိုးမရှိဟု

ကြေညာလိုက်လျှင် (၁)အင်္ဂလိပ်ငွေစက္ကူကုဋေ(၂၀)ကျော် ကျန်ရစ်သော ဗမာပြည်သည် တစ်ပြည်လုံး၊ တစ်မျိုးလုံး ချက်ခြင်းမွဲသွားလိမ့်မည်။ (၂) ငွေအိတ်ကိုထိလျှင် တစ်ပြည်လုံးက ဂျပန်ကိုစိတ်နာမုန်းတီးသွားလိမ့်မည်။ (၃) အိန္ဒိယက ကြားလျှင်လည်း တုန်လှုပ်ခြောက်ခြားသွားပြီး ဂျပန်ကိုလန့်သွားလိမ့်မည်။ (၄) ဆင်းရဲမွဲတေသွားသည့်အတွက် ဓားပြအကြီးအကျယ်ထလိမ့်မည်။ (၅) အင်္ဂလိပ်ငွေစက္ကူတန်ဖိုးမရှိဟု ကြေညာလျှင် ကျွန်ုပ်တာဝန်ယူထားသော တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို တာဝန်မခံနိုင်''ဟု ကာကွယ်ခဲ့သည်။

ဒုတိယပြဿနာမှာ အင်္ဂလိပ်ကပြားနှင့် တရုတ်ပြဿနာဖြစ်သည်။ ဂျပန်တို့သည် ၎င်းတို့နှစ်ဦးစလုံးကို လုံးဝမယုံကြည်၊ တရုတ်များကို ချန်ကေရှိတ် (Chaiang Kai-Shek-1886-1975) ဘက်တော်သားဟု အထင်ရှိကာ နှိပ်စက်ညှင်းပန်းလို၏။ အင်္ဂလိပ်ကပြားများကိုလည်း အင်္ဂလိပ်သွေးပါသည့် သူလျှိုတွေဖြစ်သည်ဆိုပြီး ဒုက္ခပေးလို၏။ ''အင်္ဂလိပ်ကပြားများ ဘောင်းဘီမဝတ်ရ၊ လုံချည်ဝတ်ရမည်''ဟု ပညတ်၏။ ဒေါက်တာဘမော်က ''သူတို့တစ်သက်လုံးဘောင်းဘီ

ဝတ်လာသည်၊ ဤကဲ့သို့ချုပ်ချယ်လျှင် မသင့်လျော်၊ ဗမာသွေးလည်းပါပါသေးသည်''စသော အကြောင်းအမျိုးမျိုးပြကာ ကပြားအရေးဖြေရှင်းပေးခဲ့သည်။

တရုတ်များအရေးကိစ္စတွင်လည်း ''ဗမာပြည်ရှိ တရုတ်လူမျိုးတွေဟာ 'ဝမ်ချင်ဝေ' (Wang Ching-wei) ဘက်တော်သားတွေ ဖြစ်ကုန်ပြီ။ သူတို့ကိုအရေးယူလျှင် မှားလိမ့်မည်''ဟု ကာကွယ်ခဲ့သည်။ ထို့အတွက်ကြောင့် တရုတ်လူမျိုးများကလည်း ဒေါက်တာဘမော်၏ စွမ်းဆောင်ချက်ကြောင့် တရုတ်များ၏ အသက်ချမ်းသာရာရခဲ့ကြောင်း အသိအမှတ်ပြုခဲ့ကြလေသည်။

တတိယပြဿနာမှာ ဘီအိုင်ဘေတပ်မတော်ကို ဂျပန်တပ်က ဖျက်သိမ်းခြင်းဖြုတ်ဖြစ်သည်။ မြန်မာနိုင်ငံကို လွတ်လပ် ရေးမပေးလိုသော ဂျပန်စစ်အာဏာပိုင်များသည် မြန်မာပြည်မှ အင်္ဂလိပ်တို့ကို တိုက်ထုတ်ရာတွင် အထူးအကူအညီပေးခဲ့ သော ဘီအိုင်အေတပ်မတော်အား ဖျက်သိမ်းစေလိုသဖြင့် အပြစ်အမျိုးမျိုးရှာ၏။ ထိုအခါ မြန်မာခေါင်းဆောင်တို့က ဂျပန်တို့ လက်နက်အားကိုးဖြင့်

ခိုးမိုးနေချိန်တွင် လက်နက်ကိုင် မြန်မာအမျိုးသား တပ်တစ်ဘပ်ရှိမှ ဖြစ်မည်ဟု နှလုံးသွင်းမိကြ၏။ ဂျပန်စစ်သေနာပတိ သက်ဖနင်ဂျင်နရယ်အီးဒါးက "ဘီအိုင်အေတပ်သားတွေရော၊ စစ်ဗိုလ်တွေရော စည်းကမ်း မသေဝပ်ဘူး"ဟူသောအကြောင်း ပြချက်ဖြင့် ဘီအိုင်အေတပ်ကို ဖျက်သိမ်းရန် ကြိုးစားခဲ့ရာ ဝန်ကြီးချုပ်ဒေါက်တာဘမော် က -

"--ကမ္ဘာမှာ အယဉ်ကျေးဆုံး စည်းကမ်းအသေဝပ်ဆုံး ဆိုတဲ့အင်္ဂလိပ်စစ်သားတွေ ဗမာ့ပြည်က ထွက်သွားခါနီးမှာ ဘာလုပ်ခဲ့တယ်ဆိုတာ၊ ပြီးတော့ ခင်ဗျားတို့ဂျပန်စစ်သားတွေရော၊ ဗမာပြည်ဝင်ဝင်လာခြင်း အများအယွင်းတွေကို ဘယ်လိုလုပ်တယ်ဆိုတာ သိတယ်မဟုတ်လား။ ဒီလိုအယဉ်ကျေးဆုံး စည်းကမ်းအသေဝပ်ဆုံးဆိုတဲ့ စစ်သားတွေတောင် မှားကြရင်-- ဗမာ့လွတ်လပ်ရေးတစ်ခုကိုသာမြင်တဲ့ ဗမာ့စစ်သားလေးတွေ ဟောဒီလောက်တော့ မှားကြမှာပေါ့။ ဗမာ့စစ်တပ်ကို ဖျက်လိုက်ရင်--ဘုရားပြီး ငြမ်းဖျက်တယ်လို့ ဗမာတွေစိတ်ထိခိုက်ကြလိမ့်မယ်။---ဗမာပြည်ကို လုံးဝလွတ်လပ်ရေးပေးဖို့ ရည်ရွယ်ထားရိုးမှန်ရင် အခုက ပြင်ဆင်လမ်း

ခင်းထားတဲ့သဘောနဲ့ ဗမာ့တပ်မတော်ရှိရမယ်။ ဒါမှလည်း ဗမာက ဂျပန်ကိုယုံမယ်၊ ဗမာ့စစ်တပ်ကို လုံးဝဖျက်ပစ်ရင်တော့ ယခုလွှဲအပ်ထားတဲ့ ဗမာပြည်အုပ်ချုပ်ရေးကို တာဝန်မခံနိုင်'' ဟူ၍

ပြောဆိုဆွေးနွေးခဲ့ရာ ဂျပန်စစ်သေနာပတိ လက်ဖနင်ဂျင်နရယ်အီးဒါးသည် ဘီအိုင်အေကို ဗမာ့ကာကွယ်ရေးတပ်မတော် ဘီဒီအေဟု အမည်ပြောင်းပြီး ဗမာ့တပ်မတော်ထားရှိရေးကို သဘောတူလိုက်ရလေသည်။

ဂျပန်ခေတ်ဒေါက်တာဘမော်၏ အစိုးရအဖွဲ့သည် ပြည်တွင်းရေးကိစ္စများကိုသာ ဆောင်ရွက်ခွင့်ရခဲ့သည်။ ဂျပန်အစိုးရသည် ဒေါက်တာဘမော်အား ရုပ်သေးအဖြစ်အလိုရှိသည်။ သို့သော်ဒေါက်တာဘမော်သည် ဂျပန်ကြိုးဆွဲတာမခံ၊ ထို့ကြောင့်ကြိုးဆွဲလိုသော ဂျပန်စစ်တပ်နှင့် ဒေါက်တာဘမော်တို့မှာ ပဋိပက္ခများစွာ ကြုံတွေ့ခဲ့ရသည်။

ဒေါက်တာဘမော်ခေါင်းဆောင်သော မြန်မာအစိုးရနှင့် ဂျပန်စစ်အစိုးရတို့သည် ဂျပန်ဘာသာစကားကို မြန်မာနိုင်ငံတွင် ကျောင်းသုံး၊ ရုံးသုံးဘာသာစကားအဖြစ် အသုံး

ပြုရေးကိစ္စနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ခဲ့ရသည်။ ဂျပန်တို့သည် အရှေ့တောင်အာရှနိုင်ငံများအပေါ် ထားရှိသော ဂျပန်တို့၏နိုင်ငံခြားရေးဝါဒအရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ဂျပန်ဘာသာစကားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးအတွက် ကြိုးစားလာကြသည်။

ဒေါက်တာဘမော်က အင်္ဂလိပ်ဘာသာစကားသည် မြန်မာနိုင်ငံတွင် ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုလာခဲ့သည်မှာ အချိန်ကြာမြင့်ပြီဖြစ်၍ အဓိကကျသော ကဏ္ဍမှ ပါဝင်နေပြီဖြစ်သည်။ သို့သော် အင်္ဂလိပ်ဘာသာစကားနေရာတွင် အစားထိုးအသုံးပြုရန်အတွက် မြန်မာတို့၏ အမျိုးသားဘာသာစကားဖြစ်သော မြန်မာစာကိုသာ ရုံးသုံး၊ ကျောင်းသုံးအဖြစ် အသုံးပြုမည့်အကြောင်းဆွေးနွေးခဲ့သည်"

ဂျပန်အစိုးရက မြန်မာအစိုးရသည် ငါတို့စစ်အုပ်ချုပ်ရေး လက်အောက်ခံဟူသော သဘောဖြင့် မြန်မာအစိုးရ ပညာရေးဝန်ကြီး ဦးဘဝင်းအား ဂျပန်စစ်ဘက်၏ ခိုင်းစေချက်အရ ဂျပန်စာကို မသင်မနေရ ပညာရေးလုပ်ရန် အကြံပေး၏။ ဒေါက်တာဘမော်က–

"ဒီဂျပန်ကိုပြောလိုက်စမ်းပါ၊ ဒါဟာဗမာပြည်၊ မင်းတို့ဂျပန်ပြည်ကို ဗမာကသွားပြီး၊ ဗမာစာမသင်မနေရလုပ်လျှင် ဂျပန်တွေခံနိုင်ပါ့မလား" ဟု ပြောကြားခဲ့ရာ ဂျပန်အစိုးရက ဒေါက်တာဘမော်အား–

"တို့ဂျပန်စာကို အင်္ဂလိပ်စာနဲ့ တန်းတူထားတယ်၊ အင်္ဂလိပ်ဝါဒရှိတယ်။ ဒါကြောင့်လည်း သူဟာ စကားပြောရင် အင်္ဂလိပ်စကားကို တွင်တွင်ကြီးပြောနေတာပဲ" ဟု စွပ်စွဲခဲ့ကြလေသည်။

ဒေါက်တာဘမော်သည် ဗမာစာကို ရုံးသုံးဘာသာစကားအဖြစ် ပြဋ္ဌာန်းအမိန့်ထုတ်လိုက်သောအခါတွင်လည်း ဂျပန်စစ်အစိုးရက မကျေမနပ်ဖြစ်ခဲ့သည်။

## အခန်း(၉)
## ဒေါက်တာဘမော်နှင့်တို့ဗမာဆင်းရဲသားအစည်းအရုံး

ဂျပန်အစိုးရသည် မြန်မာအစိုးရ၏ အုပ်ချုပ်ရေးတွင် ဘက်ပေါင်းစုံမှ ဝင်ရောက်စွက်ဖက်မှုကြောင့် ဒေါက်တာ ဘမော်ခေါင်းဆောင်သော မြန်မာအစိုးရသည် အုပ်ချုပ်ရေးတွင် ဂျပန်တို့ရှိသလောက်သော ဗမာအစည်းအရုံးကြီးတစ်ခု ရှိရန် လိုအပ်သည်ဟု ယူလာကြသည်။ ထိုယူဆချက်နှင့်အညီ သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံးဝင် သခင်များ၊ သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့ကြီးမှူးသော တို့ဗမာအစည်းအရုံးအဖွဲ့အဝင်များနှင့် ဆင်းရဲသားဝံသာနုအဖွဲ့ ဝင်များ ပူးပေါင်း၍ ၁၉၄၂ခု ဇူလိုင် ၂၇တွင် "တို့ဗမာဆင်းရဲသား အစည်းအရုံး"ကို ဖွဲ့စည်း၍ တစ်နိုင်ငံလုံးတွင် ထူထောင် လိုက်လေသည်။ အဖွဲ့၏အဓိကရည်ရွယ်ချက်မှာ မြန်မာတစ်

နိုင်ငံလုံး တစ်သွေး၊ တစ်သံ၊ တစ်မိန့်ထဲဖြစ်စေရန် မြန်မာ့လွတ်လပ်ရေးနှင့် ခေတ်သစ်ထူထောင်ရေးဆောင်ရွက်ရန်နှင့် အာရှခေတ်သစ်ထူထောင်ရေးတွင် ပါဝင်ရန်တို့ဖြစ်သည်။

ထိုပြင်ဂျပန်တို့နှင့် ဆက်ဆံရာတွင် မြန်မာတို့က စည်းလုံးမှုရှိရာမှ ဂျပန်တို့က လေးစားပေမည်။ ထိုသဘောအရ မြန်မာတို့မှာ တစ်လုံးတစ်စည်းတည်းဖြစ်ကြောင်း၊ တို့ဗမာအစည်းအရုံးခေါင်းဆောင်အဖြစ် ဒေါက်တာဘမော်အား အာဏာရှင်အဖြစ် တင်မြှောက်ခဲ့သည်။ အစည်းအရုံး၏ တည်ရာဌာနကို ရန်ကုန်မြို့အလံပြဘုရားလမ်း အမှတ်၃၇၌ ဖွင့်လှစ်ထားသည်။

အာဏာရှင်၏ အတိုင်ပင်ခံအဖွဲ့ဝင်များအဖြစ် သခင်မြ၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ ဦးထွန်းအောင်၊ ဦးသာဇံလှ၊ ဟသ်ာတဦးမြ၊ ဒေါက်တာစံစီဖိုးနှင့် ဒေါ်ခင်မမမော် (ဒေါက်တာဘမော်ကြင်ယာတော်)တို့ကို ခန့်ထားပြီး သခင်သန်းထွန်းအား အာဏာရှင်အတိုင်ပင်ခံအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ခန့်အပ်လိုက်သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို အစည်းအရုံး၏ ဂုဏ်ထူးဆောင်အဖြစ်

တင်မြှောက်ခဲ့သည်။ ဌာနချုပ်အစည်းအရုံးကြီး၏ ဌာနချုပ်မှူးမှာ သခင်နု၊ သခင်ချစ်၊ သခင်ညီတို့ဖြစ်သည်။

ထို့နောက်အစည်းအရုံးယူနီဖောင်းဝတ်စုံအဖြစ် ဆင်းရဲသားဝံသာနုတို့၏ တံဆိပ်အမှတ်အသား ဓားမဦးထုပ်နှင့် ဓားကိုယ်ကြပ်အကျီတို့ကို သတ်မှတ်ခဲ့သည်။

တို့ဗမာဆင်းရဲသား အစည်းအရုံး၏အလံအဖြစ် သခင်များနှင့် ဆင်းရဲသား ဓားမပါတီဝင်များ ညှိနှိုင်းကာ အဝါရောင်သုံးပုံနှစ်ပုံအောက်မှ အစိမ်းရောင်တစ်ပုံခံ၍ အစိမ်းရောင်ပေါ်တွင် နေတစ်ခြမ်းထွက်နေသည့်ပုံကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ဒေါက်တာဘမော်သည် တို့ဗမာဆင်းရဲသား အစည်းအရုံးမြို့နယ်ခေါင်းဆောင်များ ခန့်ပွဲကျင်းပသော ၁၉၄၂ ဒီဇင်ဘာ ၂တွင် မိန့်ခွန်းစကားပြောကြားရာ၌–

"––ဂျပန်တွေ နေရာတကာ အာဏာပြနိုင်တာဘာလဲ 'အား'။ သူတို့ကို အာဏာပြချင်ရင် သူတို့အာဏာပြတာကို မခံချင်ရင် သူတို့လိုဗမာတွေ "အား" ရှိအောင်လုပ်၊ အခုရှိတဲ့ ခင်ဗျားတို့ ကျုပ်တို့အသက်ဟာ လွတ်လပ်

ရေးတိုက်ပွဲတုန်းက ဆုံးပြီလို့ထားတဲ့အသက်ကို ပြန်ကောက်ရတာဟာ၊ အမြတ်ပဲ။ အသက်အရင်းတောင် စွန့်ဖို့မကြောက်ခဲ့တဲ့လူတွေဟာ အခုအမြတ်ကျမှဖြင့် ဖြုတောင်မဖြုံဘူးဆိုတာပြလိုက်ကြစမ်းပါ။ သေတာဟာ အဆန်းမဟုတ်ဘူး။ ကိုယ့်အသက်ကို ရင်ထဲမှာမထားလဲ လွယ်အိတ်ထဲထားပြီး ချီတက်ကြလော့'' ဟူ၍ရဲရဲတောက်ပြောကြားခဲ့သည်။

ထို့အပြင် ဒေါက်တာဘမော်သည် လွတ်လပ်ရေးမရရင် ရတဲ့လွတ်လပ်ရေး တင်းပြည့်ကျပ်ပြည့်မဖြစ်လျှင် ရရှိထားသော လွတ်လပ်ရေးလည်း လက်မလွတ်စေဘဲ ဂျပန်ကိုဆန့်ကျင်တိုက်ခိုက်ရည်ရွယ်ချက်ဖြင့် လမ်းပန်းအဆောက်အဦးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဗန္ဓုလဦးစိန်အား 'အား' ဝါဒကို ဖြန့်နိုင်းခဲ့သည်။ ဒေါက်တာဘမော် ပြောကြားခဲ့သောမိန့်ခွန်းအတွက် ဂျပန်စစ်တပ်မှာ လှုပ်ရှားသွားခဲ့သည်။

ထိုအသံလွှင့် ပြောကြားချက်သည် လွတ်လပ်ရေးကိုလိုလားနေသော မြန်မာပြည်သူပြည်သားများ၏ စိတ်အားကိုတက်ကြွစေသကဲ့သို့ မြန်မာပြည်ရှိ ဂျပန်စစ်တပ်နှင့် တိုကျိုရှိဂျပန်အစိုးရကပါ မြန်မာတွေကို မလိမ့်တပတ်လုပ်လို့

မရှာဘူးဟု သိစပြုလာကြသည်။

ဤသို့ ဒေါက်တာဘမော်၏ခေါင်းဆောင်ပုံ လိမ္မာမှုကြောင့် တိုတောင်းလှသော လအနည်းငယ်အတွင်း မြန်မာတွေလွတ်လပ်ရေးနှင့်ထိုက်တန်ခြင်းကို ပြသခြင်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဟိဒေးကီတိုဂျို (Gen. Hideki Tojo 1884-1948 )က ၁၉၄၃ ဇန်နဝါရီ ၂၂ တွင် ဂျပန်ဒိုင်ယက် (Diet) လွှတ်တော်၌ ''ဂျပန်ပြည်အစိုးရ ကလွတ်လပ်သော မြန်မာပြည်ပေါ်ပေါက်ရန်လိုလားပါသည်'' ဟု ကြေညာခဲ့သည်။ ထို့နောက် ၁၉၄၃ ဇန်နဝါရီ ၂၈ တွင် တိုဂျိုက မြန်မာများတောင့်တနေသောလွတ်လပ်ရေးကို တစ်နှစ်အတွင်းပေးပါမည်ဟု အတိအလင်းကြေညာခဲ့သည်။ မြန်မာပြည် လွတ်လပ်ရေးအတွက်ဆွေးနွေးရန်ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ၁၉၄၃ မတ်လ ၁၁တွင်ဒေါက်တာဘမော် ခေါင်းဆောင်သော သခင်မြ၊ ဒေါက်တာသိန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့သည် ဂျပန်နိုင်ငံသို့ ထွက်ခွာလာခဲ့ကြရာ ဒေါက်တာဘမော်၏ အတွင်းရေးမှူးအဖြစ် ဦးကျော်ငြိမ်းက လိုက်ပါသွားခဲ့သည်။

ဂျပန်နိုင်ငံသို့ ရောက်ရှိလာသော မြန်မာဝန်ကြီးချုပ် ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိန်းမောင်တို့သည် ၁၉၄၃ မတ် ၂၃ တွင် ဧကရာဇ်ဘုရင် ဟီရိုဟီတို(၁၉၀၁–၁၉၈၉)နှင့် တွေ့ဆုံခဲ့သည်။ ဂျပန်ဧကရာဇ် ဟီရိုဟီတိုက ဒေါက်တာဘမော်အား တက်နေဝန်းပထမတန်းစား တံဆိပ်နှင့် စလွယ် (First Class Order of Rising Sun with Grand Cordan) သခင်မြနှင့် ဒေါက်တာသိန်းမောင်တို့အား မွန်မြတ်သော ရတနာ(ဒုတိယဆင့်) ဘွဲ့တံဆိပ် (Second Class Order of the Sacred Trea-sures)၊ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်အောင်ဆန်းအား တက်နေဝန်း (တတိယဆင့်) တံဆိပ်နှင့်ဆလွယ်လတ် (Third Class Order of the Rising Sun with Middle Cordon) ကို ချီးမြှင့်ခဲ့သည်။

## အခန်း(၁၀)
## ဒေါက်တာဘမော်နှင့်မြန်မာလွတ်လပ်ရေး

ဒေါက်တာဘမော်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၃ခုနှစ်၊ မေလ ၈ တွင် မြန်မာပြည်လွတ်လပ်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် 'မြန်မာနိုင်ငံလွတ်လပ်ရေးစီစဉ်မှုအဖွဲ့' (Burma Independence Preparatry Commission) ကို ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးစီစဉ်မှုအဖွဲ့၌ ပါဝင်သော ပုဂ္ဂိုလ်များမှာ–

| | |
|---|---|
| (၁) ဒေါက်တာဘမော် | ဥက္ကဋ္ဌ |
| (၂) သခင်မြ | အဖွဲ့ဝင် |
| (၃) ဒေါက်တာသိန်းမောင် | အဖွဲ့ဝင် |
| (၄) သခင်သန်းထွန်း | အဖွဲ့ဝင် |

(၅) ဗိုလ်ချုပ်အောင်ဆန်း အဖွဲ့ဝင်
(၆) သခင်ထွန်းအုပ် အဖွဲ့ဝင်
(၇) သခင်ဗစိန် အဖွဲ့ဝင်
(၈) ဦးလှဖေ အဖွဲ့ဝင်
(၉) ဦးထွန်းအောင် အဖွဲ့ဝင်
(၁၀) ဗန္ဓုလဦးစိန် အဖွဲ့ဝင်
(၁၁) ဦးဘဝင်း အဖွဲ့ဝင်
(၁၂) ဆာမြဘူး အဖွဲ့ဝင်
(၁၃) သခင်ကိုယ်တော်မှိုင်း အဖွဲ့ဝင်
(၁၄) ဦးဘကျ် အဖွဲ့ဝင်
(၁၅) ဦးချစ်လှိုင် အဖွဲ့ဝင်
(၁၆) သခင်နု အဖွဲ့ဝင်
(၁၇) ဒေါက်တာစံစီဖိုး
(ကရင်ခေါင်းဆောင်) အဖွဲ့ဝင်
(၁၈) ဦးအေး အဖွဲ့ဝင်
(၁၉) ဝတ်လုံဦးသိမ်းမောင် အဖွဲ့ဝင်
(၂၀) ဟသ်ာတဦးမြ အဖွဲ့ဝင်

(၂၁) ဦးအေးမောင်
(သစ်ကုန်သည်)　　　　အဖွဲ့ဝင်
(၂၂) ဦးထွန်းဖေ (ယုဒသန်)　　အဖွဲ့ဝင်
(၂၃) ဆာဦးလွင်　　　　အဖွဲ့ဝင်
(၂၄) ဦးကျော်　　　　အဖွဲ့ဝင်
(၂၅) ဦးခင်မောင်ဌေး　　　　အဖွဲ့ဝင်
(၂၆) ဦးကျော်ငြိမ်း　　　　အတွင်းရေးမှူး
တို့ဖြစ်ကြသည်။

လွတ်လပ်ရေးစီစဉ်မှုအဖွဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲနေကြသည့် ၁၉၄၃ ခုနှစ် ဇူလိုင်လအတွင်းတွင် ဂျပန်နန်းရင်းဝိုလ်ချုပ်ကြီး ဟီဒေးကိတိုဂျို(Hideki Tojo, 1884-1948)နှင့်စင်္ကာပူ၌တွေ့ဆုံ၍ မြန်မာပြည်လွတ်လပ်ရေးအတွက် ထပ်မံဆွေးနွေး ကြပြန်သည်။ အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယအမျိုးသားတပ်မတော် သေနာပတိ ဘူဘတ်ချန်ဒရာဗို့စ် (Subbas Chandra Bose) လည်း တက်ရောက်ခဲ့သည်။

နန်းရင်းဝန်တိုဂျိုနှင့် ဒေါက်တာဘမော် မတွေ့ကြ

သေးမီ ရက်ပိုင်းအတွင်းကပင် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကောင်းတုံနှင့် မိုင်းပွန်နယ်နှစ်နယ်ကို ဂျပန်အစိုးရသည် ယိုးဒယား(ထိုင်း) အစိုးရသို့ လက်ဆောင်အဖြစ် ပေးပစ်လိုက်လေသည်။ဒေါက်တာဘမော်သည် စင်္ကာပူတွင် နန်းရင်းဝန် ဘိုကျိုနှင့်တွေ့ဆုံသည့်အခါ ကောင်းတုံနှင့်မိုင်းပွန်ကိစ္စများကို ဆွေးနွေးနိုင်ခဲ့ခြင်းမရှိပေ။

ဒေါက်တာဘမော်သည် စင်္ကာပူတွင် နန်းရင်းဝန်တိုကျို နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံသို့ ရောက်ရှိလာသောအခါ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ဂျပန်သတင်းစာလောကမှ ကိုယ်စားလှယ်များကို တက်ရောက်ရန်ဖိတ်ကြားခဲ့သည်။ ဂျပန် သတင်းစာကိုယ်စားလှယ်များသည် ဒေါက်တာဘမော်နှင့်ဂျပန် နန်းရင်းဝန်တိုကျိုတို့ စင်္ကာပူတွင်တွေ့ဆုံဆွေးနွေးကြသည့် အကြောင်းရင်းများကို မေးမြန်းခဲ့ရာ ဒေါက်တာဘမော်က မြန်မာနိုင်ငံ၏ရှေ့အနာဂတ်ကိစ္စများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ ကြောင်းကိုသာ ပြောကြားခဲ့သည်။ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သော ဂျပန်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ

သည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာလိမ့်မည်ဟု သဘောပေါက်ခဲ့သည်။

၁၉၄၃ ခုနှစ် ဇူလိုင်လ ၃၁ တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်တပ်များ၏ သေနာပတိကာဝါဘီက မြန်မာနိုင်ငံ လွတ်လပ်ရေးစီစဉ် မှုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘမော်ထံ ဂျပန်အစိုးရက မြန်မာနိုင်ငံကို ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ တွင် လွတ်လပ်ရေးပေးရန် ညွှန်ကြား ချက် ရရှိပြီဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။

ထို့နောက်ဂျပန်ဗဟိုစစ်ဌာနချုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်တပ်၏ စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကာဝါဘီက ယခုလက်ရှိ စစ်အုပ်ချုပ်ရေးကို ဖျက်သိမ်းလိုက်ကြောင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ စက်ယန္တရားအသစ်ကို စီစဉ် ထူထောင်ရန်နှင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲခြင်းကို အကြောင်းပြ၍ စစ်အုပ်ချုပ်ရေးဦးစီးဌာနကို ရုပ်သိမ်းရန် အမိန့် ချမှတ်လိုက်သည်။ ထို့နောက်မြန်မာနိုင်ငံရှိ 'ဟောဘီကျော့ကု' ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်မှုပြင်ဆင်ရေးရုံးနှင့် ဗမာ့တပ်မတော်နည်းပေးလမ်းပြရုံး ဘီရုမာဂွန်စီဒိုအိုးကိုလည်း

ချုပ်သိမ်းလိုက်ကြောင်း စစ်အမိန့်များကို ထုတ်ပြန်သည်။ ဆက်လက်၍ ဩဂုတ် ၁ရက်နေ့တွင် မြန်မာနယ်မြေတပ်မတော်စစ်ဆင်ရေးအမိန့် အမှတ် ၈၂ကို ထုတ်ပြန်၍ ဂျပန်ဘုရင့်နိုင်ငံက မြန်မာပြည် (ရှမ်းနယ်နှင့် ကရင်နီနယ်များမှအပ) အား လွတ်လပ်ရေးအချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုသည့်နေ့မှစ၍ မြန်မာနိုင်ငံကို စစ်ဥပဒေအရ အုပ်ချုပ်ထားသည်ကို ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။

# အခန်း(၁၁)
## ဒေါက်တာဘမော်နှင့်လွတ်လပ်သော မြန်မာနိုင်ငံ

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နံနက် ၈း၃၀နာရီ၌ ရန်ကုန်မြို့ အစိုးရအိမ်တော်တွင် မြန်မာ့လွတ်လပ်ရေးနေ့ သဘင်အခမ်း အနားများ ကျင်းပသည်။ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ တော်အုပ်ချုပ်ရေးစီမံမှုအဖွဲ့ဝင် ဗန္ဓုလဦးစိန်က ရွှေပုရပိုက်ကိုဖွင့်လှစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာစာတမ်းကို ဖတ်ကြားပြီး မြန်မာနိုင်ငံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေအတည် ပြုခြင်းဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်ဒေါက်တာဘမော်အား နိုင်ငံတော်အဓိပတိအဖြစ် တင်မြှောက်ပြီး 'အရှင်မင်းကြီး' ဟူသောဝေါဟာရသစ်

တစ်ခုကို အာဏာရှင်ဘုရင်ဆန်ဆန် သုံးစွဲရန်နှင့် ဒေါက်တာဘမော်၏ဇနီးကိုလည်း ''ကြင်ယာတော်''ဟူသော အသုံးအနှုန်း ခေါ်ဝေါ်သုံးစွဲကြရန်ကိုလည်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက်ဗန္ဓုလဦးစိန်ကပဲ မြန်မာ့လွတ်လပ်ရေးကြေငြာစာတမ်းကြီးကို ဖတ်ကြားလေသည်။

**ဗန္ဓုလဦးစိန် ဖတ်ကြားသော ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်း**

ဗမာနိုင်ငံတော်သည် အင်္ဂလိပ်တို့၏ အဓမ္မသိမ်းပိုက်ထားခြင်းကို နှစ်ပေါင်း၅၀ကျော်မျှ ခံခဲ့ရပြီးနောက် မိမိ၏နေရာနက်သန် နေရာမှန်ဖြစ်သော တန်ခိုးရှိန်ဝါ လွတ်လပ်စွာဖြင့် အချုပ်အခြာအာဏာပိုင်ရှိပေသော ကမ္ဘာ့နိုင်ငံတော်ကြီးများ၏ အဆင့်အတန်းသို့ ဤနေ့ဤအခါတွင် ပြန်လည်ရောက်ရှိလာချေပြီ။ ဗမာနိုင်ငံတော်သည် ကာလအခွန့်ရှည်မြင့်စွာကပင် ရာဇဝင်အဆက်မပြတ် လွတ်လပ်သောနိုင်ငံတော်အဖြစ်ဖြင့် ကမ္ဘာတလွှား၌ မားမားမြင့်မြင့်ကြွားကြွားဝင့်ခဲ့လေသည်။ ဗမာနိုင်ငံတော်၏ ဂုဏ်ရောင်သည်လည်း ထိုအခါက

အဇ္ဈာတစ်ခွင် ကောင်းကင်ပြင်ဝယ် နေသွင်လနှယ် လျှမ်းလျှမ်းကြွယ်၍ ဗာမာ့လက်နက်နိုင်ငံတော်ကြီးသည်လည်း အရှေ့အနောက်တောင်မြောက်ဝဲယာ လေးမျက်နှာပတ်ပတ် တောင်အထပ်ထပ်ကို ဖြတ်ကျော်နယ်ဖြန့်နိုင်ငံပြန့်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် ဂုဏ်ရောင်တက်ဖြိုး၍ တန်ခိုးကြီးမားသောသားကောင်းရတနာတို့ ထွန်းကားပေါ်ပေါက်ရာ နိုင်ငံတော်ကြီးလည်း ဖြစ်ခဲ့လေသည်။ ရဲမက်အင်အားလွန်ကြီးမား၍ ဗိုလ်လူအများ ရှိသေခံညားခြင်း ခံခဲ့ရသောနိုင်ငံတော်လည်း ဖြစ်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် လူ့ခပ်သိမ်းတို့၏ တိုးတက်ရာတိုးတက်ကြောင်းကိုလည်း ထပ်လောင်းဖြည့်စွက်ဆောင်ရွက်အောင်မြင်ခဲ့လေသည်။ ပုဂံပြည်ကြီးနှင့်တကွလှပတင့်တယ် ရှုချင်စဖွယ်ဖြစ်သော ဂူကျောင်းပုထိုး ဗမာ့လက်စွမ်းအမျိုးမျိုးသည် ထိုသို့တိုးတက်ရာတိုးတက်ကြောင်း၏ အထွတ်အထိပ်တစ်ရပ်ဖြစ်သည်မှာ ယခုတိုင် အထင်ရှားဆုံးဖြစ်လေသည်။

အင်္ဂလိပ်တို့ကျူးကျော်စော်ကားခြင်းမပြုမီ ကာလရှည်ကြာစွာကပင် ထင်ရှားခဲ့သော ဗမာတို့၏ ရာဇဝင်နှင့်သမိုင်း

တွင် ဗမာတို့သည် အဆက်မပြတ်တိုက်ခိုက်ခဲ့သမျှသော စစ်ပွဲတို့၌ ရန်သူဟူသမျှကို မဆုတ်မဆိုင်း ခုတ်ပိုင်းချိုးနှိမ်၍ မိမိတို့၏လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အကြောင်းကား အထင်အရှားရှိပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၅၀ကျော်က ဗမာနှင့်အင်္ဂလိပ်တို့ စစ်ကြီး၃ကြိမ်ဖြစ်ပွားပြီးသည်၏အဆုံး၌ ဗမာနိုင်ငံတော်သည် မိမိ၏လွတ်လပ်ရေးကို မဆုံးရှုံးစဖူး ဆုံးရှုံးခဲ့ရလေသည်။ အာရှတိုက်တွင် မြေခွေးလိုအစဉ်ကျင့်ကြံခဲ့သော အင်္ဂလိပ်တို့သည် အထက်ပါစစ်ပွဲများကို ဆင်နွှဲကြစဉ်အခါက အာရှတိုက်ကြီးမှာ စည်းလုံးညီညွတ်ခြင်းမရှိသည့်အပြင် ခုခံတိုက်ခိုက်ရန်လည်း အသင့်မရှိခဲ့ချေ။ အင်္ဂလိပ်တို့မှာမူကား ကုန်ဘက်ရေဘက် နှစ်ဖက်စလုံး အင်အားပြည့်စုံပြီး ဖြစ်ခဲ့ကြ၏။ စက်မှုလက်မှုထွန်းကားလာသောခေတ်၏ အကျိုးကျေးဇူးကြောင့် ပစ္စည်းဘက်၌လည်း အင်အားပြည့်စုံပြီး ဖြစ်ခဲ့ကြလေသည်။ ထိုမျှမကသေး၊ ထိုသူတို့သည် ကောက်ကျစ်စဉ်းလဲခြင်း၊ တံစိုးလက်ဆောင်ထိုးခြင်း၊ လိမ်လည်လှည့်ဖြားခြင်းအမျိုးမျိုးတို့ကိုလည်း လက်သုံးပြုခဲ့ကြလေသည်။ ထိုအခါအာရှတိုက်

ရှိ နိုင်ငံငယ်အများအပြားသည် ပစ္စည်းအင်အားကြီးမား၍ ကောက်ကျစ်စဉ်းလဲသော အင်္ဂလိပ်တို့၏လက်ဝယ် ပျက်သုန်း ဆုံးပါးကြရရှာလေသည်။ ဗမာနိုင်ငံသည် ယင်းသို့ပျက်သုန်း ဆုံးပါးသွားရရှာသော နိုင်ငံငယ်အများတွင် ပါဝင်ခဲ့သည်မှာ ဗမာတို့၏ကံကြမ္မာဆိုးပေတည်း။

ဗမာနိုင်ငံကို အင်္ဂလိပ်တို့ အခမ္ပစိုးမိုးချုပ်ချယ်ခဲ့သည့်မှာ ဗမာနိုင်ငံအတွက် လွန်စွာကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်လေသည်။ ဗမာနိုင်ငံသည် ကာလရှည်ကြာစွာ အနှောင်အဖွဲ့နှင့် နေခဲ့ရသဖြင့် ဂုဏ်ပျက်အသရေပျက်ဖြစ်ပြီးလျှင် ကစဥ့်ကလျားပျက်ပြားခဲ့ရလေသည်။ အင်္ဂလိပ်တို့သည် ဗမာလူမျိုးတို့ကို အင်အားကုန်ခမ်းအောင် ပြုကျင့်လေရာ ဗမာ့အဆီအနှစ်တို့သည် ခန်းခြောက်ခဲ့ရလေ၏။ ဗမာတို့၏ပစ္စည်းဥစ္စာရတနာအမျိုးမျိုးတို့လည်း ဆုံးရှုံးခဲ့ရလေသည်။ ဗမာ့ကြီးပွားရာကြီးပွားကြောင်းများလည်း ကွယ်ပျောက်ခဲ့ရလေ၏။ ဗမာ့ယဉ်ကျေးမှုနှင့် ဗမာ့ဘာသာစကားတို့လည်း တိမ်ကောခဲ့ရလေ၏။ ထိုမျှမကသေး။ ဗမာ့နေထိုင်မှုစည်းကမ်းတို့ပင်လျှင် ပျက်ပြားခဲ့ရလေသည်။

သို့ရာတွင် ဗမာတို့၏ဇာတိသွေး ဇာတိမာန်တို့ကား ခေတ်ဆိုးခေတ်ညံ့နှင့် ကြုံတွေ့ခဲ့ရငြားသော်လည်း ဆုတ်ယုတ်ပျက်ပြားခြင်း မရှိခဲ့ချေ။ ဗမာတို့သည် အခါအခွင့်ရတိုင်း လက်နက်ရတိုင်း ဖိနှိပ်ချုပ်ချယ်သော အင်္ဂလိပ်တို့ကို တစ်နည်းနည်းဖြင့် တော်လှန်ထကြွခဲ့ကြလေသည်။ လောဘရမက်ထူပြောသော ညှင်းပန်းနှိပ်စက်သော အင်္ဂလိပ်တို့က ဖိနှိပ်ချုပ်ချယ်လေလေ ဗမာတို့၏တော်လှန်လိုသော စိတ်ဓာတ်ကလည်း တဲက်ကြွလေလေဖြစ်လေသည်။ ဗမာတို့လည်း အောင့်အည်းသည်းခံခြင်းငှာ မတတ်နိုင်သဖြင့် အဖိအနှိပ်ခံနေရသော အခြေမှ ရုန်းထွက်ကာ မကြာခဏပင် တော်လှန်ပုန်ကန်၍ သတ်ဖြတ်ဖျက်ဆီးကြလေသည်။ ထိုအခါ အင်္ဂလိပ်တို့သည် လက်စားချေလိုသဖြင့် ဗမာတို့ကို အလွန်အမင်းပြင်းထန်စွာ ညှင်းပန်းနှိပ်ကွပ်ကြလေသည်။ မြန်မာ့ကျေးရွာအများသည် ရွာလုံးကျွတ်မီးဟုန်းဟုန်းထပြီးလျှင် ရွာသူရွာသားတို့မှာလည်း ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရ၍ အိမ်ယာလယ်မြေများမှာလည်း သုသာန်တစပြင်ကဲ့သို့ အသံတိတ်ဆိတ်လျက် ရှိကြရလေသည်။ သို့ရာတွင် နိုင်ငံကိုချစ်မြတ်နိုးသော

ဗမာတို့သည် မိမိတို့၏ အသက်စည်းစိမ်ကို နိုင်ငံအား နှင်းအပ်ပူဇော်ပြီးနောက် တစ်ဗိုလ်ကျလျှင် တစ်ဗိုလ်တက်၍ တော်လှန်မြဲတော်လှန်ကြလေသည်။ အင်္ဂလိပ်တို့ကလည်း ထောင်ဒဏ်၊ ပြည်နှင်ဒဏ်၊ သေဒဏ်တို့ဖြင့် နှိပ်ကွပ်မြဲနှိပ်ကွပ်ကြလေသည်။ ဤအာဇာနည်သူရဲကောင်းတို့သည် ဗမာနိုင်ငံတော်ကြီးကို အသက်ရှင်နေစေချင်သောကြောင့် အမျိုးမျိုးသောဒုက္ခတို့ကို ခံကာ မိမိတို့၏အသက်ကို အသေခံခဲ့ကြလေသည်။ ဤသူတို့ကို အဘယ်မှာလျှင် မေ့နိုင်ဖွယ်ရာ ရှိအံ့နည်း။

အင်အားကြီးမားသော အင်္ဂလိပ်တို့သည် နှိပ်ကွပ်မြဲနှိပ်ကွပ်လျက်နေသဖြင့် အင်အားသေးငယ်သော ဗမာတို့ကလည်း တော်လှန်မြဲတော်လှန်လျက်ရှိနေရာ အာရှစိတ်ဓာတ်သည် ဗမာနိုင်ငံဝယ် ပထမအကြိမ် ပေါ်ပေါက်လာလေသည်။ ဗမာတို့သည် ဗမာနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်၍ အနီးအဝေးရှိနိုင်ငံတို့ကို လှမ်းမျှော်၍ကြည့်၏။ တဖန်မိမိတို့၏ အခြေအနေကို ဆန်းစစ်၍ကြည့်ပြန်၏။ ထိုအခါမိမိတို့သည် အာရှတိုက်သားများဖြစ်ကြောင်း၊ အာရှတိုက်သားအားလုံး

စည်းလုံးညီညွတ်မှသာလျှင် အာရှတိုက်ကြီးအညွန့်ထွားလာနိုင်မည်ဖြစ်ကြောင်း ဉာဏ်အလင်းရလာကြလေသည်။ တဖန်အာရှတိုက်တစ်တိုက်လုံးကို အညီအညွတ်ဖြစ်အောင် စွမ်းဆောင်ကယ်ဆယ်နိုင်မည့် ခေါင်းဆောင်ကို ရှာဖွေပြန်သောအခါ ဗမာတို့သည် နိပ္ပွန်(ဂျပန်)လက်နက်နိုင်ငံတော်ကြီးကို တွေ့မြင်ကြလေသည်။ ထိုနေ့မှစ၍ ဗမာတို့သည် အရှေ့ဘက်သို့သာ မျက်နှာမူစပြုကြလေသည်။

အရှေ့အာရှတိုက်လွတ်လပ်ရေးအတွက် စစ်ကြီးဖြစ်ပွားသောအခါ အင်္ဂလိပ်ကို တော်လှန်ပုန်ကန်ခဲ့သော ဗမာတို့သည် အခါကောင်းအခွင့်ကောင်းနှင့် ကြုံတွေ့လာရလေသည်။ စစ်ပွဲတိုင်းကို အောင်မြင်သော နိပ္ပွန်တပ်မတော်သားများသည် ရန်သူဟူသမျှကို ရောက်လေရာရာ၌ ချိုးဖျက်ချေမှုန်းပြီးလျှင် အရှေ့အာရှတိုက်တစ်လွှားကို ချီတက်အောင်မြင်လာရာ နောက်ဆုံး၌ ဗမာနိုင်ငံသို့ ရောက်လာလေသည်။ ထိုအခါ ကာလရှည်မြင့်စွာကပင် ဤအချိန်အခါကြီးကို မျှော်လင့်စောင့်စားလျက်နေသော ဗမာတစ်မျိုးသားလုံးသည် လွတ်လပ်ရေးအတွက် တိုက်ခိုက်သောနိပ္ပွန်တပ်မတော်သားများနှင့်အတူ

ရင်ဘောင်တန်းကာ အင်္ဂလိပ်နှင့် အမေရိကန်တို့ကို တိုက်ခိုက်ကြလေပြီ။ ယခုအခါ အရှေ့အာရှတိုက်ကြီး စည်းလုံးမိလေပြီ။ ရန်သူတို့ကိုလည်း ဗမာနိုင်ငံနှင့်တကွ အရှေ့ဘက်တလွှားမှ အလျင်အမြန်မောင်းနှင်ဖယ်ရှားပြီးခဲ့လေပြီ။ ဗမာတို့၏ဝမ်းမြောက်ခြင်းသည် အတိုင်းမသိ ဖြစ်လေပြီ။ ထိုနေ့မှစ၍ ဗမာတို့သည် အရှေ့အာရှတိုက် အရေးတော်ပုံအတွက် အသက်စည်းစိမ်းကို လုံးဝအပ်နှင်းထားပြီး အရှေ့အာရှတိုက်ခေါင်းဆောင်အဖြစ်ဖြင့် ဆောင်ရွက်ပေးသော နိပွန်တို့၏ကျေးဇူးကား ကြီးမားလှပေစွ။ အရှေ့အာရှတိုက်ကြီးသည် ဤစစ်ပွဲကိုအောင်မြင်၍ အခွန့်ရှည်စွာ တည်မြဲစိမ့်သောငှာလည်းကောင်း၊ ဗမာနိုင်ငံတော်လွတ်လပ်စိမ့်သောငှာလည်းကောင်း ဤစစ်ပွဲ၌ အသက်စွန့်လွှတ်သွားသော ဗမာနိပွန်အာဇာနည် သူရဲကောင်းတို့အား ဗမာတို့သည် ကျေးဇူးတင်သဖြင့် ရှိသေစွာ ဦးတိုက်ကြသည်။

နှစ်ပေါင်းများစွာ မနေမနားစွန့်စားဆောင်ရွက်ပြုစုပျိုးထောင်ခဲ့ရသော အကျိုးကျေးဇူးတို့ကို ဗမာတို့သည် ယခုအခါ ခံစားစံစားကြရတော့အံ့။ မိမိတို့၏အခွင့်အရေးများ

ကိုလည်း ယခုအခါ ပြန်လည်ရရှိကြတော့အံ့။ မိမိတို့၏ လွတ်လပ်ရေးကိုလည်းကောင်း၊ မိမိတို့၏အချုပ်အခြာအာဏာကိုလည်းကောင်း၊ တည့်ကြည်ခန့်ညားစွာ ကမ္ဘာသို့ ကြေညာကြတော့အံ့။ ထို့ပြင်လွတ်လပ်သောလူမျိုးပီပီ မိမိတို့၏အခွင့်အရေးနှင့်တကွ တာဝန်ရှိသမျှတို့ကိုလည်း ကျေပွန်စွာဆောင်ရွက်ကြတော့အံ့။ ယင်းသို့ဖြစ်ရခြင်းသည် နိပ္ပွန်တို့၏ အင်အားကြောင့်လည်းကောင်း၊ သဒ္ဓါတရားကြောင့်လည်းကောင်း၊ မြတ်သောစိတ်ထားကြောင့်လည်းကောင်း ဖြစ်ရလေသည်။ အင်္ဂလိပ်တို့၏လက်တွင်းမှ ဗမာနိုင်ငံကို အောင်မြင်စွာသိမ်းယူလိုက်သောနိပ္ပွန်နိုင်ငံတော်သည် မိမိတို့၏နိုင်ငံတော်ကို တည်ထောင်စကပင် ထားရှိရင်းစွဲဖြစ်သော ကောင်းမြတ်သော မနသိကာရဖြင့် ဗမာ့နိုင်ငံတော်၏ လွတ်လပ်ရေးကို အသိအမှတ်ပြု၍ ကတိထားပြီးဖြစ်လေသည်။ ဗမာနိုင်ငံတော်ကလည်း နိပ္ပွန်နိုင်ငံတော်သည် ယင်းကဲ့သို့ လွန်ကဲထူးမြတ်စွာ အကျိုးဆောင်ပေးသောကြောင့် နိပ္ပွန်နိုင်ငံတော်အား ကျေးဇူးဥပကာရတင်ရှိ၍ ထိုကျေးဇူးဂုဏ်ကို ကမ္ဘာတည်သရွေ့ ကာလပတ်လုံး ဥဒါန်းအစဉ်တွင်ရစ်လေအောင် မော်ကွန်းတင်

ထားလိုသည်ဖြစ်ပါကြောင်း။

ဗမာတို့၏ကိုယ်စားဖြစ်သော အုပ်ချုပ်စီမံရေးအဖွဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတိုင်း တာဝန်ယူ၍ လေးနက်စွာဖွင့်ဆိုခဲ့သော ဤကြေညာချက်ဖြင့် ယနေ့မှစ၍ ဗမာနိုင်ငံတော်သည် အစဉ်ထာဝရလုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ဖြစ်ကြောင်းကိုလည်းကောင်း၊ အင်္ဂလိပ်၊ အမေရိကန်တို့နှင့် လုံးဝအဆက်ဖြတ်ပြီးဖြစ်ကြောင်းကိုလည်းကောင်း ဗမာတို့က ကြားသိစေလိုက်သည်။ ထို့ပြင်ဗမာနိုင်ငံတော်ကို လွတ်လပ်သောနိုင်ငံအဖြစ်ဖြင့် တည်ထောင်ရာတွင် လောကဝတ်ဓမ္မဝတ်တို့ကို အခြေခံကာ တည်ထောင်လိုက်ကြောင်းကိုလည်း ကြားသိစေလိုက်သည်။ ဗမာအပေါင်းတို့သည် လောကဝတ်၊ ဓမ္မဝတ်များသာလျှင် မိမိတို့က တည်မြဲစေ၍ ကြီးပွားချမ်းသာအောင် ထမ်းဆောင်နိုင်သည်ဟု ယုံကြည်နှစ်ခြိုက်ကြ၏။

ဗမာနိုင်ငံတော်သည် မဟာအရှေ့အာရှတိုက်ကြီးနှင့်အတူ ကြီးပွားရေးနယ်ပယ်တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ဖြင့် ပါဝင်ကြောင်းကိုလည်း ကြားသိစေလိုသည်။ ဤသို့ လွတ်လပ်စွာ အခွင့်ထူးအရေးတူရရှိသော အဖွဲ့ဝင်အဖြစ်ဖြင့်

ပါဝင်ခြင်းမှာ အရှေ့အာရှတိုက်တစ်တိုက်လုံး အင်အားတွဲ အလုပ်တို့ကို ပူးပေါင်း၍ အာရှတိုက်ခေတ်သစ် ထူထောင်ရေး နှင့် စီးပွားရေးကို ပြုပြင်ဖန်တီးရန်ဖြစ်သည်။ ဤသို့ ဖန်တီး ရခြင်းမှာလည်း တစ်ကမ္ဘာလုံးတရား လမ်းမှန်ကျ၍ ငြိမ်းချမ်း သာယာ ကြွယ်ဝချမ်းသာအောင် ဆောင်ရွက်ရန်ဖြစ် သော ကမ္ဘာ့ခေတ်သစ်ထူထောင် ရေးလုပ်ငန်း၏တစ်စိတ်တစ်ဒေသ အဖြစ်ဖြင့် ဖန်တီးရခြင်းဖြစ်သည်။ ဗမာနိုင်ငံတော်သည် ဤလုပ်ငန်းကြီးကို ထမြောက်အောင်မြင်အောင် ဆောင်ရွက် မည်ဟု တစ်မျိုးသားလုံး၏ဖွဲ့ဆန္ဒဖြင့် အဓိဋ္ဌာန် ပြုလိုက်သည်။

ဗမာနိုင်ငံတော်သစ်ကို တစ်သွေး၊ တစ်သံ၊ တစ်မိန့် စနစ်အရ ညီညွတ်မှုအပေါ်တွင် အခြေခံထား၍ တည်ထောင် လိုက်သည်။ ရှေ့အခါက ဗမာလူမျိုးတို့ကို ပျက်စီးနစ်မွမ်း စေခဲ့သောအကြောင်းသည် စည်းလုံးညီညွတ်ခြင်းကင်းမဲ့၍ ကစဉ့်ကလျားကွဲပြားသောကြောင့်ဖြစ်သည်။ ယခုအခါ ဗမာတို့ သည် ထိုအဖြစ်မျိုးကို နောက်ထပ်တစ်ဖန် မည်သည့်အခါမျှ မဖြစ်စေရန် သန္နိဋ္ဌာန်ချပြီးဖြစ်သည်။

ဗမာနိုင်ငံတော်သည် ယခုအခါ ဗမာနိုင်ငံဖြစ်ရုံသာမက

အရှေ့အာရှနိုင်ငံတစ်ခုလည်းဖြစ်နေရကား ဤသဘောထား သစ် ခေတ်သစ်နှင့်လျော်ညီစွာ မိမိနှင့်သက်ဆိုင်ရာတာဝန်ကို ထမ်းဆောင်ရမည်။ ဗမာနိုင်ငံတော်သည် ဗမာ့ခေတ်သစ်ကို စီမံကိန်းနှင့်ထူထောင်၍ ခိုင်မာသောအုပ်ချုပ်မှုကိုလည်းကောင်း၊ နိုင်ငံတည်တံ့ခိုင်မြဲမှုကိုလည်းကောင်း၊ တရားလမ်းမှန်ကျမှု ကိုလည်းကောင်း၊ နိုင်ငံတွင်ပြည့်စုံလုံလောက်မှုကို လည်းကောင်း၊ အဖက်ဖက်၌ နိုင်ငံအင်အားတောင့်တင်းမှုကို လည်းကောင်း ရရှိအောင်လုပ်ဆောင်သည်။ ဗမာနိုင်ငံက အရှေ့ အာရှတိုက် ခေတ်သစ်ထူထောင်ရေးနှင့် စီးပွားရေးသို့ ပေးနိုင်မည်ဖြစ်သော ကြီးစွာသော အထောက်အပံ့ကား အခြား မဟုတ်။ ဗမာ့အင်အားတောင့်တင်းမှု၊ ဗမာ့တည် တံ့ခိုင်မြဲမှု၊ ဗမာ့ပြည့်စုံလုံလောက်မှုတို့ပင်ဖြစ်သည်။ ထို့ပြင် ဗမာနိုင်ငံတည်ရှိရာဒေသကို ထောက်ထားသဖြင့် အရှေ့ အာရှတိုက်ကြီးကို အင်အားကြီးမားစေလိုလျှင် ဗမာနိုင်ငံ ကိုလည်း အင်အားကြီးမားအောင် ဆောင်ရွက်ရမည်။ ဗမာနိုင်ငံ တော်သစ်သည် ထိုဝါဒကို မယိမ်းမယိုင်လိုက်နာမည်။

ဗမာနိုင်ငံတော်၏ နိုင်ငံခြားရေးဝါဒသည်လည်း

ငြိမ်းချမ်းမှု၊ တရားလမ်းမှန်ကျမှု၊ ကမ္ဘာ့ခေတ်သစ်ထူထောင်မှု တို့ကို အားပေးမည်။ ထို့ပြင် တရားလမ်းမှန်ကျမှု၊ မေတ္တာတုံ့ ပြန်မှုတို့ကိုအခြေပြု၍ အကြည်တော်နိုင်ငံအားလုံးနှင့် အစဉ် သဖြင့် ရင်းနှီးစွာဆက်ဆံပေါင်းသင်းရန် အားထုတ်မည်။

ရန်သူဖြစ်သော အင်္ဂလိပ်၊ အမေရိကန်တို့နှင့် သူတို့ ၏မဟာမိတ်များကို တိုက်လျက်နေသော ဤမဟာအရှေ့အာရှ တိုက်စစ်ကြီးနှင့်ပတ်သက်၍ ဗမာတို့သည် ဤစစ်ကြီးမှာ မိမိတို့နှင့်သက်ဆိုင်သော စစ်ကြီးဖြစ်ကြောင်း၊ မိမိတို့လွတ်လပ် ရေးကိုလည်းကောင်း၊ ကြီးပွားချမ်းသာရေးကိုလည်းကောင်း၊ လူမျိုးမတိမ်ကောရေးကိုလည်းကောင်း ဆုံးဖြတ်မည့်စစ်ကြီး လည်းဖြစ်ကြောင်းတို့ကို လေးစားယုံကြည်စွာ ကြေညာလိုက် သည်။ အရှေ့အာရှတိုက်သားအဖြစ်ဖြင့်လည်း တိုက်ရမည်။ အဘယ်ကြောင့်ဆိုသော် ဤစစ်ကြီးသည် အရှေ့အာရှ တိုက်သားတို့၏ ကံကြမ္မာနှင့်ကောင်းကျိုးဆိုးကျိုး တို့ကို ဖန်တီးပေးမည့်စစ်ကြီးဖြစ်သောကြောင့်ပေတည်း။ ရန်သူတို့ လက်နက်ချအပ်သည့်တိုင်အောင် နီပွန်ကို အကြီးအမှူးထား သော အခြားအရှေ့အာရှနိုင်ငံများနှင့်အတူ ဤစစ်ကြီးကို

ကူညီတိုက်ခိုက်ရန်ဗမာတို့က လေးနက်စွာသန္နိဋ္ဌာန်ချထား ကြောင်းကိုလည်း ထပ်လောင်း၍ကြေညာလိုက်သည်။ စစ်ကြီးသည် မည်မျှပင်ကြာရှည်၍ မည်သို့ပင်ဖြစ်စေကာမူ ဗမာတို့သည် မိမိတို့၏ပစ္စည်းအား စိတ်ဓာတ်အားတို့ဖြင့် အစွမ်းကုန်ကူညီကြမည်။ အသက်စည်းစိမ်ကို စွန့်လွှတ်ကာ ဗမာတို့သည် မိမိနိုင်ငံကိုကယ်ဆယ်၍ ဗမာ့လွတ်လပ်ရေးကို ဖန်တီးပေးခဲ့သော အာဇာနည်သူရဲကောင်းကြီးများသည် ကွယ်လွန်သွားခဲ့ကြလေပြီ။ သို့ရာတွင် ထိုသူတို့၏လုပ်ငန်း ကား ဆုံးခန်းတိုင်မရောက်သေး။ ဗမာ့လွတ်လပ်ရေးလုပ်ငန်း လည်း မပြီးမြောက်သေး။ အရှေ့အာရှတိုက်လုံခြုံရေးလုပ်ငန်း လည်း မပြီးဆုံးသေးချေ။ ဗမာတို့အတွက် အဓိကဖြစ်သော ဤလုပ်ငန်းများလည်း မပြီးဆုံးသေးချေ။ ဗမာတို့အတွက် အဓိကဖြစ်သော ဤလုပ်ငန်းများသည် ဤစစ်ကြီးအောင်မြင်မှ သာလျှင် ပြီးမြောက်နိုင်ပေမည်။ ထို့ကြောင့် ဗမာတို့သည် ဤစစ်ကြီးကို အောင်မြင်စေရန် မိမိတို့ကိုယ်ကို လုံးဝအပ်နှင်း ပူဇော်ကြသည်။

နိဂုံးချုပ်လိုသည်မှာ ဗမာနိုင်ငံတော်သစ်ကို အတည်

ဖြစ်လျက်ရှိနေသော ဆိုင်ရာတရားဥပဒေများနှင့်အုပ်ချုပ်ရေး ဥပဒေများအရ တစ်သဝေမတိမ်း စီမံအုပ်ချုပ်မည်ဟု ကြေညာ လိုက်သည်။ ဤသို့စီမံအုပ်ချုပ်သဖြင့် ဗမာ့နိုင်ငံတော်အတွင်းရှိ လူအပေါင်းတို့သည် ကောင်းမွန်စွာသောအုပ်ချုပ်မှုကို ကျေနပ် မှုချရကြရမည်။ တရားလမ်းမှန်ကျမှုတို့ကိုလည်း ကျေနပ်မှုချ ရကြမည်။ တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေး အားလုံးကိုလည်း ကျေနပ်မှုချခံစားကြရမည်။

ဗမာတို့သည် မိမိတို့၏ကိုယ်စားဖြစ်သော အုပ်ချုပ်မှု စီမံရေးအဖွဲ့မှတဆင့် ဗမာ့လွတ်လပ်ရေးနှင့် ဗမာ့နိုင်ငံတော်သစ် ကို တည်ထောင်အုပ်ချုပ်ရန် အခြေခံစည်းမျဉ်းများကို ဤနေရာ ၌ သစ္စာမိဋ္ဌာန်ပြု၍ ကြေညာလိုက်သည်။ဤကြေညာချက် သည် ဗမာတစ်မျိုးသားလုံး၏အလိုဖြစ်ရကား ဤကြေညာချက် အတိုင်းတစ်သဝေမသိမ်း လိုက်နာဆောင်ရွက်မည်။ဗမာ အပေါင်းတို့သည် ဤကြေညာချက်အတိုင်း ထမြောက် အောင်မြင်သည် အထိအစွမ်းကုန်ဆောင်ရွက် သစ္စာပြုလိုက် သည်။ ဤလုပ်ငန်း၊ ဤသစ္စာ ဤကြေညာချက် တို့အတွက် နတ်လူအပေါင်းတို့သည် သက်သေအရာတည်ကြပါစေ

ကုန်သတည်း။

(ပုံ)ဘမော်

ဥက္ကဋ္ဌ

ဗမာ့အုပ်ချုပ်မှုစီစဉ်ရေးအဖွဲ့

ရန်ကုန်နေပြည်တော်

၁၉၄၃ ခု၊ ဩဂုတ် ၁ ရက်နေ့

ဤသို့ဖြင့် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့ကမဟာမိတ်စာချုပ် ချုပ်ဆိုရာ မဓိပတိဒေါက်တာဘမော်နှင့် ဂျပန်ဘက်မှ မြန်မာပြည်ဆိုင်ရာ ဂျပန်သံအမတ် ရန်ဇိုဆာဝါဒါ(Renzo Sawada) က လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်ထဲတွင် တစ်ဦးကိုတစ်ဦးလေးစားရန်နှင့် မဟာအရှေ့အာရှတိုက်စစ်ပွဲကြီးကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မည်ဟု ပါရှိသည်။ မဟာမိတ်စာချုပ်၏အနှစ်သာရ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဂျပန်နိုင်ငံတော်နှင့် ဗမာနိုင်ငံတော် ချုပ်ဆိုသော မဟာမိတ်စာချုပ်**

ဂျပန်နိုင်ငံတော်နှင့် ဗမာနိုင်ငံတော်သို့ ချုပ်ဆိုသော

ယေဘုယျသဘောမျှသာဖြစ်သည့် မဟာမိတ်စာချုပ်သည် တကယာဆောင်ရွက်ရာတွင် စာချုပ်ဆိုကြသော နှစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့အပြင် ယင်းတို့မှ သက်ဆိုင်းသောအခွင့်အရေးအားလုံးတို့ကို လုံးဝရှိသေလေးစားရမည်ဟု မြဲမြဲစွာယုံကြည်သဖြင့် လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကြီးသည် ဤစာချုပ်ကို သဘောတူချက်ပေးလိုက်သည်။

ဂျပန်ကေရာဇ်နိုင်ငံတော်အစိုးရနှင့် ဗမာနိုင်ငံတော်အစိုးရတို့သည် ယခုအခါ ဂျပန်နိုင်ငံတော်အစိုးရသည် ဗမာနိုင်ငံကို လွတ်လပ်သောနိုင်ငံတော်အဖြစ်ဖြင့် အသိအမှတ်ပြုပြီးဖြစ်ရကား နိုင်ငံတော်နှစ်နိုင်ငံတို့သည် တစ်ဦး၏အာဏာပိုင်လွတ်လပ်ရေးကို တစ်ဦးက ရှိသေလေးစားရမည်ဟူ၍လည်းကောင်း၊ မဟာအရှေ့အာရှတိုက်တွင် အခြားနိုင်ငံများနှင့် ရင်းနှီးစွာပူးပေါင်းလျက် တရားလမ်းမှန်ကန်မှု၌ အခြေခံရှိသော အညီအညွတ်ထူထောင်ရေးလုပ်ငန်းကြီးကို ဆောင်ရွက်မည်ဟူ၍လည်းကောင်း၊ ယင်းသို့ဆောင်ရွက်သဖြင့် တစ်ကမ္ဘာလုံး၏ငြိမ်းချမ်းရေးကို ကူညီအားပေးမည်ဟူ၍လည်း

ကောင်း၊ သန္နိဋ္ဌာန်ချပြီးဖြစ်ကြသည့်အတိုင်း လမ်းခရီးတွင် ရှိသော အနှောင့်အယှက်ဟူသမျှကို အရင်းအမြစ်မှ သုတ်သင် ပယ်ရှင်းရန် မယိမ်းမယိုင် နိုင်မြဲသောစိတ်ဖြင့် အောက်ပါအပိုဒ် များအတိုင်း သဘောတူညီကြသည်။

အပိုဒ် ၁။ ။ မဟာအရှေ့အာရှစစ်ကြီးကို အောင်မြင်သည့်တိုင်အောင် တိုက်ခိုက်နိုင်စိမ့်သောငှာ ဂျပန်နိုင်ငံတော်နှင့် ဗမာနိုင်ငံတော်တို့သည် စစ်ရေးနိုင်ငံရေးနှင့်စီးပွားရေးတို့တွင် အနည်းနည်းဖြင့်ပူးပေါင်းဆောင်ရွက်ကြရမည်။

အပိုဒ် ၂။ ။ ဂျပန်နိုင်ငံတော်နှင့် ဗမာနိုင်ငံတော်တို့သည် မဟာအရှေ့အာရှတိုက်နှင့် အတူကြွယ်ဝချမ်းသာရေးနှင့် ထွန်းကားတိုးတက်ရေးကိုအားပေးရန် ရှေးရှု၍ မဟာအာရှတိုက်ရှိ နိုင်ငံအသီးသီးမှ သက်ဆိုင်ရာနိုင်ငံ၏ အလိုကျတိုးတက်ရေးအတွက် ရည်

မှန်းသော နှစ်ဦးအတူဆောင်ရွက်ရမည့် ထူထောင်ရေးလုပ်ငန်းကြီးတွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရမည်။

အပိုဒ် ၃။ ။ ဤစာချုပ်အရဆောင်ရွက်ရှိသော အသေးစိတ်လုပ်ငန်းတို့ကို လိုအပ်သည်ဟု ယူဆသောအခါ နိုင်ငံတော်နှစ်နိုင်ငံ၏ သက်ဆိုင်ရာ အာဏာပိုင်အချင်းချင်း တိုင်ပင်၍ ဆုံးဖြတ်ရမည်။

အပိုဒ် ၄။ ။ ဤစာချုပ်သည် လက်မှတ်ရေးထိုးသောနေ့တွင် အတည်ဖြစ်ရမည်။ ဆိုင်ရာနိုင်ငံတော် အစိုးရများက အာဏာလွှဲအပ်ခြင်းခံရသော အောက်တွင် လက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်များသည် သဘောတူညီကြကြောင်း ထင်ရှားစေရန်

ဤစာချုပ်၌ လက်မှတ်ရေးထိုး၍ မိမိတို့၏ တံဆိပ်တော်များကို ခတ်နှိပ်ကြသည်။ ရှိဝါသက္ကရာဇ်တစ်ဆယ့်ရှစ်နှစ်မြောက် အဌမလ၊ ဤမထမနေ့ ဗမာသက္ကရာဇ် ၁၃၀၅ ခု ဝါခေါင်လဆန်း ၁ ရက် (ခရစ် ၁၉၄၃၊ ဩဂုတ်လ ၁ရက်) တနင်္ဂနွေနေ့တွင် မိတ္တူစာချုပ်နှစ်စောင်ဖြင့် ရန်ကုန်နေပြည်တော်၌ ပြုလုပ်သည်။

(ပုံ) ဆာဝါဒါရင်ဇို

ဂျပန်နိုင်ငံတော်ကေရာဇ်မင်းမြတ်၏ အထူးသံအမတ်နှင့် အာဏာကုန်လွှဲအပ်ခြင်းခံရသော အရာရှိ။

(ပုံ) ဘမော်

ဗမာနိုင်ငံတော်ဝန်ကြီးချုပ်

လွတ်လပ်ရေးကြေညာသည့်နေ့၌ အဓိပတိဒေါက်တာ

ဘမော်သည် ဂျပန်အစိုးရနန်းရင်းဝန်ဒေကီတိုဂျိုထံသို့လည်း ကောင်း၊ မဟာအရှေ့အာရှတိုက်ရေးရာဆိုင်ရာ ဂျပန်အစိုးရ အဖွဲ့ဝန်ကြီးထံသို့လည်းကောင်း၊ မဟာအရှေ့အာရှတိုက်ရေး ရာဆိုင်ရာ ဂျပန်အစိုးရအဖွဲ့ဝန်ကြီးထံသို့လည်းကောင်း၊ ယိုးဒ ယားဘုရင်မင်းမြတ်ထံသို့လည်းကောင်း၊ အခြားဝင်ရိုးတန်း နိုင်ငံနှင့် ၎င်းတို့၏လက်အောက်ခံအစိုးရများထံသို့လည်း ကောင်း၊ စစ်အတွင်းကြားနေနိုင်ငံအစိုးရအချို့ထံသို့လည်း ကောင်း လွတ်လပ်ရေးသဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ရာ ဂျပန်၊ ဂျာမဏီ၊ တရုတ်ပြည်နန်ကင်းအစိုးရ၊ မန်ချူးရီးယား အစိုးရ၊ ဘူဂေးရီးယား၊ ယိုးဒယား၊ ကရိုးရှား၊ ဆလိုဗေးကီး ယားအစိုးရများအပြင် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးစီစဉ်မှု အဖွဲ့ ဥက္ကဋ္ဌဂျိုစ်ပီဇ်လော်ရယ်၊ အိန္ဒိယလွတ်လပ်ရေးစီစဉ်မှု အဖွဲ့ဥက္ကဋ္ဌဆူဘတ်ချန်ဒရာဘို့စ်တို့ထံမှ မြန်မာ့လွတ်လပ်ရေး ကို အသိအမှတ်ပြုကြောင်း သဝဏ်လွှာများ ပြန်ကြားပေးပို့ ခဲ့ကြသည်။

ဒေါက်တာဘမော်သည် မြန်မာနိုင်ငံတော်ကြီး လွတ် လပ်ရေးရသော ပထမနေ့တွင် လွတ်လပ်ရေးအထိမ်းအမှတ်

အဖြစ် အကျဉ်းထောင်အားလုံးရှိ အကျဉ်းသားများကို မဲနှိုက်စေပြီး မဲကျသော အကျဉ်းသားပေါင်း ၃၀၀တို့ကို အကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ လွှတ်ပေးလိုက်သည်။ သေဒဏ်အမိန့်စီရင်ချက်ချခံထားရသောသူများထံမှ အထိုက်တန်ဆုံး ငါးယောက်ကို မြန်မာနိုင်ငံတော် အစိုးရက ရွေးချယ်၍ ထိုသူတို့ကို သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ လျော့ပေါ့ပေးခဲ့သည်။ ထို့အပြင် အကျဉ်းထောင်များ၌ အပြစ်ဒဏ်ခံလျက်ရှိကြသော အကျဉ်းသားများအားလုံးကို လွတ်လပ်ရေးကြေညာသည့်နေ့မှစ၍ အသီးသီးကျခံရန် ကျန်ရှိနေသေးသော ထောင်ဒဏ်သုံးပုံတစ်ပုံကို လျော့ပေါ့ပေးခဲ့သည်။

လွတ်လပ်သောနိုင်ငံတော်၏ အမျိုးသားအလံတော်ကိုမူ ဝါ၊ စိမ်း၊ နီသုံးရောင်ခြယ်အလယ်တွင် ဒေါင်းရုပ်ကို ရွေးချယ်၍ အဝါရောင်မှာ သာသနာထွန်းကားမည့်နိမိတ်၊ အစိမ်းရောင်မှာ စပါး၊ ဆန်ရေစပါးများမည့်သဘော၊ အနီရောင်မှာ ရဲသွေးရဲမာန်ပြည့်စုံသည့် အဓိပ္ပာယ်နှင့် ဒေါင်းမှာမြန်မာ့ရိုးရာအစဉ်အလာ သူရိယနေမင်းကြီးကဲ့သို့ တန်ခိုးတေဇောအာနုဘောကြီးမားမည့် အထိမ်းအမှတ်သင်္ကေတပင်ဖြစ်သည်။

ထိုအချိန်က မြန်မာ့လွတ်လပ်ရေးသည် စစ်အတွင်းကာလကရသော လွတ်လပ်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရသည်လည်း စစ်ကာလအတွင်း ဖွဲ့စည်းရသော အစိုးရအဖွဲ့ဖြစ်သည်။ သို့သော် ဒေါက်တာဘမော်သည် နိုင်ငံအုပ်ချုပ်ရေး၊ မြန်လည်ထူထောင်ရေး၊ ရိက္ခာဖူလုံရေးတို့အတွက် ၁၉၄၃ခု ဩဂုတ် ၂၁ တွင် 'ဗမာ့ခေတ်သစ်စီမံကိန်း' ခေါ် 'လျှပ်စစ်စီမံကိန်း' ကိုရေးဆွဲတီထွင်လိုက်သည်။

ထို့အပြင် ပြည်သူလူထု၏ဒူးတုပ်၊ ရှိခိုးဘုရားထူးခံခြင်းများကို ဂျပန်ခေတ်တွင် လုံးဝပိတ်ပင်လျက် ရုံးတိုင်းတွင် ဒူးတုပ်၊ ရှိခိုး၊ ဘုရားထူးမခံရဟူသော အမိန့်စာရွက်များကို ကပ်ထားစေသည်။

တပ်မတော်ဖျက်သိမ်းရန် ဂျပန်တို့၏အကြံအစည်ကိုလည်း ဒေါက်တာဘမော်က ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည်။ ဂျပန်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီးဒါးနှင့် ဆွေးနွေး၍ မြန်မာတပ်မတော်ကြီးတစ်သီးတစ်ခြားတည်ရှိရေး၊ တပ်မတော်၏စရိတ် ရန်ပုံငွေများထောက်ပံ့ရေး၊ တပ်မတော်အား ခေတ်မီလက်နက်တပ်ဆင်ရေး၊ စစ်ကျောင်းများဖွင့်လှစ်

သင်ကြားပေးရေး၊ နိုင်ငံခြားသို့ပညာတော်သင်များ စေလွှတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။၁၉၄၃ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ပညာသင် ၁၅ ယောက်ကို ဂျပန်ပြည်သို့စေလွှတ်ခဲ့သည်။ ထို့အပြင် ပထမအသုတ်အဖြစ် ပညာတော်သင် လူငယ်ပေါင်း ၃၀ ကိုစေလွှတ်ခဲ့သည်။

၁၉၄၃ ဖေဖော်ဝါရီ ၁ တွင် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွင့်လှစ်သောအခါ ဂျပန်စစ်တပ်သည် ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ်ပြဋ္ဌာန်းရေးကို ဆက်လက်တောင်းဆိုနေခဲ့ရာ ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့တွင် ဝန်ကြီးများ အထူးအစည်းအဝေးကျင်းပပြီး ဂျပန်ဘာသာစကားကို မသင်မနေရ ဘာသာအဖြစ်မပြုလုပ်နိုင်ကြောင်း ပြတ်ပြတ်သားသား ပြန်ကြားခဲ့သည်။

ဒေါက်တာဘမော်ခေါင်းဆောင်သောအစိုးရသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတွင် အဘက်ဘက်မှ အခွင့်အရေးရအောင် အမျိုးမျိုးစီမံခဲ့သည့်အပြင် အမျိုးသားရေးစိတ်ဓာတ်တက်ကြွရေး၊ အာဇာနည်သူရဲကောင်း ပေါ်ပေါက်ရေးတို့အတွက် အားပေးခဲ့သည်။ အာဇာနည်များကို ဂုဏ်ပြုသော

အားဖြင့် ၁၉၄၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ ဘနလ်ာနေ့တွင် ရွှေတိဂုံကုန်းတော် မြောက်ဘက် ကုန်းပြင် မြင့်ပေါ်တွင် အာဇာနည်ဗိမာန် တည်ဆောက်ရန်အတွက် အဓိပတိ ဒေါက်တာဘမော် ကိုယ်တိုင် အုတ်မြစ်ချပေးခဲ့သည်။

ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေး အတွက် ဂျပန်စစ်တပ်သည် ချွေးတပ်သားများကို အတင်း အဓမ္မစုဆောင်းခြင်းကို တားမြစ်ရန်အတွက် ဒေါက်တာ ဘမော်ကိုယ်တိုင် သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၁၉၄၃ ခုနှစ် မေလ ၆ ရက်နေ့တွင် 'ချွေးတပ်ဗဟိုရ်အဖွဲ့ကြီး' ကို ဖွဲ့စည်းခဲ့သည်။

ဒေါက်တာဘမော်သည် ဂျပန်နိုင်ငံတွင်ကျင်းပသည့် "မဟာအရှေ့အာရှညီလာခံ" သို့တက်ရောက်ရန် ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင် သွားရောက်ခဲ့သည်။ ဒေါက်တာ ဘမော်နှင့်အတူ ဝန်ကြီးဦးထွန်းအောင်၊ နိုင်ငံခြားရေးအတွင်းဝန် ဦးရွှေဘော်၊ မင်းခမ်းမင်းနားအတွင်းဝန် ဦးညွန့်ဟန်၊ စစ်ဘက်ရေးရာအတွင်းဝန် ဗိုလ်ရန်နိုင်တို့ လိုက်ပါသွားခဲ့သည်။ ထို ညီလာခံသို့ မြန်မာနိုင်ငံ၊ တရုတ်

နိုင်ငံ၊ ယိုးဒယား(ထိုင်း)နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့်ဖိလစ်ပိုင်နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

မဟာ အရှေ့အာရှညီလာခံတွင် ဒေါက်တာဘမော်က

"----ဗမာပြည်ဟာ အာရှအနောက်စစ်မျက်နှာ တံခါးမှူးတာဝန်ယူနေရတယ်။ အခုစစ်ဟာလည်း ဗမာ့စစ် တစ်ခုတည်းသာမဟုတ်၊ အာရှစစ်ဖြစ်တဲ့အတိုင်း အာရှအားလုံး နဲ့ဆိုင်တယ်။ ဒါကြောင့် အာရှစစ်ကို အာရှနိုင်ငံအသီးသီးက ဝေပုံကျတာဝန်ယူပြီး ဗမာပြည်မှာလိုနေတဲ့ပစ္စည်းများ ကူညီကြပါ" ဟု ပြောကြားခဲ့လေသည်။

ဒေါက်တာဘမော်သည် မဟာအရှေ့အာရှညီလာခံမှ ပြန်လည်ရောက်ရှိပြီး ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာ နိုင်ငံလွတ်လပ်ရေးကြေညာစဉ်က ဂျပန်စစ်အုပ်ချုပ်ရေး လက်အောက်တွင်ထားရှိခဲ့သော ရှမ်း၊ ကရင်နီနှင့် ဝနယ်များကို မြန်မာနိုင်ငံအတွင်းသို့ ပူးပေါင်း ထည့်သွင်းခဲ့သည်။ ထိုနယ်များ ကို အုပ်ချုပ်ရန် ပြည်ထဲရေးဝန်ကြီး ဦးဘဝင်းကို ခန့်ထားခဲ့သည်။ ထိုအချိန်တွင် ဒေါက်တာဘမော်အား လုပ်ကြံရန် ကြိုးစားမှုကြီး ပေါ်ပေါက်

ခဲ့သည်။ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်နေ့ ည ၁၀ နာရီခွဲအချိန်ခန့်တွင် လေကြောင်းရန် သတိပေးဥသြသံဆွဲရာ အိမ်တော်သားအားလုံးသည် ဗုံးခိုကျင်းအတွင်းသို့ ဆင်းနေခဲ့ရသည်။ အသံရှည်ဖြင့် အေးဥသြမှုတ်သည့်အချိန် ရောက်မှ အိမ်သို့ပြန်တက်ခဲ့သည်။ ည ၁၀နာရီခွဲအချိန်ခန့်တွင် ဒုတိယအကြိမ် လေကြောင်းဥသြသံမှုတ်ခဲ့ရာ ထိုအကြိမ်တွင် ဒေါက်တာဘမော်က ဗုံးခိုကျင်းအတွင်း မဆင်းဘဲနေခဲ့သည်။ ဒေါက်တာဘမော်ကိုသတ်ရန်လာကြသော ဂျပန်တို့သည် ပထမအကြိမ် 'အေးစေ' ဥသြမှုတ်ပြီးစတွင် စံအိမ်တော်ဝင်းဝ သို့ရောက်ရှိလာပြီး 'တို့စစ်ပုလိပ်ဖြစ်တယ်။ အိမ်တွင်းထဲမှာ ရန်သူလေယာဉ်ပျံလာတုန်းက မီးမြင်တယ်။ သူလျှိုရှိတယ်။ တံခါးဖွင့်လိုက်' ဟုပြောပြီး ဗုံးခိုကျင်းသို့ သွားရောက်၍ ဒေါက်တာဘမော်အားရှာဖွေသည်။ ထိုအချိန်တွင် ဒေါက်တာ ဘမော်သည် အိမ်အပေါ်ထပ်၌ရောက်ရှိနေပြီဖြစ်သည်။ ဒေါက်တာဘမော်အား သတ်ရန်လာသော ဂျပန်လူမျိုး ဗိုလ်ကြီးအဆာအိ -(Asai Tokuichi) (နောင်ပါမောက္ခ ပထဝီဌာန၊ တာမာဂါဝါ (Tamagawa) တက္ကသိုလ်)သည်

ဂျပန်စစ်ဗိုလ်ချုပ် အစွမိုးယားက ဒေါက်တာဘမော်အား သတ်ရန် စက်ာပူမှအထူးခေါ်ယူထားခြင်းဖြစ်သည်။ အဓိပတိ ဒေါက်တာဘမော်အား သတ်ရန်ကြံစည်မှုတွင် ဂျပန်လူမျိုး 'တိုမိုးဒါး' (Tomoda)၊ အာရှလူငယ်များအစည်းအရုံး ဒုဥက္ကဋ္ဌကိုကျော်မြင့် (B.A.B.I.) (၂ဥ္စီး၊ ငါးပွင့်ဆိုင်၊ မြို့တော်ဝန်ဟောင်း ဦးသင်းမောင်၏သား)နှင့် မောင်မောင်တို့လည်း ပါဝင်ခဲ့ကြသည်။

ဒေါက်တာဘမော်အား သတ်ဖြတ်ရန်ကြံစည်မှုတွင် ဂျပန်စစ်ဘက်မှ အကြီးအကဲများဖြစ်ကြသော ဂျပန်ဗိုလ်ချုပ်ကြီး ကဝါဘီ (Gen.Kawabe)၊ ဗိုလ်ချုပ်ကြီးအစွမိုးယားနှင့် အိုဇာကီ (Ozeki) ဆိုသူတို့ဦးဆောင်၍ မြန်မာအစိုးရအဖွဲ့အတွင်း ဂျပန်တို့အလိုကျဆောင်ရွက်နိုင်သော အခြေအနေမျိုးကိုရရှိရန်အတွက် ဖြစ်သည်။

ထို့နောက် ၁၉၄၄ ခုနှစ် ဧပြီလ ၂၃. ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သူရဲကောင်းချီးကျူးရေးအဖွဲ့ချုပ်၏ နှစ်ပတ်လည် ညီလာခံကို ရန်ကုန်နေပြည်တော် ကန်တော်ဒိတ်သဘင်တွင် ကျင်းပရာ ညီလာခံတွင် ဒေါက်တာဘမော်က

အာဇာနည်နေ့ ပြုလုပ်ရန်၊ အာဇာနည်စာရင်းကောက်ရန်၊ အာဇာနည်ဗိမာန် အတွက် လိုအပ်သောအကူအညီများပေးရန်၊ တပ်မတော် အတွက် လိုအပ်သောအကူအညီပေးရန်၊ အာဇာနည်ဗိမာန်အနီးတွင် အဖွဲ့ချုပ်ဌာန ဖွင့်လှစ်ရန် စသည့်အဆိုပြုချက်တို့ကို အတည်ပြုပေးခဲ့သည်။

မဟာမိတ်တပ်များ လေကြောင်း၊ ရေကြောင်း၊ ကြည်း ညှပ်ပြီး ပြင်သစ်နော်မန်ဒီ ကမ်းခြေတိုက်ပွဲကို အပြင်းအထန် ဆင်နွှဲနေချိန်တွင် အဓိပတိဒေါက်တာဘမော်သည် 'လေးမျက်နှာစီမံကိန်း' ကို ကိုယ်တိုင်ရေးဆွဲခဲ့သည်။ လေးမျက်နှာစီမံကိန်းတွင် နိုင်ငံရေးစစ်မျက်နှာ၊ စီးပွားရေးစစ်မျက်နှာ၊ စိတ်ဓာတ်ရေးစစ်မျက်နှာ၊ အတူတကွကြီးပွားရေး နယ်ပယ်စစ်မျက်နှာဟူ၍ အခန်းကြီးလေးခန်းပါရှိသည်။ အဆိုပါ 'လေးမျက်နှာစီမံကိန်း' ကို ၁၉၄၄ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့နောက် ဒေါက်တာဘမော်သည် မြန်မာ့လွတ်လပ်ရေးနှစ်ပတ်လည်နေ့ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် 'မဟာဗမာအစည်းအရုံး' ကို ဖွဲ့စည်း

တည်ထောင်ခဲ့ပြီး မြန်မာပြည်အတွင်းရှိ အစည်းအရုံး အသင်းအဖွဲ့ အမျိုးမျိုးကကူညီရန် ကြေညာသည်။

မဟာဗမာဦးစီးအဖွဲ့ဝင်များမှာ–

၁။ ဒေါက်တာဘမော်
၂။ သခင်မြ
၃။ ဦးထွန်းအောင်
၄။ ဦးသိမ်းမောင်
၅။ ဦးဘဝင်း
၆။ ဦးအေး
၇။ ဗန္ဓုလဦးစိန်
၈။ ဦးသွင်
၉။ ဟသ်ာတဦးမြ
၁၀။ သခင်နု
၁၁။ သခင်သန်းထွန်း
၁၂။ စောဘမောင်
၁၃။ သခင်ညီ
၁၄။ ဦးဘဂျမ်း(ပုဂံ)

၁၅။ ဒေါ်ခင်မမမော်
(ဒေါက်တာဘမော်၏ ကြင်ယာတော်)
၁၆။ တောင်ပိုင်းစောဘွား ခွန်ပန်းစိန်တို့
ဖြစ်ကြသည်။

မဟာဗမာအစည်းအရုံးကြီး၏ ထင်ရှားသော လုပ်ငန်း ရန်ကုန်မြို့တွင် မဟာဗမာရေတွင်းများ တူးဖော်သော လုပ်ငန်းဖြစ်သည်။ အဝတ်အထည်မရှိသူများအတွက် မဟာအရှေ့အာရှညီလာခံကြီးက ရရှိခဲ့သောအဝတ်များကို မဟာဗမာအစည်းအရုံးကြီးက ဦးစီးဝေငှပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်တို့အကြီးအကျယ် စစ်ရှုံးသောအချိန် ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ကို ပြန်လည်သိမ်းပိုက်ရန် အမေရိကန် တို့ အကြီးအကျယ်တိုက်ပွဲဝင်ခဲ့သည်။

ဂျပန်တို့သည် မြန်မာနိုင်ငံတွင် စစ်အခြေအနေဆိုးဝါး သော်လျှင် ခံတပ်ကြီးသဖွယ်ထုထည်ကောင်းသော ရွှေတိဂုံ ကုန်းတော်ကို ခံတပ်လုပ်ရန်၊ ဆူးလေ၊ ကျိုက္ကစံ၊ ငါးထပ်ကြီး၊ မြောက်ထပ်ကြီး၊ ကိုးထပ်ကြီးဘုရားများနှင့် ဘုန်းကြီးကျောင်း

တိုက်များ၊ လူနေရပ်ကွက်များတွင် လက်နက်ခဲယမ်း မီးကျောက်၊ စစ်ပစ္စည်းများထားရန် ဆုံးဖြတ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ စစ်ဗိုလ်များ၊ အင်ဂျင်နီယာများသည် ရွှေတိဂုံစေတီကုန်းတော်ပေါ်သို့တက်ပြီး တိုင်းထွာလျက်ရှိသည်။ ထိုအခါ ဒေါက်တာဘမော်ကအပြင်းအထန်ကန့်ကွက်ခဲ့သည်။ သို့သော် မရသဖြင့် ဂျပန်နိုင်ငံသို့သွားရောက်တိုင်ကြားရန် ဆုံးဖြတ်ခဲ့ကြပြီး လျှို့ဝှက်သွားရောက်ခဲ့သည်။

ထို့နောက် ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဂျပန်ဝန်ကြီးချုပ် ကိုအိစော(Koiso)နှင့်လည်းကောင်း၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် မဟာအရှေ့ အာရှအစည်းအရုံး၏ဝန်ကြီးလည်းဖြစ်သူ မစ္စတာရှီဂျီမစ်စု (Mr.Shigemitsu) တို့နှင့်လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီး စူဂျီယာမ(Sugiyama) တို့နှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံ၍ တွေ့ဆုံဆွေးနွေးခဲ့ရာ ရွှေတိဂုံခံတပ်မလုပ်ရန်၊ ရန်ကုန်မြို့တွင် တိုက်ပွဲမဖြစ်စေဘဲ အကာအကွယ်မရှိသော မြို့အဖြစ်ထားရန်၊ ဗမာ့တပ်မတော်ကို ရှေ့တန်းတိုက်ပွဲအဖြစ်မသုံးဘဲ ပြည်တွင်းကာကွယ်ရေး အဖြစ်

သာသုံးရန်၊ 'မြေလှန် မီးရှို့' စနစ်မသုံးရန်၊ ဂျပန်တပ်များ နောက်ဆုတ်သောအချိန် တွင် မြန်မာအရာရှိအမှုထမ်းများကို အတင်းအဓမ္မခေါ်ဆောင်ခြင်း၊ တိုင်းသူပြည်သားများကို သူလျှို အဖြစ်လည်းကောင်း၊ စစ်အတွက်လည်းကောင်း အတင်း အကျပ်စေခိုင်းခြင်းမပြုရန်၊ လေးမျက်နှာစီမံကိန်းကို သဘောတူ သောအားဖြင့် လွတ်လပ်သော မြန်မာနိုင်ငံ အစိုးရအနေဖြင့် ငွေဒင်္ဂါးများနှင့် ငွေစက္ကူများ စီမံမှုကို ပြုလုပ်ရန်၊ ဂျပန်စစ်တပ်မှ လိုအပ်သောငွေများကို မြန်မာ အစိုးရကို အသိပေးပြီးမှသာ မြန်မာနိုင်ငံတော်၌ ထုတ်ဝေရန် တို့ကို ဆွေးနွေးခဲ့သည်။

၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဗြိတိသျှအမှတ် ၁၄ တပ်မတော်သည် မြန်မာပြည်သိမ်း စစ်ဆင်ရေး စတင်ခဲ့သည်။ ဗြိတိသျှအမှတ် ၃၃ တပ်မကြီး၏ အမှတ် ၂၀ တပ်မတော်မှ တပ်မဟာတစ်ခု ကလေးဝမြို့ မြောက်ဘက် မိုင် ၃၀ ကွာမှ ချင်းတွင်းမြစ် ကိုဖြတ်ကူးလာရာ ရခိုင်မျိုးချစ်ပြောက်ကျားတပ်များ သည် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်

ဒေါက်တာဘမော်သည် ဂျပန်၊ အင်ဒိုချိုင်းနားနှင့် ယိုးဒယား (ထိုင်း)နိုင်ငံများသို့ ခရီးလှည့်လည်ရာမှ မြန်မာသို့ပြန်လည် ရောက်ရှိခဲ့ပြီး ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံခြားခရီးစဉ်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့သည်။

၁၉၄၅ မတ်လ ၁ မှ ၃ အထိ ရန်ကုန်မြို့ပတ်လမ်း (ယခု နတ်မောက်လမ်း) ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ခေါင်းဆောင်များ အစည်းအဝေးကျင်းပသည်။ထိုအစည်းအဝေး တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို ဖက်ဆစ် တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ ချုပ်(ဖတပလ)ဟု ပြင်ဆင်သည်။ ထို့နောက် အိန္ဒိယနိုင်ငံ မဟာမိတ်စစ်ဌာနချုပ် ကပေးစာနှင့် သခင်သိန်းဖေ(သိန်းဖေမြင့်)ထံမှပေးစာတို့အပေါ် မူကည့်၍ဆွေးနွေးကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ပက်သက်သော ဆုံးဖြတ်ချက်များကို အားလုံးသဘောတူချမှတ် ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် စစ်တိုင်းကြီးများ ခွဲခြင်း၊ စစ်နယ်မြေများသတ်မှတ်ခြင်းနှင့် စစ်ရေးနှင့် နိုင်ငံရေး

ခေါင်းဆောင်များရွေးချယ်ခြင်းတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် ညရနာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် သရက်ခရိုင်၊ ပုဏ္ဏားကျွန်းတွင် ဖွင့်လှစ်ထားသော ပြည်သူ့လွတ်လပ်ရေးတပ်မတော်ဌာနမှ ဖက်ဆစ်ဂျပန်ကို တော်လှန်လိုက်ပြီဖြစ်ကြောင်းကြေညာကာ ဖတပလမှဦးစီး၍ မြန်မာနိုင်ငံတဝန်းလုံးရှိ ဖက်ဆစ်ဂျပန်တို့အား ဆင်နွှဲလိုက်ခဲ့ကြလေသည်။

၁၉၄၅ ခုနှစ် ဧပြီ ၂၂ တွင် ဂျပန်တပ်များ၏စစ်သေနာပတိချုပ်ကီမူရာက ၎င်း၏စစ်ဦးစီး ဒုတိယဗိုလ်ချုပ်ကြီး တာနာကာ(Lt. Gen Tanaka Shinnichi) အားရန်ကုန်မှ အတင်းဆုတ်ခွာခိုင်းသည်။ ယင်းနေ့မှာပင် ဂျပန်စစ်ဗဟိုဌာနချုပ်မှ ဒေါက်တာဘမော်ဦးဆောင်သော ဝန်ကြီးများအား ဧပြီ ၂၃ ည ၁၈ နာရီတွင် မော်လမြိုင်သို့လိုက်ပါရန်အမိန့်ထုတ်ခဲ့သည်။

ထို့နောက် ၁၉၄၅ ခုနှစ် ဧပြီ ၂၃ ည ၉း၃၀ နာရီတွင် ရန်ကုန်မှ ဆုတ်ခွာသောဂျပန်စစ်ဟပ်ကြီးများနှင့်အတူ

ဒေါက်တာဘမော်နှင့်မိသားစုဝင်များ၊ ဒေါက်တာဘဟာန်၊ ဦးလှဖေ၊ သခင်လွန်းဘော်၊ သခင်နု၊ ဗန္ဓုလဦးစိန်တို့သည် လိုက်ပါသွားခဲ့ကြသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်တို့လက်နက်ချမည့်ဆုံးဖြတ်ချက်အပေါ်တွင် ထားသည့် ဒေါက်တာဘမော်၏သဘောထားကိုဂျပန်အစိုးရက မေးမြန်းသည့်စာတစ်စောင်ကို ဒေါက်တာဘမော်ထံ ပေးပို့ခဲ့သည်။ဒေါက်တာဘမော်ကလည်း သဘောတူသည့်အကြောင်း ပြန်ကြားခဲ့သည်။ ဒေါက်တာဘမော်က ထိုနေ့ညနေပိုင်း၌ပင် မြန်မာအစိုးရဝန်ကြီးများ၊ အတွင်းရေးမှူးများအားလုံးကို အစည်းအဝေးခေါ်ယူ၍ ဂျပန်တို့ လက်နက်ချသည့်အကြောင်း ခေါ်ယူအသိပေးခဲ့သည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံးကလည်း ဂျပန်လက်နက်ချလျှင် စစ်ကြီးအတွက်များစွာ အပျက်အစီးသက်သာမည့် အစီအစဉ်ဖြစ်သည့်အတွက် တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဂျပန်တို့ ခြွင်းချက်မရှိ လက်နက်ချလိုက်သဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ မြန်မာပြည် စစ်မြေပြင် တိုက်ပွဲများမှာလည်း ပြီးဆုံးသွားခဲ့လေသည်။

ဒေါက်တာဘမော်သည် ဂျပန်တို့လက်နက်ချပြီး နောက် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့တွင် ဂျပန်နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခွင့်တောင်းရန် ယိုးဒယား(ထိုင်း) မြန်မာ ရထားလမ်းခရီးဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့သည်။ ဂျပန်နိုင်ငံ တွင် ခေတ္တ ခိုအောင်းနေခဲ့ပြီးနောက် ၁၉၄၅ ဒီဇင်ဘာလ နောက်ဆုံးပတ် တွင် တိုကျိုရှိ ဗြိတိသျှစစ်တပ်မှ ဗိုလ်မှူးကြီး ဖီးဂျီးစ် (Col: Figesse) ထံတွင် လက်နက်ချ အဖမ်းခံခဲ့သည်။

၁၉၄၅ ဒီဇင်ဘာလကုန်ခန့်တွင် ဒေါက်တာဘမော် အား အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ဆူဂါမိုအကျဉ်း ထောင် (Sugamo Prison) သို့ လွှဲပြောင်းပေးခဲ့သည်။ ဆူဂါ မိုအကျဉ်းထောင်တွင် ၁၉၄၆ ဇူလိုင်လကုန်အထိ ကြာမြင့်ခဲ့ ပြီး ဗြိတိသျှအစိုးရ၏ စစ်အတွင်းအပြစ်များမှ ခွင့်လွှတ်ကြောင်း အမိန့်ထွက်လာပြီးနောက် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၁၉၄၆ ဩဂုတ် ၁ တွင် ရောက်ရှိလာရာ ဗိုလ်ချုပ်အောင်ဆန်းခေါင်း ဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်(ဖဆပလ)တွင် ပါဝင်ရန် စည်းရုံးခဲ့သော်လည်း လက်မခံပဲ မဟာဗမာပါတီကို ပြန်လည်ထူထောင်ကာ ဗြိတိသျှ

ကို ဆန့်ကျင်သည့် အတိုက်အခံနိုင်ငံရေးသမားများကို ခေါင်းဆောင်ခဲ့သည်။ ဒေါက်တာဘမော်သည် ၁၉၄၇ ဇန်နဝါရီ ၂၇ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန် အက်တလီ ၏တို့ ချုပ်ဆိုခဲ့သော 'အောင်ဆန်း–အက်တလီစာချုပ်'ကို ဆန့်ကျင်ခဲ့သည်။ ဒေါက်တာဘမော်သည် ၁၉၄၇ မတ်လ ၉ ရက်တွင် ရန်ကုန်မြို့၊ နေသူရိန် ရုံကြီး၌ မဟာဗမာအဖွဲ့ချုပ်မှ ကြီးမှူးသော ဗမာ့လက်ငင်း လွတ်လပ်ရေး အစည်းအဝေးတွင် သဘာပတိဆောင်ရွက်ကာ အောင်ဆန်းအက်တလီစာချုပ်နှင့် ပတ်သက်ပြီး–

"ဒီအင်္ဂလိပ် အောင်ဆန်းစာချုပ်ကို မစဉ်းစားမီ ဒီစာချုပ်ရဲ့နောက်ခံကားကို အရင်တင်ပြချင်ပါတယ်။ ပထမတွေ့ဆုံတဲ့ နှစ်ဦးနှစ်ဘက်အား ကိုကြည့်ကြ။ တစ်ဘက်က အင်္ဂလိပ်အားကိုကြည့်ရင် သူတို့ရဲ့ နှစ်ပေါင်း ၃၀၀ ကျော်ရာဇဝင်တစ်ခုလုံးမှာ ဒီလောက်အားပျက်ပြီး ဖရိုဖရဲ ကျိုးကန်းတောင်းမှောက်ဘဝကို ဘယ်တုန်းကမှ မရောက်ခဲ့ကြဖူးဘူး။ ဗမာဘက်ကဆိုရင် ကျွန်သက်နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ လူအင်အား၊ လက်နက်အင်အား ဗမာ့

အခြေအနေအင်အား၊ ကမ္ဘာ့အခြေအနေအင်အား ဒီလောက် တောင်မစုံခဲ့ဖူးဘူး။ အင်္ဂလိပ်က ဗမာတောင်းသမျှ ကိုပေးရမယ့် အခြေအနေ၊ ဗမာက အင်္ဂလိပ်ဆီကတောင်းသမျှ ရရမယ့် အခြေအနေမှာ ရောက်ခဲ့နေတယ်။

စစ်ကြီးအတွင်းက အင်္ဂလိပ်တွေပြန်လာတော့မယ် ဆိုတာသိတာနဲ့ တပြိုင်နက်ကျုပ်ဘယ်လိုသတိပေးခဲ့သလဲ။ အင်္ဂလိပ်ဟာ လက်နက်စစ်ကြီးကို နိုင်သည့်တိုင်အောင် ဗမာပြည်ကိုပြန်ပြီးနိုင်တယ်လို့ မဆိုနိုင်ဘူး။ အင်္ဂလိပ်ဟာ ဗမာပြည်ကို ပြန်ပြီးသိမ်းနိုင်တဲ့အားရှိပေမယ့် သိမ်းတဲ့ပစ္စည်းကို မြဲအောင်ထိန်းထားနိုင်တဲ့အားရှိမှာမဟုတ်ဘူး။ ဗမာများက လက်နက်စစ်ကြီးမှာ အရှုံးပေးရပေမယ့် နိုင်ငံရေးစစ်ကြီးမှာ အနိုင်ယူနိုင်သေးတယ်လို့ ကျုပ်ပြောခဲ့တယ်။ အားမလျှော့ဘဲ လုပ်ကြရင် လက်နက်စစ်ကို နိုင်ငံရေးစစ်က နိုင်နိုင်သေးတယ် လို့လည်း သတိပေးခဲ့တာကို မှတ်မိကြလိမ့်မယ်။

ကဲ ကျုပ်ပြောတဲ့အတိုင်း အင်္ဂလိပ်တွေပြန်ရောက်လာ ခဲ့တယ်။ ဒါပေမယ့် ဘယ်လိုအခြေအနေနဲ့ ပြန်ရောက်ကြ သလဲ။ ခုတောင် သူတို့ဟာ လက်ကိုင်မမီ၊ ခြေကုတ်မရဖြစ်

နေကြတာ ကမ္ဘာကတောင်သိတယ်။ တစ်ကမ္ဘာလုံးမှာ သူတို့ ဟာ မီးတွေပတ်ပတ်လည်ဝိုင်းနေတယ်။ စစ်ပြီးကတည်းက အင်္ဂလိပ်တွေဟာ အာရှတိုင်းပြည်တွေကနေ အထုပ်ထမ်းပြီး ပြေးရတော့မယ့်ဘဝ ရောက်နေပါတယ်။ ဒါကိုလည်း အာရှ တိုင်းပြည်တွေကသိကြတယ်။ သိတဲ့အတိုင်းလည်း လုံးဝ အလျှော့မပေးဘဲ အရေးဆိုကြတယ်။ အိန္ဒိယ၊ အီဂျစ်၊ ပါလက်စတိုင်းတို့ဆိုရင် အင်္ဂလိပ်က ဈေးဆစ်တာတောင် တစ်ရွေးသားမှမခံကြဘူး။ ဦးအောင်ဆန်းတို့တစ်ဦးတည်း ကသာ အင်္ဂလိပ်ကပေးသမျှကို တင်းတိမ်ပြီး သဘောတူ လက်မှတ်ထိုးခဲ့ကြတယ်။

ကမ္ဘာ့ရာဇဝင်ကိုကြည့်ရင် နှစ်ပေါင်း ၃၀၀အတွင်းမှာ ခုလိုလူကျော်ခွေးကျော် အမျိုးမျိုးအကျော်ခံရတဲ့ဘဝကို ဘယ် တုန်းကမှ အင်္ဂလိပ်တွေ မရောက်ခဲ့ဖူးဘူး။ ကျုပ်ပြောတာ မှန်သလား မှားသလားသိချင်ရင် ဗမာပြည်မှာရှိတဲ့အင်္ဂလိပ် တွေရဲ့မျက်နှာတွေကိုသာ ကြည့်လိုက်ကြပါ။

ကဲ နှစ်ဦးနှစ်ဘက် သည်လိုအခြေအနေမှာတွေ့ကြ တယ်။ တွေ့တွေ့ချင်း အင်္ဂလိပ်က ဘယ်လိုပွဲဦးထွက်စပြီး

အနိုင်ယူလိုက်သလဲ၊ သူအားနည်းတာကို ဘယ်လိုဉာဏ်နဲ့ ဖုံးလိုက်သလဲ ကြည့်ကြ။ ပထမဆွေးနွေးပွဲကို ဘိလပ်မှာ လုပ်နိုင်းတယ်။ ဒုတိယ ဗမာကိုယ်စားလှယ်တွေကို သူတို့ ကိုယ်တိုင်ရွေးဖိတ်တယ်။ တတိယအစည်းအဝေး အစီအစဉ် ကို သူတို့ကိုယ်တိုင်လုပ်ပြီး ရက်တွေဘာတွေကိုလည်း သူတို့ ကိုယ်တိုင်ကန့်သတ်လိုက်တယ်။ အားနည်းနေတဲ့အင်္ဂလိပ်က အားကြီးနေတဲ့ဗမာကို သူတို့အလိုအတိုင်း လုပ်နိုင်းတယ်။ အားကြီးနေတဲ့ဗမာက ကိုယ့်အားကို ကိုယ်မသိဘဲ အင်္ဂလိပ် ပြောတဲ့အတိုင်းလုပ်လိုက်တယ်။ ဘိလပ်လို့ကြားတာနဲ့တပြိုင် တည်း အကျီ၊ ဘောင်းဘီတွေ လုချုပ်ကြတာပဲ။

ဒီလို ဘိလပ်ကိုဖိတ်တဲ့သဘောကတော့ အင်္ဂလိပ်ဟာ သူတို့တိုင်းပြည်ကိုခေါ်ပြီး သူတို့အကြိုက်လုပ်နိုင်းတာပဲ။ ဒါကို ဗမာတွေက သူတို့အင်အားဘယ်လောက်ကြီးတယ်၊ အင်္ဂလိပ် အင်အားဘယ်လောက်သေးတယ်။ ကမ္ဘာ့အင်အားဘယ်ဘက် မှာရှိတယ် ဘာတစ်ခုမှမသိဘဲ မတွက်ဆဘဲ လုပ်လိုက်တယ်။

ကဲ အောင်ဆန်းအက်တလီစာချုပ်အကြောင်း ကျူပ်ပြောပြမယ်။ နက်နက်နဲနဲပြောရင် ဆုံးတော့မှာမဟုတ်

ဘူး။ ဒါကြောင့် အဲဒီစာချုပ်ရဲ့အဓိကအချက် ၂ ချက်ကိုသာ ဖော်ပြပါ့မယ်။

ပထမတစ်ချက်က ဦးအောင်ဆန်းကိုယ်တိုင်လည်း ဝန်ခံထားတယ်။ဗမာတစ်ပြည်လုံးလည်းသိနေကြတဲ့ကိစ္စပဲ။ ဘာလဲဆိုတော့ ဒီစာချုပ်ဟာ ၁၉၃၅ ခုနှစ် ဗမာပြည် အုပ်ချုပ်ရေးဥပဒေ နဲ့ ၁၉၄၅ ခု ဗမာပြည်အုပ်ချုပ်ရေးဥပဒေ။ အဲဒီနှစ်ခုပေါ်မှာ အခြေတည်တယ်။ ရှင်းရှင်းဆိုရင် အင်္ဂလိပ် အစိုးရက လုံးဝတာဝန်ခံရတဲ့ အင်္ဂလိပ်ဘုရင်ခံအာဏာရှင် ဖြစ်တဲ့ အုပ်ချုပ်ရေးပဲ။ ဦးအောင်ဆန်းလက်မှတ်မထိုးခင်က အတိုင်းဆိုရင် ဒီဘုရင်ခံအာဏာရှင် အုပ်ချုပ်ရေးဟာ ရွေးကောက်ပွဲပြီးတာနဲ့ တပြိုင်နက်ရုပ်သိမ်းရမည်။ အခု အင်္ဂလိပ်အောင်ဆန်းစာချုပ်ကြောင့် ဗမာလွတ်လပ်ရေး မရမခြင်းတည်နေမယ်တဲ့။ ဒါဟာ စာချုပ်ထဲကအတိုင်းပဲ။ ဒီစာချုပ်ကို သေသေချာချာစဉ်းစားရင် ပုလိပ်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမောင်ရဲ့စကားအတိုင်း 'ဝါးလေခါးလေ' ပဲ။

ဒီစာချုပ်ကိုရှေ့ထိုးပြီး အပိုင်း(၄)ပိုင်းခွဲစိတ်ပြီးကြည့်ရင် သာပြီးဆိုးသေးတယ်။ ပထမအပိုင်းက အုပ်ချုပ်ရေးအဖွဲ့။

ဒီအဖွဲ့ဟာ ရှေးကလို ဝန်ကြီးချုပ်အဖွဲ့မဟုတ်။ အင်္ဂလိပ်ဘုရင်ခံရဲ့အတိုင်ပင်ခံအမတ်အဖွဲ့သာဖြစ်တယ်။ အင်္ဂလိပ်ဘုရင်ခံတစ်ခုတည်းသာ အာဏာအကုန်ပိုင်တယ်။ ဒီအတိုင်ပင်ခံအဖွဲ့ဟာလည်း ဘုရင်ခံကိုသာ တာဝန်ခံရတယ်။ တိုင်းသူပြည်သားများကို တာဝန်ခံရတဲ့အဖွဲ့မဟုတ်။

ဒုတိယပိုင်းက လာမည့်တိုင်းပြုပြည်ပြုလွှတ်တော်ကလည်း ဘုရင်ခံတစ်ဦးတည်းအာဏာကုန်ပိုင်ပြီး အုပ်ချုပ်မယ့်စာရေးလွှတ်တော်ပဲ။ သူတို့ရေးမယ့် အုပ်ချုပ်ရေးစည်းမျဉ်းကို ဘုရင်ခံနဲ့အင်္ဂလိပ်အစိုးရသာဆုံးဖြတ်ပြီး အတည်ပြုနိုင်မယ်။

တတိယပိုင်းက လာမည့်ဥပဒေပြုလွှတ်တော်ကလည်း ဘုရင်ခံကရွေးပြီးခန့်မယ့်လွှတ်တော်ပဲ။ ဥပဒေပြုဖို့အာဏာကတော့ ဘုရင်ခံတစ်ဦးတည်းပိုင်တယ်။ လွှတ်တော်အမတ်တွေက အကြံဉာဏ်ပေးရုံပဲ။

စတုတ္ထအပိုင်းဖြစ်တဲ့ တောင်တန်းနယ်တွေကိစ္စမှာလည်း ဗမာ့အလိုအတိုင်းမဟုတ်ဘဲ တောင်တန်းနယ်ဒေသအလိုအတိုင်းသာဖြစ်ရမယ်တဲ့။ သူတို့ဝင်ချင်ဝင်၊ မဝင်ချင်နေနိုင်တယ်တဲ့။ တိုတိုပြောရရင် ဗမာများရဲ့ရှေ့ကံကြမ္မာဟာ

သူတို့လက်ထဲမှာလိုလို ဖြစ်နေတယ်။ ဒါက အင်္ဂလိပ်ရဲ့အရင်းခံ ဝါဒအတိုင်းပဲ။ ဒါကိုဦးအောင်ဆန်းက လက်ခံခဲ့တယ်။

ဒါတွေနဲ့တောင် အင်္ဂလိပ်–အောင်ဆန်းစာချုပ်ကြောင့် အိန္ဒိယနဲ့တန်းတူသွားပြီလို့ မရှက်ဘဲပြောနေကြသေးတယ်။ ဒီစာချုပ်ကို အိန္ဒိယမှာထုတ်တဲ့ တိုင်းရင်းသားသတင်းစာတိုင်းက ကလေးစာချုပ်လို့ ပြောင်နေကြတယ်။

အိန္ဒိယပြည်သူ့လွှတ်တော်ဟာ ဥပဒေအရ တည်ထောင်တဲ့လွှတ်တော်ဆိုတာသိကြ။ ဗမာရတဲ့ပြည်သူ့လွှတ်တော်က ဥပဒေအရ တည်ထောင်တာမဟုတ်ဘူးဆိုတာကိုလည်းသိကြ။ ဒါကြောင့် အိန္ဒိယမှာ သူတို့သဘောကျအခြေဆို တင်သွင်းနိုင်တယ်။ ဥပဒေအတည်ပြုနိုင်တယ်။ အင်္ဂလိပ်အစိုးရကလည်း အိန္ဒိယပြည်သူ့လွှတ်တော်ကို အာဏာကုန်အတိ အလင်းပေးလိုက်ပြီး ဗမာပြည်သူ့လွှတ်တော်ကိုတော့ အာဏာကုန်မပေးဘူး။

ကဲ အင်္ဂလိပ်–အောင်ဆန်းစာချုပ်ရဲ့ ဒုတိယအဓိကအချက်ကို ပြောပြဦးမယ်။ ဦးအောင်ဆန်းဟာ ဘိလပ်သွားပြီး ဘာသွားတောင်းတာလဲ။ သူတို့ ဖဆပလအဖွဲ့ကရော၊

ဖဆပလသတင်းစာတွေကရော ခုမှ သူတို့တောင်းတဲ့အချက်တွေကိုမေ့အောင် အမျိုးမျိုးလုပ်နေကြပေမယ့် ဗမာတွေရော၊ ကမ္ဘာကရော မမေ့ဘူးနော်။ ဘာတွေတောင်းခဲ့သလဲ။

(၁) ဗမာလွတ်လပ်ရေးကို တစ်နှစ်အတွင်း ကန့်သတ်ပေးဖို့

(၂) တိုင်းပြုပြည်ပြုလွှတ်တော်ကို ဗမာသာဖြစ်ပြီး အာဏာပိုင်ဖြစ်ဖို့

(၃) အာဏာပိုင်အစိုးရတစ်လအတွင်းဖြစ်ဖို့

အဲဒီသုံးချက်ပဲ။ ဒါတွေကို အခုတော့ သူတို့သတင်းစာအားလုံးက ဖုံးထားကြတယ်။ ဒါပေမယ့် ဗမာတွေမမေ့ဘူး။ သွားခါနီးတုန်းကလည်း ဘိလပ်သွားမယ်။ ဒါတွေတောင်းမယ်၊ မရရင်ချမယ်၊ ချရင်လည်းနိုင်မယ်။ အသင့်ပြင်ထားကြ၊ ဘာဖြစ်မယ်မသိဘူး။ သပိမှောက်ထားနှင့်ကြဆိုပြီး ဗမာတစ်မျိုးလုံးကို လိုက်ပြီးခိုင်းသွားတယ်မဟုတ်လား။

ဟိုရောက်တော့ကော ဗမာ့ဆန္ဒ(၃)ချက်ကို တောင်းသတဲ့လား။ ကျုပ်ကိုမမေးနဲ့။ ဦးအောင်ဆန်းကိုမေး။ ရခဲ့သလား၊ ကျုပ်ကိုမမေးနဲ့။ စာချုပ်ကိုကြည့်ကြ။ တောင်းမတောင်းသိချင်ရင် သူတို့နဲ့တူတူပါသွားတဲ့ သခင်ဗစိန်တို့

သိတယ်။ မရခဲ့ဘူး ဆိုတာကတော့ စာချုပ်ကိုကြည့်လို့ သိရတယ်။

အဲဒီလို ဗမာလိုလားချက်မရတဲ့စာချုပ်ကို သဘောတူလက်မှတ်ထိုးခဲ့ရုံမကသေး။ ဦးအောင်ဆန်းဟာ ဗမာတွေကို အတင်းလက်ခံခိုင်းနေတယ်။

ကျုပ်အတိအလင်းသတိပေးခဲ့မယ်။ အားရှိတဲ့အခါမှာ လုပ်ရင်လုပ်၊ မလုပ်ရဲရင် ဘယ်တော့မှမအောင်မြင်ဘူး မှတ်ထား။ နိုင်ငံရေးမှာရော၊ စီးပွားရေးမှာရော၊ အုပ်ချုပ်ရေးမှာရော စစ်ရေးမှာရော အရေးကြီးဆုံးဟာ အချိန်ပဲ။ လုပ်နိုင်ရင် ချက်ချင်းလုပ်ကြ၊ ဒါပဲ။ တကယ်ချမယ့်လူရှိရင် ကိုယ့်စစ်တပ် ကိုယ့်လက်နက်ကို ရန်သူ့လက်မအပ်ဘူး။ တိုင်းပြည်မှာရှိသမျှ လက်နက်ကို နည်းမျိုးစုံနဲ့မသိမ်းဘူး။ ကိုယ့်ဘက်ကချနေတဲ့ လူတွေကို အင်္ဂလိပ်တပ်၊ ကုလားတပ်အမျိုးစုံသုံးပြီး အစွမ်းကုန်အားနဲ့ဖိပြီး မနှိမ်ဘူး။ ရန်သူနဲ့ထမင်းစား၊ အရက် သောက်မလုပ်ဘူး။ သဘောတူစာချုပ်မချုပ်ဘူး။ ဗမာ့အားကို အမျိုးမျိုးပျက် အောင် လူကြီးလူငယ် ရန်မတိုက်ပေးဘူး။ ဗမာတွေ အားပျက်မယ့်အလုပ်တွေ လက်နက်မဲ့ဘ၀

ချောက်မယ့်အလုပ်တွေ စိတ်သဘောတွေကွဲကြ၊ ပြုကြကုန်မယ့်အလုပ်တွေ မလုပ်ဘူးလို့ မှတ်လိုက်ကြ။

သူတို့က လူထု၊ လူထုနဲ့ပြောနေတယ်။လူထုအင်အားကို တကယ်အားကိုးနိုင်ရင် ဘာဖြစ်လို့ ဘိလပ်သွားပြီးစာချုပ်ချုပ်သေးသလဲ။

ပရိယာယ်ဆိုတာဟာ လိမ်တာပဲ။ အင်္ဂလိပ်တွေက လိမ်ချင်ရင် ခုလိုပြောမနေဘူး။ လိမ်ချင်ရင် လှည့်ပတ်ပြီးစာချုပ်ချုပ်ခိုင်းတာပဲ။

ဦးအောင်ဆန်းတို့က ပွဲမပြီးသေးပါဘူး။ စောင့်ကြည့်ပါဦးဆိုတာဟာ အထူးပဲ အံ့ဩဖို့ကောင်းတဲ့စကားဖြစ်တယ်။ သူတို့ ဘိလပ်သွားတာဟာ အင်္ဂလိပ်နဲ့လုပ်ရမယ့်ကိစ္စကိုပြီးပြီးပြတ်ပြတ်လုပ်ဖို့မဟုတ်လား။

ကဲ ဒီလိုလွတ်လပ်ရေးအစစ်ကို ဘယ်နည်းနဲ့သာရနိုင်တယ်ဆိုတာကို ကျုပ်ဆက်ပြီးပြောပြမယ်။ ကျုပ်ဟာမကောင်းတဲ့အလုပ်တစ်ခုခုအကြောင်းကိုပြောရင် ကောင်းတဲ့အလုပ်အကြောင်းကိုပြောရမယ့်တာဝန်ရှိတယ်။ အင်္ဂလိပ်–အောင်ဆန်းစာချုပ် မကောင်းဘူးဆိုရင် ဘယ်နည်းလမ်းဟာ

ကောင်းသလဲ။ တကယ့်လွတ်လပ်ရေးအစစ်ကို ဘယ်နည်းနဲ့သာ ရနိုင်သလဲ။ တောင်တန်းနယ်တွေပါသော မဟာဗမာပြည်ကြီးတစ်ခုလုံးကို လွတ်လပ်တဲ့နိုင်ငံတော်လို့ လက်ငင်းချက်ချင်း အင်္ဂလိပ်က အသိအမှတ်ပြုရမယ်။ ဒုတိယ ဒီလိုလွတ်လပ်တဲ့တိုင်းပြည်အနေနဲ့ မဟာဗမာနိုင်ငံတော်ကြီးက ကိုယ့်တိုင်းပြုပြည်ပြုလွှတ်တော်ကို ကိုယ့်စည်းကမ်းအတိုင်းခေါ်၍ ကိုယ့်အုပ်ချုပ်ရေးသစ်ကိုခွဲပြီး ကိုယ့်အာဏာနှင့်ကိုယ်ကြေညာရမယ်။ တတိယ ဒီလိုမကြေညာမီစပ်ကြား အင်္ဂလိပ်အစိုးရကသူတို့လက်ထဲမှာရှိနေသေးတဲ့ ဗမာပြည်အုပ်ချုပ်ရေးအာဏာနဲ့လုပ်ငန်းများကို စည်းကမ်းအတိုင်းဗမာများ လက်ထဲကိုအပ်နှင်းရမယ်။ ဒီလိုအပ်နှင်းခြင်းဟာလည်း ၃လအတွင်းမှာပြီးပြတ်စေရမယ်။ စတုတ္ထ ကိုယ့်အုပ်ချုပ်ရေးစည်းမျဉ်းအတိုင်း မဟာဗမာအာဏာပိုင်နိုင်ငံတော်ကြီးထူထောင်ပြီးမှ ဗမာပြည်သူပြည်သားတွေက မဲဆန္ဒနဲ့ခန့်လိုက်တဲ့ဗမာအစိုးရသစ်နဲ့ အင်္ဂလိပ်အစိုးရတို့ တန်းတူအနာဂတ်စာချုပ်မှာ ချုပ်စရာရှိတာကို လွတ်လပ်စွာချုပ်ကြရမယ်။

ဒီနည်းတစ်ခုနဲ့သာ တကယ့်လွတ်လပ်ရေးအစစ်ကို

ဗမာများလက်ငင်းရနိုင်လိမ့်မယ်။

ဒီအကြောင်းနဲ့ဆက်ပြီး ကျုပ်အထူးသတိပေးလိုတယ်။ နိုင်ငံရေးကိုပိုင်းကြည့်လိုက်လျှင် သုံးမျိုးသုံးစားရှိတယ်။ လက်ျာနိုင်ငံရေး၊ လက်ဝဲနိုင်ငံရေး၊ အလယ်ကျတဲ့ကြားနိုင်ငံရေးများဖြစ်တယ်။ ဗမာပြည်မှာ လက်ျာသမားများဆိုလျှင် အင်္ဂလိပ်နဲ့အတိအလင်းပေါင်းပြီး အမြဲသွားလိုတဲ့သူများဖြစ်တယ်။ ဥပမာဆိုရင် ဆာဂျေအေမောင်ကြီးတို့ဖြစ်တယ်။ သူတို့ဟာ သူတို့ရဲ့ယုံကြည်ချက်အတိုင်း အတိအလင်းပြောတယ်။ ပြောတဲ့အတိုင်းလည်း အတိအလင်းလုပ်တယ်။ အပြောနဲ့အလုပ်ညီတယ်။ ရှေ့တစ်မျိုးနောက်တစ်မျိုး၊ ရှုံးရင်တစ်မျိုး၊ နိုင်ရင်တစ်မျိုး၊ အင်္ဂလိပ်နဲ့တွေ့ရင်တွေ့မျိုး၊ ဗမာနဲ့တွေ့ရင်တစ်မျိုးမပြောကြ၊ မလုပ်ကြဘူး။ ဒါကြောင့် သူတို့နဲ့ ဘယ်ဘဝမှ ဝါဒနဲ့အလုပ်မတူနိုင်ပေမယ့် သူတို့ကို ကျုပ်ရိုသေနိုင်သည်။ လေးစားနိုင်တယ်။

ကဲ တခြားဘက်က လက်ဝဲသမားများရှိကြတယ်။ ဥပမာဆိုရင် သခင်စိုးရဲ့အလံနီကွန်မြူအဖွဲ့ပဲ။ သူတို့ဟာလည်း သူတို့ရဲ့အပြောနဲ့အလုပ်ဟာ တသမတ်ထဲ စုံတွဲသွားတာပဲ။

ဂျပန်နိုင်ငံကလည်း ဒီအတိုင်းပဲ။ အင်္ဂလိပ်နိုင်ငံတော့လည်း ဒီအတိုင်းပဲ။ ခွေးပြေးဝက်ပြေးဘဝရောက်ရတော့လည်း ဒီအတိုင်းပဲ ပြောပြီး ဒီအတိုင်းပဲလုပ်ကြတယ်။ သူတို့ရဲ့ အယူဝါဒကို ကျုပ် မှန်တယ်၊ မှားတယ် ခု မဝေဖန်လိုဘူး။ ဒါပေမယ့် သူတို့ရဲ့တကယ့်ယုံကြည်ချက်၊ တကယ့်သစ္စာ၊ သတ္တိနဲ့စင်ကြယ်ချက်များကို ကျုပ် အထူးချီးမွမ်းတယ်။

လက်ချာမကျ၊ လက်တွဲမကျတဲ့ ကြားအဖွဲ့သမားတွေနဲ့ ကြားအလုပ်တွေအကြောင်း ကျုပ်ဆက်ပြီး ခုပြောလိုက်မယ်။ နိုင်ငံရေးတိုင်းမှာ ဒီအတန်းအစားတွေက အရှုပ်ဆုံး၊ အဆိုးဆုံး ရန်သူအစစ်ဆုံးဖြစ်တယ်။ ခုစစ်ပြီးတဲ့ကမ္ဘာကြီးမှာ ဒီလိုအစားတွေက နိုင်ငံအများမှာ ကြီးစိုးနေတာကြောင့် ရှုပ်ထွေးနေတာပဲ။ ဗမာပြည်မှာလည်း ဒီအတိုင်းပဲဖြစ်နေတယ်။ အပြောတစ်မျိုး အလုပ်တစ်မျိုးတွေကို အမြဲလုပ်နေကြတာပဲ။ သူတို့ရဲ့ အပြောကတော့ တတ်သမျှ မှတ်သမျှ ခေတ်ကြိုက်တဲ့ လက်ဝဲ စကားလုံးတွေ၊ အလုပ်ကတော့ တကယ့်လက်ဝဲအလုပ်တစ်ခုမှ ထိထိရောက်ရောက်မပါဘဲ လက်ျာအလုပ်တွေချည်းပဲ၊ ဗမာနဲ့ တွေ့ရင် ဗမာကြိုက်တဲ့စကားလုံးတွေပြော၊ အင်္ဂလိပ်နဲ့တွေ့တယ်

အလုပ်လုပ်ရမယ့် အချိန်တိုင်းမှာ အင်္ဂလိပ်အကြိုက်အလုပ်တွေလုပ်၊ အင်္ဂလိပ်ဘက်က ချွင်းချက်မရှိ ဗမာပြည်ပြန်သိမ်းဖို့တိုက်ပေး၊ လက်နက်နဲ့စစ်တပ်တွေအပ်၊ သပိတ်တွေဖျက်၊ စာချုပ်တွေချုပ်၊ ကိုယ့်ဆုံးဖြတ်ချက်ကိုကိုယ်သစ္စာဖောက်၊ သူပုန်တွေကိုနှိမ်၊ သူတို့ကိုယ်ရေးပေါ်တော့ တိုင်းပြည်ကိုရမ်းဖို့ချဖို့ မြှောက်ပေး၊ သူတို့အရေးပြီးတော့ သူတို့မြှောက်ပေးတဲ့အတိုင်းချတဲ့လူတွေကို သူတို့ပဲပြန်နှိမ်၊ အပြောတိုင်းကတော့ လက်ဝဲသမားတွေတဲ့။ အလုပ်ကတော့ လက်ဝဲအဖွဲ့တွေကို မတရားအသင်းကြေညာ။ လက်ဝဲသမားတွေကို ခါးပြတွေဆိုပြီး အင်္ဂလိပ်စစ်တပ်တွေသုံးပြီးနှိမ်။ ဂျပန်နိုင်ရင် ဂျပန်ဘက်လိုက်ပြီး အင်္ဂလိပ်ကိုကလော်ဆဲ၊ အင်္ဂလိပ်ကနိုင်တော့ အင်္ဂလိပ်ဘက်လိုက်ပြီး ဂျပန်ကလော်တုတ်၊ စစ်အတွင်းက လွတ်လပ်တဲ့ ဗမာနိုင်ငံတော်အရေးသာတဲ့ခေတ်မှာ ဗမာနိုင်ငံတော်အစိုးရထဲ တွင် ရှိသမျှ သစ္စာတွေယူ၊ ရှိသမျှ အလုပ်တွေလုပ်၊ ရှိသမျှ အကျိုးတွေခံစားစံစား၊ ဒီဗမာနိုင်ငံတော်ကြီး အရေးနိမ့်သွားတော့ အင်္ဂလိပ်နဲ့ပေါင်းပြီး ဒီနိုင်ငံတော်ကြီးကို ဝိုင်းဖျက်၊ ဒီနိုင်ငံတော် နဲ့ သစ္စာတည်တည်

လုပ်ခဲ့တဲ့ဗမာတွေကို ကလော်ဆဲ၊ ရန် အမျိုးမျိုးတိုက်၊ အမျိုးမျိုးပြုမူပြီး နှိမ်နင်း၊ အင်္ဂလိပ်လက်ထဲက ရာသမျှရာထူးတော ယူပြီး ပေးသော်လည်းမယူတဲ့သူတွေကိုတော့ ရာထူးငတ်တယ် လို့စွပ်စွဲ၊ အချက်ရတိုင်း အေးခားပြ၊ ပူခားပြ တိုက်ပြီး ရသမျှ သိမ်းကြုံးစားတာကသူတို့၊ စွပ်စွဲတော့ အခြား လူတွေကို ခေတ်ပျက်မှာ အပ်တစ်ချောင်းမှ မဆုံးရှုံးဘဲ မတွေ့ဘူး၊ မကြုံဘူးအောင် အမျိုးမျိုးမြတ်ခဲ့တဲ့လူတွေက စွန့်စားခဲ့တဲ့လူတွေ လို့အသံကောင်းဟစ်အော်။ အိုးအိမ်မှစပြီး ရှိသမျှပစ္စည်း ပြုတ်ပြုတ်ပြုံးအောင် ဆုံးရှုံးခဲ့တဲ့လူတွေကိုတော့ အချောင်သမားတွေတဲ့။ စစ်အတွင်းက သူတို့ဟာ အင်္ဂလိပ် ပဉ္စမတပ်သားအဖြစ်နဲ့ အင်္ဂလိပ်ရဲ့အကျိုးကို ဦးဆွေးဆံမြည့် သယ်ပိုးဆောင်ရွက်ခဲ့တယ်လို့ ပြောင်ဂုဏ်ယူ၊ ခုတော့ အင်္ဂလိပ်တွေကို အသက်စွန့်တိုက်ခဲ့တဲ့လူတွေကိုတော့ အင်္ဂလိပ်ပဉ္စမတပ်သားတွေလို့ ဗလာစွပ်စွဲ၊ ထောင်ဘေး၊ သေဘေးအစာငတ်ဘေးကို အဝေးကတောင် မတွေ့ဘူးတဲ့ သူတွေက သူတို့ကိုယ်သူတို့ တော်လှန်ရေးသမားတွေတဲ့။ တကယ့် တိုက်ပွဲမှာ မျက်နှာတော်မပြဘဲ ရှောင်တိမ်းပုန်းလျှို

နေတဲ့သူတွေကတော့ ဗမာ့ခေါင်းဆောင်အစစ်တွေတဲ့။ ဒီလို အမျိုးမျိုး ဟိုမကျ သည်မကျ နိုင်ငံကိုပြောင်းဆန်အောင် ပြောင်လုပ်ပြီး ပြောင်ရောင်းစားနေကြတယ်။

ကျုပ် ဆက်ပြောရဦးမယ်။ ကျုပ်ဟာ နိုင်ငံရေးမှာ ၁၅နှစ်နီးပါးလုပ်ခဲ့ပြီး ဗမာပြည်မှာရော၊ အခြားနိုင်ငံများမှာရော အဘက်ဘက်က နိုင်ငံရေးအဖွဲ့များနဲ့ပုဂ္ဂိုလ်များကို အချိန်ကောင်းအချိန်ဆိုး အမျိုးမျိုးတွေ့ခဲ့ဖူးပါတယ်။ ကျုပ်အတိအလင်းပြောနိုင်တာက ဘယ်အခါတုန်းကမှ ဒီလို လှေနံနှစ်ဖက်နင်း ကြားသမားလူမျိုးတွေကို မတွေ့ခဲ့ဖူးဘူး။

ကျုပ်နောက်ဆုံးဗမာများကို သတိပေးလိုက်တာက လက်ျာသမားလုပ်ချင်၍ အတိအလင်းသစ္စာနဲ့ ကမ်းတိုက်တိုက် တုံးတိုက်တိုက်လုပ်ကြပါ။ နိုင်ငံတော်သစ်ဖန်တဲ့အရေးတော်ပုံဆိုတာ ဒီအတိုင်းလုပ်တာချည်းပါပဲ။ နိုင်ငံရေးဝါဒသုံးမျိုး အကြောင်းပြောတဲ့အဆက်နဲ့ ကျုပ်ရဲ့ နိုင်ငံရေးအကြောင်းကိုလည်း ရှင်းပြချင်ပါသေးတယ်။ ကျုပ်ဟာ ၁၅နှစ်နီးပါးက နိုင်ငံရေးကိုဝင်စကတည်းက ဆင်းရဲသားဝါဒကို အတိအလင်း ကြေညာခဲ့တယ်။ ဆင်းရဲသားဝါဒအဖွဲ့ကိုလည်း ထူထောင်ခဲ့

တယ်။ ဒီဝါဒဟာ ဗမာဆင်းရဲသားနဲ့စပြီး ဗမာဆင်းရဲသားနဲ့ ဆုံးတယ်။ တိုတိုပြောရရင် ဗမာဆင်းရဲသားတော်လှန်ရေးပဲ။ ဒီထက်ပိုပြီး ကျုပ်မပြောလိုဘူး။ တစ်ခုကိုသာ သတိပြုစေချင်တယ်။ ခေတ်အမျိုးမျိုးမှာ တာဝန်ခံလုပ်ခဲ့တုန်းက ကျုပ်ဟာ ရန်နိုင်သမျှ အားကလေးတွေကို စုပြီး အင်္ဂလိပ်နဲ့ ဂျပန်တွေ အားအကောင်းအဆုံးအချိန်အခါမှာ သူတို့နဲ့ရင်ဆိုင်တိုက်ပြီး အလုပ်လုပ်ခဲ့ရတယ်။ ဒီလိုကျုပ်တိုက်ရတုန်းက သူတို့ဟာ ကျားသေတွေမဟုတ်ဘူး။ သူတို့လက်ထဲရောက်တဲ့နိုင်ငံတိုင်းကို ဝါးစားနေတဲ့ ကျားရှင်တွေ ဖြစ်တယ်။ ဒီလိုအခြေအနေမှာ ကျုပ်လုပ်ခဲ့ရတဲ့အလုပ်တွေကို တိုင်းပြည်ကဝေဖန်ဖို့ပဲ။ ကျုပ်ကတော့ ဘဝတွေ၊ ဘေးတွေအမျိုးမျိုးတွေ့ခဲ့ပေမယ့် ဘယ်တော့မှ ခြေမပြောင်းခဲ့ဘူး၊ ရှေ့ကိုလည်းမပြောင်းလဲဘူး။ ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး ကျုပ်ဟာဒီဝါဒပဲ။ မဟာဗမာဝါဒရဲ့ အခြေအမြစ်ဟာလည်း ဒါပဲ။

ကျုပ်လုပ်ခဲ့တဲ့ အလုပ်အကြောင်းကို ပြောဖို့တောင်မလိုပါဘူး။ ကျုပ်ဟာလုပ်ငန်းစီမံကိန်းအမျိုးမျိုးကို တင်ကြိုကြေညာပြီး ဆောင်ရွက်ခဲ့တာချည်းပဲ။ အရေးတော်ပုံစီမံကိန်း၊

လျှပ်စစ်စီမံကိန်း၊ စီးပွားရေး၊ ပညာရေးအစရှိသည့်အမျိုးမျိုးမှာ ကျုပ်လုပ်ခဲ့တဲ့စီမံကိန်းတွေဟာ တောင်လိုပုံနေကြောင်း အားလုံး အသိပါပဲ။

ခုလာမယ့်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကျုပ်ဝါဒဟာ (၂)ချက်အပေါ်မှာ တည်တယ်။ ပထမအချက်က ဗမာများဟာ လွတ်လပ်တဲ့လူမျိုးအနေနဲ့ ကိုယ့်လွတ်လပ်ရေးကိစ္စအဝဝကို စီမံနိုင်မှသာ လွတ်လပ်ရေးအစစ်ကိုရနိုင်မယ်။ ဒီတော့မှသာ လွတ်လပ်တဲ့တိုင်းပြုပြည်ပြုလွှတ်တော်အစစ်၊ လွတ်လပ်တဲ့ အုပ်ချုပ်ရေးစည်းမျဉ်းအစစ်များ ဖြစ်နိုင်မယ်။ ဒုတိယအချက်က တော့ ဗမာ့လွတ်လပ်ရေးရဖို့ လမ်းတို၊ လမ်းဖြောင့်ရှိနေရဲ့ သားနဲ့ ဘာကြောင့်လမ်းရှည်ကြီးကို လိုက်နေရမှာလဲ။ ဗမာ များရဲ့ လွတ်လပ်ရေးဆန္ဒကို ကမ္ဘာကတောင်သိနိုင်ကြပြီ။ ဗမာတစ်မျိုးလုံးဟာ လွတ်လပ်ရေးသူပုန်ထမယ့်အခြေအနေ တောင် ဖြစ်နေကြပြီ။ ဗမာတွေမလွတ်လပ်ရင် အုပ်ချုပ်ရေး တစ်ခုလုံး ပျက်မယ့်အခြေတွေဖြစ်နေပြီ။ ဒီလောက်တောင် ဗမာ့ဆန္ဒဟာ ထင်ရှားနေရဲ့သားနဲ့ အင်္ဂလိပ်အလိုကျ လွတ် လပ်ရေးအတွက် မဲပေးပွဲ၊ လွှတ်တော်ကျင်းပပွဲတွေကို လုပ်ပြ

နေရဦးမှာလား။ ဒီလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို အင်္ဂလိပ်က သူကြိုက်တဲ့နည်းအတိုင်း လက်ခံဖို့ ဗမာများရဲ့ လွတ်လပ်ရေးက စောင့်နေဦးမှာလား။ ဒီအကြောင်းတွေကြောင့် ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့ ကျုပ်သဘောတူတာပဲ။

ခုပြောတဲ့စကားတွေ ကျုပ်သေတဲ့ဘဝ အမျိုးမျိုးက ပြန်လာပြီး သတိပေးတာလို့ သဘောထားပြီး ဗမာများအားလုံး ဝေဖန်ကြတော့''ဟူ၍ ပြောကြားသွားသည်။ အထွေထွေရွေးကောက်ပွဲကြီးကို ၁၉၄၇၊ ဧပြီလ ၉တွင် ကျင်းပသောအခါ ဒေါက်တာဘမော်၊ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့သည် ရွေးကောက်ပွဲဆန့်ကျင်သောအဖွဲ့ကို ဖွဲ့စည်း၍ သပိတ်မှောက်ခဲ့ကြလေသည်။

၁၉၄၇ခုနှစ် ဇူလိုင်လ ၁၉ရက်နေ့ နံနက် ၁၀နာရီ ၃၇မိနစ်အချိန် တွင် အတွင်းဝန်များရုံး (နောင်ဝန်ကြီးများရုံး)၌ အစည်းအဝေး ပြုလုပ်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကို ဂဠုန်ဦးစော၏ စေခိုင်းချက်အရ နောက်လိုက်လူသတ်သမားတို့က လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ၁၉၄၇၊ ဩဂုတ် ၁ရက်နေ့တွင် ဘုရင်ခံ၏ အမှုဆောင် ကောင်စီ(ကြားဖြတ်ယာယီအစိုးရ)က အတိုက်အခံ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ရာ ဒေါက်တာဘမော်၊ သခင် ဗစိန်နှင့် ဗိုလ်ရန်နိုင်တို့လည်း ပါဝင်ခဲ့သည်။

အစိုးရက ၁၉၄၈ခု မေလ ၈ရက်နေ့တွင် ဂဠုန်ဦး စောနှင့် နိုင်ငံတော်လုပ်ကြံမှု တရားခံများအား ကြိုးပေးပြီး နောက် ၂လအကြာ ဇူလိုင်တွင် ဒေါက်တာဘမော်အား ထောင်မှပြန်လည်လွှတ်ပေးခဲ့သည်။ ဒေါက်တာဘမော်သည် ထောင်မှလွတ်မြောက်ပြီးနောက် မဟာဗမာပါတီကို ထူထောင် ခဲ့သည်။ ထို့နောက် ၁၉၅၉တွင် အမျိုးသားပေါင်းစုံ မဟာမိတ် အဖွဲ့၌ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၆ မေလ တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ထပ်မံအကျဉ်း ချခံခဲ့ရပြန်သည်။ ထောင်မှလွတ်မြောက်ပြီးနောက် နိုင်ငံရေး လောကတွင် ပါဝင်ခြင်းမရှိတော့ဘဲ အနားယူခဲ့သည်။

ဒေါက်တာဘမော်သည် အာဏာရှိစဉ်အချိန်က မြန်မာပြည်အစိုးရကို ဖွဲ့စည်းပြီး (နန်းရင်းဝန် ဝန်ကြီးချုပ်)အဖြစ်

ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မြန်မာတို့အကျိုးကို ထိခိုက်နစ်နာစေမည့် အင်္ဂလိပ်ငွေစက္ကူပြဿနာ၊ အင်္ဂလိပ်ကပြားနှင့်တရုတ်ပြဿနာ၊ ဘီအိုင်အေတပ်မတော်ကို ဂျပန်ကဖျက်သိမ်းလိုခြင်းစသည့်ပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ဂျပန်ဘာသာစကားကို ကျောင်းသုံးအဖြစ်လည်းကောင်း၊ ရုံးသုံးအဖြစ်လည်းကောင်း အသုံးပြုရန်အတင်းတိုက်တွန်းခြင်းကို ရဲဝံ့စွာငြင်းပယ်နိုင်ခဲ့သည်။ ရွှေတိဂုံစေတီတော်အား ခံတပ်အဖြစ် အသုံးပြု၍ မြန်မာနိုင်ငံအားစစ်မြေပြင်တစ်ခုအဖြစ် သုံးရန် ကြံရွယ်ခြင်းတို့ကိုလည်းတားမြစ်ခဲ့သည်။ ဂျပန်တို့၏ဆန္ဒနှင့်ဆန့်ကျင်၍ အတိုက်အခံလုပ်ခဲ့မှုကြောင့် အင်္ဂလိပ်၊ အမေရိကန်သူလျှိုအဖြစ် စွပ်စွဲခံရပြီး ၎င်းအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားသည်အထိဂျပန်တို့၏မုန်းတီးခြင်းခံခဲ့ရသည်။ ဂျပန်တို့သည် မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက်သောကြောင့် နိုင်ငံရေးညီညွတ်မှုရရန် ရည်ရွယ်ချက်ဖြင့် တို့ဗမာဆင်းရဲသား အစည်းအရုံးကြီးကို ထူထောင်ခဲ့သည်။ ၁၉၄၃ခုနှစ် ဩဂုတ်လ၁ရက်နေ့တွင် ဂျပန်တို့က မြန်မာနိုင်ငံလွတ်လပ်ရေးကို

ကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ရာထူးနှင့် တပ်မတော်၏ စစ်သေနာပတိချုပ်လည်းဖြစ်လာသည်။ ထို့ပြင် ''ဗမာ့ခေတ်သစ်''စီမံကိန်းကိုရေးဆွဲ၍ မြန်မာလူမျိုးအကျိုး၊ နိုင်ငံအကျိုးကို များစွာဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ၁၉၇၇ မေ ၂၉ နံနက် ၁၀း၄၅နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၈၁ (က)နေအိမ်၌ ကွယ်လွန်သွားခဲ့လေသည်။ ကွယ်လွန်ချိန်၌ အသက် ၈၄နှစ်ရှိပြီး သားသမီးများမှာ ဒေါ်တင်ဇာမော် (ဗိုလ်ရန်နိုင်)၊ ဦးဇာလီမော်၊ ဒေါက်တာမာလာမော်၊ ဒေါက်တာသီတာမော် (Dr.W. Sturlevant) ၊ ဒေါ်ဥမ္မာမော် (ဦးရဲထွန်း)၊ ဦးဗညားမော် (ဒေါ်ကြူကြူ)၊ ဦးနေတာမော်တို့ ကျန်ရစ်ခဲ့သည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၃၁-၅-၇၇)ရက် နံနက် ၁၁နာရီတွင် ကြံတောသုသာန်သို့ ပို့ဆောင်၍ သင်္ဂြိုဟ်ခဲ့သည်။

**ရဲသွေးထက်**


**စုစည်းတင်ပြသည်။**



ဆရာကြီးသခင်ကိုယ်တော်မှိုင်း



ဆရာကြီးသခင်ကိုယ်တော်မှိုင်း



ဆရာစံအား သာယာဝတီထောင်မှ ရုံးထုတ်စဉ်



ဗိုလ်မိုးကြိုး

ဗမာ့လွတ်လပ်ရေး ကြေညာစာတမ်း

ဗမာနိုင်ငံတော်သည် အင်္ဂလိပ်တို့၏ လစ္ဆ အမ်ိး ဖိုက်ဆါး ဖြင့်၊ ကို နှစ်ပေါင်း ၅၀ ကျော်မျှ ခံခဲ့ရပြီး နောက် ၁၉၄၃ နေ့ရာနှစ် သန်နေ့ရာ ပုရိဖြစ်ပေသော တန်ခိုး၊ ဦးစီ လွတ်လပ်ခြင်း အချုပ် အခြာ အာဏာပိုင်ရှိပေသော ကမ္ဘာ့နိုင်ငံတော်ကြီး များ၏ အဆင့်အတန်း သို့ ဥာဏ် ဥစ္စာမိတွင် ပြန်လည်ရောက်ရှိလာရပြီ။ ဗမာနိုင်ငံတော်သည် ကာလအရှည်ကြာမြင့်စွာကပင် ရာဇဝင် အဆက်မပြတ် လွတ်လပ်သော နိုင်ငံတော်ဖြစ်ခြင်း ကမ္ဘာတွင် ဦး မား မား ပြင်ပြင် ပြာ၊ ပြာ၊ ဝင့်ခဲ့လေသည်။ ဗမာနိုင်ငံ၏ ဂုဏ်ရောင်သည်လည်း ထိုအခါ အာရှတွင် ကောင်း ကင်ဖြစ် ဝယ် နေသွင် လမ္ဘယ် လွှမ်း လွှမ်း ပြယ်၍ ဗမာ့လက်နက်နိုင်ငံတော်ကြီး သည်လည်း အင်္ဂ အနောက် တောင် မြောက်ဝယ လေး မျက် နှာပတ်ပတ် တောင်အထပ်ထပ်ကို ဖြတ်ကျော်နယ်ဖြန့် နိုင်ငံတော် ပြန့်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် ဂုဏ်ရောင်တောက်ပြောင်၍ တန်ခိုးကြီး မား သော သာ၊ တောင်၊ ရတနာတို့ ထွန်းကား ပေါကြွယ်ဝရာ နိုင်ငံတော်လည်း ဖြစ်ခဲ့လေသည်။ ရဲမက်အင်အား လုံးကြီး မား၍ ရိုးဖြောင့်သော စည်းကမ်းပြည့်ဝခြင်း ခံ့ညားသော နိုင်ငံတော်လည်း ဖြစ်ခဲ့လေသည်။ ဗမာနိုင်ငံတော်သည် လူဝင်အိမ်၊ ထို၏ ထိုး တက်ရာတို့၊ တက်ကြောင်း ကိုလည်း ထင်လောင်း ဖြည့်ရှက် ဆောင်ရွက် ဘောင်မြင်ခဲ့လေသည်။ ပုဂံပြည်ကြီး နှင့် တကွ လှပတင့်တယ် ရှုမငြီးဖွယ်ဖြစ်သော ရှ ကျောင်း ပုထိုး ဗမာ့လက်ရှမ်း အမြဲ မြဲ သည် ထိုသို့ ထိုး တက်ရာ ထိုး တက်ကြောင်း ၏ အထွင်အထိမ်းဖြစ်သည်မှာ ယခုတိုင် အထင်အရှား ဖြစ်လေသည်။

အင်္ဂလိပ်တို့ ကျူးကျော်ခေါ်ကာ၊ ဖြင့်၊ မပြု ဓိ တာသ ရှည်ကြာ စွာကပင် ထင်ရှား ခဲ့သော ဗမာတို့၏ ရာဇဝင်နှင့်အမိုင်း တွင် ဗမာတို့သည် အဆက်မပြတ် တိုက်ခိုက်သမျှသော စစ်ပွဲတို့၌ ရန်သူ ဗျာသမှုကို မရှုတ်မရိုင်း ရှုတ်ငိုင်း၊ မြို့ နှင့်၍ မိမိတို့၏ လွတ်လပ်ရေး ကို ထိန်း၊ သိမ်း၊ ခေါင်ရှောက်ခဲ့သောအကြောင်း ကား၊ အထင်အရှား ရှိပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဗမာနှင့်အင်္ဂလိပ်တို့ စစ်ကြီး ၃ကြိမ်ဖြစ်ပွါး ပြီး သည်မှ အဆုံး၌ ဗမာနိုင်ငံတော်သည် မိမိ ၏ လွတ်လပ်ရေး ကို မဆုံး ရှုံး စေကုန်း ဆုံး ရှုံးခဲ့ရလေသည်။ အာရှ တိုက်တွင် သူရဲ၊ ဥာဏ် ထား၊ ပြဥာဏ်ကို အစဉ်လက်ဆုံ ပြုသော အင်္ဂလိပ်တို့သည် အထက်ပါ စစ်ပွဲများ ကို ဆင်နွှဲစဉ်အခါ အာရှ တိုက်ကြီး မှာ စည်၊ လုံ၊ ညီညွတ်ခြင်း မရှိသည်အဖြစ် ရဝံကိုက် ရိုက် ရန်

သာ၍မြတ်သော လုံခြုံရေး၊ လွတ်လပ်ရေး၊ လည်း၊ မြို့၊ ရုံး၊ ဆေး၊ ရေး၊ ဗမာတို့အတွက်အကျိုးဖြစ်စေသော ဤလုပ်ငန်းများသည် ဤ၏စာပြီး ကိုအောင်မြင်မှုသာလျှင်ပြီး၊ ဖော်ဆောင်နိုင်ပေမည်။ ထို့ကြောင့် ဗမာတို့သည်ဤ၏စာပြီး ကိုအောင်မြင်စေရန် မိမိတို့ကိုယ်ကိုလုံး ဝ အပ်နှံ၍ ပူဇော်ကြရလေသည်။

ဒီ့ပြင် ချစ်လိုသည်မှာ ဗမာနိုင်ငံတော်သစ်ကို အတည်ဖြစ်လျက်ရှိနေသော ဆိုင်ရာတရား၊ ဥပဒေများ၊ နှင့်ဘာသာပြန်ရေး ဥပဒေများ၊ အရ တစေ့မကြာမီ ဘာသာပြန်မည်ဟု ဖေါ်ပြလိုက်သည်။ ဤဘာသာပြန်သဖြင့် ဗမာနိုင်ငံတော်သားတိုင်း၊ ရှိရှိ အပေါင်း၊ တို့သည် ဝေ့ဘင်း၊ မှန်သောဘာသာပြန်ကိုစောင့်ရှုရမည်ဖြစ်ရ မည်။ တရား၊ လမ်း၊ မှန်ကြမ်းကိုလည်း၊ စောင့်ရှုရမည် ဖြစ်ရမည်။ တရား၊ အဖြစ်ရသင့်ရှိသော အရှင်အရေး၊ အား၊ လုံး၊ တို့လည်း၊ စောင့်ရှုရမည်ဖြစ်ရမည်။

ဗမာတို့သည် မိမိတို့ကိုယ်ကို ပိုင်းဖြစ်သော ဘာသာပြန်မှုစီမံရေး အဖွဲ့မှတဆင့် ဗမာ့လွတ်လပ်ရေး နှင့် ဗမာနိုင်ငံတော်သစ်ကို တည်ထောင်ရာ၌ ချစ်ရန် အခြေခံ ဥပဒေ၊ များ၊ ကို ဤနေရာ၌ သန့်ရှင်းစွာပြန်၍ ကြေညာလိုက်သည်။ ဤကြေညာချက်သည် ဗမာ့ တမိုင်လုံး၊ မ်အလိုဖြစ်ရတော့ ဤကြေညာချက်အတိုင်း၊ တစေ့မကြာမီ လိုက်နာဆောင်ရွက်မည်။ ဗမာအပေါင်း၊ တို့သည် ဤကြေညာချက် အတိုင်း၊ ထမ်းဆောင်ခြင်းသည်အထိ အမှန်၊ တန်ဆောင်ရွက် မည်ဟု သန္နိဋ္ဌာန်ချလိုက်သည်။ ဤလုပ်ငန်း ဤသို့ ဤကြေညာချက်ရှိ အတွက် နတ်လူအပေါင်း၊ တို့သည် သက်သေအဖြစ်တည်ကြပါစေရန် သတည်း။

ဥက္ကဋ္ဌ
ဗမာ့ဘာသာပြန်မှုစီစဉ်ရေးအဖွဲ့

ရန်ကုန်နေပြည်တော်၊
၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်။

ဗမာ့လွတ်လပ်ရေးကြေညာစာတမ်း



ဂျီစီဘီအေသမ္မတ
ဦးစိုးသိန်း



ဒေါက်တာဘမော်ကို ဂျပန်စစ်ဘက်ဆိုင်ရာအရာရှိများ
နှင့်အတူတွေ့ရစဉ်

ဥဝ်စံစးဥ်ဂွ်းလေးငါခင်ကြိမ်ထ
ယးငါခစ္စးရုဂုယလါဲဂ္ဂါက်ငြ(းဖုံးငါးငြ[illegible]ဝဥဂစ်ခ)းဖုံဝးဥဝိဝေး







ဂျပန်ပေးသည့်လွတ်လပ်သည့်မြန်မာပြည်၏ လွတ်လပ်ရေးနေ့ အခမ်းအနား
အကြောင်းနှင့် နိုင်ငံတော်အဓိပတိကြီး ဒေါက်တာဘမော်ပုံကို
ဂျပန်သတင်းစာ၌ ဖော်ပြထားစဉ်



ဂျပန်နိုင်ငံမှပြန်ရောက်ပြီး ရန်ကုန်မြို့နတ်မောက်လမ်းနေအိမ်၌
ဒေါက်တာဘမော်နှင့်ဇနီးဒေါ်ခင်မမမော်တို့အားတွေ့ရစဉ်



၁၉၄၃၊ မေ၊ ၂၇ရက်နေ့တွင် တိုကျိုရေဒီယိုမှ နိုင်ငံတော်အဓိပတိကြီး
ဒေါက်တာဘမော် မိန့်ခွန်းပြောကြားနေစဉ်၊



[illegible]
[illegible]



၁၉၄၃၊ နိုဝင်ဘာ၊ ၆ရက်နေ့၌ ဒေါက်တာဘမော်နှင့် အိန္ဒိယအမျိုးသား
ခေါင်းဆောင်ဆူဘတ်ချန်ဒရာဗို့စ်တို့ တွေ့ဆုံဆွေးနွေးနေစဉ်



[illegible]



ဒေါက်တာဘမော်နှင့်ဇနီးဒေါ်ခင်မမမော်တို့အား ဂျပန်ခေတ်ကတွေ့ရစဉ်



ဒေါက်တာဘမော် ဇနီးမောင်နှံအား မိသားစုနှင့်အတူတွေ့ရစဉ်



၁၉၄၃ ခုနှစ်၊ မတ်လ ၂၂ ရက်၊ တိုကျိုမြို့၌ ဂျပန်ဘုရင်ဟီရိုဟီတို၏
တက်နေဝန်းတံဆိပ်နှင့်စလွယ် ချီးမြှင့်ခံရပြီးနောက် သခင်မြ၊
ဒေါက်တာသိန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ တွေ့ရစဉ်။



အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဆုဘတ်ချန်ဒရာဘို့စ်(ဝဲ)
နှင့်အတူ ဒေါက်တာဘမော် (အလယ်) အားတွေ့ရစဉ်



ဒေါက်တာဘမော်၏ အစ်ကို
ဒေါက်တာဘဟန်နှင့် ဇနီး



ဒေါက်တာဘမော်နှင့် သားဇာလီမော်



ဒေါက်တာဘမော်နှင့်
ကြင်ယာတော် ဒေါ်ခင်မမမော်



ဂျပန်နိုင်ငံ နီဂါတာမြို့ဂိုတာဇာဝါ တောင်ခြေမြို့ကလေးရှိ ယာကူမှိရိဂျိ
ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းရှိ ဒေါက်တာဘမော် အထိမ်းအမှတ်ပြတိုက်၌
ဒေါက်တာဘမော်၏သမီး ဒေါ်ဥမ္မာမော်၊ မြေးဖြစ်သူ ယုဇာမော်ထွန်းနှင့်
မြစ်မဟေသီ၊ဘုန်းမော်ထွန်းတို့ အမှတ်တရဓာတ်ပုံရိုက်ကူးထားစဉ်



နီဂါတာမြို့ရှိ ဒေါက်တာဘမော် ဒုတိယကမ္ဘာစစ်အတွင်း ပုန်းအောင်းခဲ့သော
ဘုန်းတော်ကြီးကျောင်းကိုယခုအခါ ဂျပန်အစိုးရက
ဒေါက်တာဘမော်အထိမ်းအမှတ်ပြတိုက်ပြုလုပ်ထားရာ ဒေါက်တာဘမော်
မိသားစုများသွားရောက်လည်ပတ်စဉ်က အမှတ်တရဓာတ်ပုံ ရိုက်ကူးထားစဉ်




မကွယ်လွန်မီ တစ်နှစ်အလို ဇနီးဖြစ်သူဒေါ်ခင်မမမော်နှင့်အတူ
ဒေါက်တာဘမော်အား တွေ့ရစဉ်



နိုင်ငံတော်အဓိပတိကြီးဟု တစ်ချိန်ကကျော်ကြားခဲ့သော
ဒေါက်တာဘမော်အား ၁၉၆၀ ပြည့်နှစ်က တွေ့ရစဉ်



တစ်ချိန်က မြန်မာနိုင်ငံရေးလောက၌ ထင်ရှားခဲ့သော
အဓိပတိကြီး ဒေါက်တာဘမော် (၁၈၉၃ - ၁၉၇၇)



ဒေါက်တာဘမော်နှင့် သားနှစ်ဦး



ဒေါက်တာဘမော်

# THE UNIVERSITY ENGLISH - MYANMAR DICTIONARY


BY

Dr. BA HAN

M.A., Ph.D., D.Litt.

of Lincoln's Inn, Barrister-at-Law

Professor Emeritus of Law

Yangon University



VOLUME THREE

ဒေါက်တာဘဟန်ပြုစုခဲ့သော

အင်္ဂလိပ်-မြန်မာ အဘိဓာန်



ယာယီသမ္မတကြီးစပ်ရွှေသိုက်



ဂျပန်ကပေးခဲ့သော လွတ်လပ်သည့်မြန်မာပြည်၏အစိုးရအဖွဲ့သစ်၏
နိုင်ငံတော်အဓိပတိကြီး (ဝန်ကြီးချုပ်) ဒေါက်တာဘမော်ပုံတူဆီဆေးပန်းချီကား
အဆိုပါပန်းချီကားကို ဂျပန်နန်းတွင်းပန်းချီကျော်တစ်ဦးက ရေးဆွဲခဲ့သည်။



ဒေါက်တာဘမော်နှင့် ဂျပန်စစ်ဘက်ဆိုင်ရာခေါင်းဆောင်များအား



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တစ်ချို့



လန်ဒန်မြို့ ဒေါင်းနင်းလမ်း၊ အမှတ် (၁၀)၊ ဗြိတိသျှနန်းရင်းဝန်ရုံးစန်းရှေ့၌
ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား
ဗြိတိသျှနန်းရင်းဝန်အက်တလီနှင့် အစိုးရအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်



သခင်ဗစိန်



ဗြိတိသျှနန်းရင်းဝန်အက်တလီ

သားသမဂ္ဂက ကန့်ကွက်သော ဆာမြဘူးအစီရင်ခံစာကိုလည်း တဖန်ပြန်လည်သုံးသပ်၍ အသစ်စီမံချက်များကို သမဂ္ဂ ကိုယ်စားလှယ်များနှင့် ဆွေးနွေးဆောင်ရွက်မည်ဖြစ်ကြောင်းများ ကို ပြောကြားကြေညာသဖြင့် ကျန်သပိတ်မှောက်ကျောင်းသား များ ကျောင်းသို့ပြန်၍ဝင်ကြလေသည်။